# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၇)၊ အမှတ် (၃၁၀)


# အာဆီယံဟာ ယနေ့ချိန်ခါမှာ သမားရိုးကျနဲ့ သမားရိုးကျမဟုတ်တဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရ ရင်ဆိုင်ဖြေရှင်းတဲ့နေရာမှာ အာဆီယံအသင်းကြီးဟာ အခြေခံအုတ်မြစ်ဖြစ်တဲ့ စုပေါင်းအင်အားကို ထုတ်ဖော်ပြသနိုင်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၅၁)နှစ်မြောက် အာဆီယံနေ့တွင် ပေးပို့သည့်သဝဏ်လွှာ**

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

**လေးစားအပ်ပါသောပြည်သူအပေါင်းတို့ခင်ဗျား-**

ဒီကနေ့ဟာ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)အသင်းကြီး ထူထောင်တာ (၅၁)နှစ်ပြည့်မြောက်တဲ့ အခါသမယဖြစ်ပါတယ်။ အရှေ့တောင်အာရှဒေသရှိ နိုင်ငံပေါင်း(၁၀) နိုင်ငံနဲ့ ဖွဲ့စည်းထားတဲ့ အာဆီယံအသင်းကြီးဟာ ဒေသတွင်းမှီတင်းနေထိုင်ကြတဲ့ ပြည်သူ သန်းပေါင်း(၆၀၀)ကျော်အတွက် ပိုမိုကောင်းမွန်တဲ့ မျှော်လင့်ချက်၊ ရည်မှန်းချက်နှင့် ယုံကြည်မှုတွေကို ဖော်ဆောင်ပေးဖို့ ရည်ရွယ်ချက်နဲ့ ခရီးဆက်လျက်ရှိပါတယ်။ ယနေ့ ကျရောက်တဲ့ အထိမ်းအမှတ်အခါသမယမှာ မြန်မာနိုင်ငံအတွင်းနဲ့ အာဆီယံဒေသတွင်းမှာ နေထိုင်ကြတဲ့ ပြည်သူပြည်သားများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း နှုတ်ခွန်းဆက် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများဟာ ယဉ်ကျေးမှုနဲ့ သမိုင်းအစဉ်အလာများအရ ရေးနှစ်ပေါင်းများစွာကတည်းက ဆက်စပ်ဆက်နွှယ်မှုများရှိခဲ့ကြပါတယ်။ ဒီဆက်စပ်ဆက်နွှယ်မှုများဟာ မတူကွဲပြား ခြားနားတဲ့ကြားက လက်ရှိစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာမှာ မိမိတို့ကို ပိုမိုစည်းလုံးစေပြီး၊ ကွဲပြားခြားနားမှုများကို လျော့နည်းစေကာ အာဆီယံကို ပိုမိုစည်းလုံးညီညွတ်စေခဲ့ပါတယ်။ *စာမျက်နှာ ၃ ကော်လံ ၁* ❀

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Peter Lysholt Hansen အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** သတင်းစဉ်

# ပခုက္ကူမြို့နယ်၌ ကျင်းပမည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများ စကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများ စကားဝိုင်း (Peace Talk) အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် ချောက်ကန် ကျေးရွာ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ mntv၊ SKY Net Up to Date၊ SKY Net တိုင်းရင်းသား၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်၊ MIR (Radio) နှင့် MOI Webportal Myanmar Facebook၊ MRTV Facebook၊ Myanmar Digital News Facebook၊ President Office၊ Myanmar State Counsellor Office နှင့် Information Committee Facebook တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပါကြောင်း သိရသည်။

**သတင်းစဉ်**


KBZ BANK
STRENGTH OF MYANMAR

'BANK OF THE YEAR IN MYANMAR 2017'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# ၈၈၈၈ ပြည်သူ့အရေးတော်ပုံကြီး နှစ်သုံးဆယ်ပြည့်ပြီ . . .

နှစ်ပေါင်းသုံးဆယ်ဟူသည် လူတစ်ဦးအဖို့ အရွယ်ရောက်ပြီဖြစ်သည့် သက်တမ်းတစ်ခုဖြစ်သည်။ တိုတောင်းလှသော နှစ်များမဟုတ်။ သို့သော်လည်း ထိုအနှစ်သုံးဆယ်ကို ဖြတ်သန်းခဲ့ရသော မြန်မာနိုင်ငံသားတို့အဖို့မူ ဘာမျှမကြာလှသေးသော ကာလတစ်ခုလို၊ မနေ့တစ်နေ့က အဖြစ်အပျက်များကဲ့သို့ ယနေ့တိုင် လတ်ဆတ်နေဆဲ ဖြစ်ပါသည်။

စိမ်းမြစိုစွတ်နေသည့် သမိုင်း။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအဖုံဖုံသော ကဏ္ဍအသီးသီးကို ဖိနှိပ် နှိပ်ကွပ်ခြင်းဖြင့် ပြည်သူတို့ကို အညွန့်ချိုးအုပ်ချုပ်ခဲ့သော တစ်ပါတီအာဏာရှင်စနစ်ကို တော်လှန်မြေမြှုပ်ခဲ့သော သမိုင်းဟု ဆိုချင်သည်။

အညွန့်ချိုးလေ ရှင်သန်တိုးပွားလေဖြစ်ခဲ့ရသော ပြည်သူလူထု၏ နိုင်ငံရေးနိုးကြားမှုက အာဏာရှင်တို့ကို မျက်ကလူးဆန်ပျာ ဖြစ်စေခဲ့သည်။

တစ်ပါတီအာဏာရှင်စနစ်ကို ခေါင်းမထူနိုင်အောင် တော်လှန်အံုကြွခဲ့သော ပြည်သူလူထုကြီးမှာ ဒီမိုကရေစီရရှိရေးကို အဓိကပန်းတိုင်အဖြစ်ထား၍ အသက်စွန့်ခဲ့ကြ၊ ဘဝများကို စွန့်ခဲ့ကြတာဖြစ်၏။

၁၉၆၂ တော်လှန်ရေးကောင်စီ အာဏာသိမ်းချိန်ကစကာ ၈၈၈၈ အရေးတော်ပုံကြီးအထိ ကျောင်းသားများနှင့် ပြည်သူလူထုတို့ တညီတညွတ်တည်း ရှိခဲ့ခြင်းကလည်း အရေးတော်ပုံ အောင်မြင်ဖို့အတွက် အခရာ ဖြစ်ခဲ့ပါသည်။

ဒီမိုကရေစီအရေးတော်ပုံကို ဖြတ်သန်းပါဝင် ရင်ဆိုင်ခဲ့ကြသော ပြည်သူလူထုမှာ ယနေ့ထိတိုင်အောင် ဒီမိုကရေစီပန်းတိုင်အရောက် ချီတက်နေကြဆဲလည်း ဖြစ်ပါ၏။

နှစ်သုံးဆယ်ကြာခဲ့ပြီ။ ပြည်သူတို့မျှော်လင့်ကြသည့် ငြိမ်းချမ်းရေးကလည်း ပြည့်ပြည့်ဝဝမရသေး။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်သို့ မရောက်သေး။

ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ကျကျနန ရောက်ရှိကြရသည်မှာပင် အချိန်မကြာသေးဟု ဆိုရပါမည်။

ရှေ့ဆက်ချီတက်ကြရဦးမည့် ခရီးက ရှိနေသေးမြဲ။ ပြည်သူ့အစိုးရ၏ ခေါင်းဆောင်မှု၊ ၈၈၈၈ အရေးတော်ပုံကြီး၏ စိတ်ဓာတ်ကို မြဲမြဲမြံမြံ ကိုင်စွဲထားမှု၊ ပြည်သူ့ညီညွတ်မှုစသည့် အင်အားတို့ဖြင့် ငြိမ်းချမ်းသော ဖက်ဒရယ်ပြည်ထောင်စု ပန်းတိုင်သို့ ဆက်လက်လျှောက်လှမ်းကြပါစို့။ ။

## ဆရာဝန်အသင်း သင်တန်းပို့ချမည်

**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံဆရာဝန်အသင်း စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Diagnostic Medical-Surgical Procedure Course (2018) သင်တန်းကို ဩဂုတ် ၁၈ ရက်မှ နိုဝင်ဘာ ၁၈ ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ သင်တန်းပို့ချမည် ဖြစ်သည်။

သင်တန်းတွင် ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးလိုပါသဖြင့် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (ဘီ) သို့ တက်ရောက်ကြရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် ဩဂုတ် ၁၃ ရက်မှ ၁၇ ရက်အထိ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း တက်ရောက်မည့်သူကိုယ်တိုင် အသင်းဝင်ကတ်၊ လိုင်စင်ဓာတ်ပုံ သုံးပုံဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်းတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## သန်လျင်၌ မူခင်းအသိပညာပေးဟောပြော

**သန်လျင် ဩဂုတ် ၇**

သန်လျင်မြို့နယ် ပြည်သူများ မူခင်းဆိုင်ရာ ဗဟုသုတများပြည့်ဝစေရေး၊ သက်ငယ်မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါးမှုခင်းများ ပပျောက်စေရေးအတွက် ဩဂုတ် ၇ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဦးထွန်းထွန်းဦးက အမှုထမ်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အသိပညာပေးဟောပြောရာ ပြည်သူများ၏ မေးမြန်းမှုအပေါ် မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**ကိုကြီးတင်**

## မိုင်းယု၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေး

**မိုင်းယု ဩဂုတ် ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ အသက်(၁၀)နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူ ၄၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုင်းယုမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ရှေ့တန်းရုံးမှ ဦးစီးမှူး ဦးသန့်ဇော်ဦးနှင့် ဝန်ထမ်းများက ဩဂုတ် ၆ ရက်တွင် ကွင်းဆင်းထုတ်ပေးခဲ့ကြောင်း သိရသည်။ ကျောင်းအုပ်ဆရာကြီး ဦးစိုင်းတင့်ဆန်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့ခြင်းဖြစ်ကာ ပြုလုပ်ပေးပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဦးစီးမှူးက ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်ခဲ့သည်။

**ကိုကိုနိုင်(ပြန်/ဆက်)**


လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ ( စနေ၊ တနင်္ဂနွေ၊ တနင်္လာ )

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။


## မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်မည်

**ရန်ကုန် ဩဂုတ် ၇**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်များ၏ သားသမီးများအား သတ္တမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်မည် ဖြစ်သည်။

ယင်းသို့ချီးမြှင့်ရာတွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ အသင်းဝင်ဖခင် (သို့မဟုတ်) မိခင်အနေဖြင့် ဂုဏ်ထူးရရှိထားသည့် အထောက်အထား၊ သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်း (သို့မဟုတ်) အမှတ်စာရင်းမိတ္တူ၊ အသင်းဝင်ဖခင် (သို့မဟုတ်) မိခင်၏ မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းအမှတ်၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ၏ (၄ × ၆ ) လက်မ ဓာတ်ပုံနှင့် ကိုယ်ရေးအကျဉ်း၊ သက်ဆိုင်ရာ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး၏ မှန်ကန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ စက်တင်ဘာ ၇ ရက် (သောကြာနေ့) နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် ၁၇၃/၁၇၅ ခုနစ်လွှာ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ လျှောက်ထားပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စီးပွားရေးနှင့် ငွေရေးကြေးရေးကဏ္ဍဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၇**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ IMF Resident Representative Mr. Yasuhisa Ojima၊ IMF Resident Advisor Ms. Irma Kikvidze တို့နှင့် လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးကို ယမန်နေ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးစဉ် လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးနှင့် ငွေရေးကြေးရေး ကဏ္ဍဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ဥပဒေနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ္ဍာရေးအစီရင်ခံတင်ပြခြင်းနှင့် ဌာနတွင်းစာရင်းစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုလဲမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး အရှိန်မြှင့်ဆောင်ရွက်လျက်ရှိ

**ပုလဲ ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်း ချင်ပြစ်ကျင်းကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက ရပ်ကွက်၊ ကျေးရွာများရှိ ဒေသခံပြည်သူများ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် ကြိုတင်ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မာက သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဟောပြောဆွေးနွေးခဲ့ပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက အသိပညာပေး လက်ကမ်းစာစောင်များကို ဒေသခံ ပြည်သူများထံသို့ ဖြန့်ဝေပေးခဲ့ပြီး တစ်အိမ်တက်ဆင်း ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ပုလဲမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ပြည်သူများအား အသိပညာပေးဟောပြောခြင်းနှင့် ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များက ဒေသခံပြည်သူများနှင့်အတူ လက်တွဲ၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## သီပေါ၌ မီနီမာရသွန်ပြိုင်ပွဲ ကျင်းပမည်

**သီပေါ ဩဂုတ် ၇**

ကျောင်းအခြေပြု ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် မီနီမာရသွန် အပြေးပြိုင်ပွဲ ကျင်းပရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး မြို့နယ် အားကစားမှူး ဒေါ်သန်းရွှေမာက မြန်မာနိုင်ငံတွင် အားကစားကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ လူငယ်လူရွယ်များ အားကစားကို စိတ်ပါဝင်စားလာစေရန်နှင့် လာမည့်စက်တင်ဘာလတွင် တောင်ကြီးမြို့၌ ကျင်းပမည့် မြို့နယ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုဖြင့် မြို့နယ်ပညာရေးဌာနနှင့် ပူးပေါင်းကာ အားကစားပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့ပြီး ဖွဲ့စည်းထားသော လုပ်ငန်းစီမံချက်များ ဖတ်ကြား၍ ဆပ်ကော်မတီများအလိုက် တာဝန်များပေးအပ်ခဲ့သည်။

သီပေါမြို့နယ်တွင် မီနီမာရသွန်နှင့် အားကစားပြိုင်ပွဲများကို ဩဂုတ် ၂၅ ရက် နံနက်မှစတင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

❀ **ရွှေဖုံးမှ**

၁၉၆၇ ခုနှစ်၊ ဩဂုတ်လ (၈) ရက်နေ့ အာဆီယံအဖွဲ့အစည်း စတင်ထူထောင်ခဲ့တဲ့ အချိန်ကာလဟာ ဒေသတွင်း မတူကွဲပြားမှုနဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရတဲ့ အချိန်ဖြစ်တဲ့အတွက် အသင်းကြီးရဲ့ရေရှည်တည်ရှိမှုအပေါ် သံသယတွေရှိခဲ့ပါတယ်။ ဒါပေမယ့် တူညီတဲ့ရည်မှန်းချက်နဲ့ ခိုင်မာတဲ့ဆုံးဖြတ်ချက်တို့က အာဆီယံကို ပိုမိုစည်းလုံးညီညွတ်ပြီး ပိုမိုခိုင်မာတောင့်တင်းစေခဲ့ပါတယ်။

၁၉၆၇ ခုနှစ်ကစပြီး စတင်အကောင်အထည်ဖော်လာခဲ့တဲ့ အဖွဲ့ဝင်နိုင်ငံများ အကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများဟာ တူညီဆန္ဒကို အခြေခံတဲ့ ချဉ်းကပ်မှုနည်းလမ်းများရဲ့ အခြေခံအုတ်မြစ်ဖြစ်ခဲ့ပြီး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို အထောက်အကူဖြစ်စေခဲ့ပါတယ်။

ယနေ့ကျရောက်တဲ့ (၅၁)နှစ်မြောက် အထိမ်းအမှတ်နေ့ကို ကျင်းပနေချိန်မှာ မိမိတို့အနေနဲ့ အလားအလာရှိတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းအဖြစ် ရပ်တည်စေတဲ့ ဗန်ကောက်ကြေညာစာတမ်းကို လက်မှတ်ရေးထိုးပြီး အာဆီယံအသင်းကြီးကို စတင်တည်ထောင်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ အမြော်အမြင်ကို မေ့လျော့မထားဖို့ တိုက်တွန်းလိုပါတယ်။ မိမိတို့အနေနဲ့ အာဆီယံကို စတင်ထူထောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးများရဲ့ ဉာဏ်အမြော်အမြင်၊ မျှော်မှန်းချက်နဲ့ အားထုတ်ကြိုးပမ်းမှုတွေကို ချီးကျူးဂုဏ်ပြုပြီး အာဆီယံရဲ့ ရှေ့အနာဂတ်ခရီးလမ်းမှာ အခြေခံအုတ်မြစ်များအဖြစ် လက်ဆင့်ကမ်း အသုံးပြုသွားကြရမှာ ဖြစ်ပါတယ်။

**လေးစားအပ်ပါသောပြည်သူအပေါင်းတို့ခင်ဗျား-**

အာဆီယံအနေနဲ့ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုတိုးမြှင့်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲပြီး အခိုင်အမာပေါင်းစည်းတဲ့ စီးပွားရေးကို တည်ဆောက်ရေးနဲ့ အာဆီယံပြည်သူများရဲ့လူနေမှုဘဝတိုးတက်မြင့်မားစေရေးတို့အတွက် တူညီတဲ့မျှော်မှန်းချက်နဲ့ ခိုင်မာတဲ့ ကတိကဝတ်ရှိပါတယ်။

(၅၁)နှစ်တာဖြတ်သန်းခဲ့ကြပြီးတဲ့နောက် ယနေ့အချိန်မှာ အာဆီယံအသင်းကြီးဟာ လျော့ရဲတဲ့အဖွဲ့အစည်းတစ်ခုအဖြစ်ကနေ ကိုယ်ပိုင်ပဋိညာဉ်၊ ဥပဒေကြောင်းအရ တည်ရှိမှုနဲ့ ဥပဒေကိုအခြေခံတဲ့ အဖွဲ့အစည်းကြီးအဖြစ် ပြောင်းလဲရပ်တည်လျက်ရှိပါတယ်။ အာဆီယံအနေနဲ့ နိုင်ငံရေးအရ ညီညွတ်ပြီး၊ စီးပွားရေးအရပေါင်းစည်းကာ လူမှုရေးအရတာဝန်ယူမှုရှိတဲ့ ပြည်သူကိုဦးတည် ပြည်သူကိုဗဟိုပြုပြီး ဥပဒေကို အခြေခံတဲ့ အာဆီယံအသိုက်အဝန်းအဖြစ် ရှေ့ဆက်လျှောက်လှမ်းလျက်ရှိပါတယ်။

အာဆီယံဟာ ယခုအချိန်မှာ စီးပွားရေးအရ မှန်မှန်တိုးတက်လျက်ရှိပြီး ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးတိုးတက်မှုအမြန်ဆုံး ဈေးကွက်တစ်ခုဖြစ်လာခဲ့ပါတယ်။ ယခုအခါ အာဆီယံဟာ ကမ္ဘာမှာ ဆဋ္ဌမမြောက်အကြီးဆုံး စီးပွားရေးအသိုက်အဝန်းကြီး တစ်ခုအဖြစ် ရပ်တည်ပြီး ၂၀၃၀ ပြည့်နှစ်မှာ ကမ္ဘာ့စတုတ္ထမြောက် အကြီးဆုံး တစ်ခုတည်းသော ဈေးကွက်အဖြစ် ဖော်ဆောင်နိုင်ဖို့ မျှော်မှန်းထားပါတယ်။ ဒါ့အပြင်

**အားလုံးပါဝင်ပြီး စည်းလုံးညီညွတ်ကာ တီထွင်ဆန်းသစ်မှုရှိတဲ့ အာဆီယံအသိုက်အဝန်းကို အကောင်အထည်ဖော်တဲ့နေရာမှာ အာဆီယံဟာ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနဲ့ သဘာဝအရင်းအမြစ် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာတို့မှာ ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် ပြည်သူများရဲ့လူနေမှုအဆင့်အတန်း မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

အာဆီယံ ဒေသဟာ ကမ္ဘာပေါ်မှာ တတိယမြောက် လုပ်သားအင်အားအများဆုံးဖြစ်ပြီး၊ ကြီးမားတဲ့လုပ်သားဈေးကွက် ရှိနေခြင်းဟာလည်း ဒေသအတွက် ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာဖို့ အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါတယ်။

အာဆီယံအဖွဲ့အစည်းဟာ တန်းတူညီမျှရှိခြင်း၊ အပြန်အလှန်လေးစားခြင်း၊ တူညီတဲ့ ကတိကဝတ်နဲ့ စုပေါင်းတာဝန်ယူခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းနဲ့ တူညီဆန္ဒ၊ ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းခြင်း စတဲ့ အာဆီယံလမ်းစဉ်အပေါ် အခြေခံပြီး အာဆီယံအသိုက်အဝန်းကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ အလားတူပဲ အာဆီယံအဖွဲ့အစည်းဟာ အာဆီယံပြည်သူများရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြှင့်တင်ဖို့အတွက် ၂၀၁၅ ခုနှစ်မှာ အာဆီယံခေါင်းဆောင်များ သဘောတူချမှတ်ခဲ့တဲ့ **“၂၀၂၅ ခုနှစ် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်”**နဲ့ ကုလသမဂ္ဂအဖွဲ့က ချမှတ်ခဲ့တဲ့ **“စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (၂၀၃၀)”**တို့ရဲ့ အပြန်အလှန်သဟဇာတဖြစ်မှုရဲ့ အရေးပါမှုကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံအသိုက်အဝန်းအနေနဲ့ ကြိုးပမ်းအားထုတ်မှုများကြောင့် သိသာထင်ရှားတဲ့ အောင်မြင်မှုများစွာ ရရှိခဲ့ပေမယ့်လည်း အာဆီယံဟာ ယနေ့အချိန်အခါမှာ သမားရိုးကျနဲ့ သမားရိုးကျမဟုတ်တဲ့ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ နိုင်ငံဖြတ်ကျော်မှုခင်း၊ အကြမ်းဖက်တိုက်ခိုက်မှု၊ ဆိုက်ဘာလုံခြုံရေး၊ ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု၊ အစားအစာနဲ့ စွမ်းအင်ဖူလုံရေးစတဲ့ အားလုံးနဲ့သက်ဆိုင်တဲ့ စိန်ခေါ်မှုတွေဖြစ်ပြီး ၎င်းတို့ကို ရင်ဆိုင်ဖြေရှင်းတဲ့နေရာမှာ အာဆီယံအသင်းကြီးဟာ အခြေခံအုတ်မြစ်ဖြစ်တဲ့ စုပေါင်းအင်အားကို ထုတ်ဖော်ပြသနိုင်တဲ့အပြင် စိန်ခေါ်မှုတွေကို ကြံ့ကြံ့ခံနိုင်မှုရှိလာပြီး ပိုမိုစည်းလုံးညီညွတ်လာခဲ့ပါတယ်။ ဒါ့ကြောင့်၊ ၂၀၁၈ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌက အနာဂတ်စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြေရှင်းနိုင်ပြီး မိမိတို့ရဲ့ ကြိုးပမ်းအားထုတ်မှုကို ပိုမိုခိုင်မြဲစေဖို့ ရည်ရွယ်ပြီး **“ကြံ့ခိုင်၍ တီထွင်ဆန်းသစ်မှုရှိသည့် အာဆီယံ”**ဆိုတဲ့ ဦးတည်ချက်ကို ချမှတ်ခဲ့တာဖြစ်ပါတယ်။ ဒါဟာ လျော်ကန်သင့်မြတ်မှုရှိပြီး အချိန်ကိုက်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

**လေးစားအပ်ပါသော ပြည်သူအပေါင်းတို့ခင်ဗျား-**

အားလုံးပါဝင်ပြီး စည်းလုံးညီညွတ်ကာ တီထွင်ဆန်းသစ်မှုရှိတဲ့ အာဆီယံအသိုက်အဝန်းကို အကောင်အထည်ဖော်တဲ့နေရာမှာ အာဆီယံဟာ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနဲ့ သဘာဝအရင်းအမြစ် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာတို့မှာ ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် ပြည်သူများရဲ့ လူနေမှုအဆင့်အတန်းမြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တူညီတဲ့သွင်ပြင်လက္ခဏာကို ဖော်ဆောင်ဖို့ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်မှုနဲ့ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုကို အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ တာဝန်သိတဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ အာဆီယံအသိုက်အဝန်းလမ်းပြမြေပုံ အကောင်အထည်ဖော်ခြင်း၊ ဒေသတွင်း ပေါင်းစည်းညီညွတ်ခြင်းနဲ့ အာဆီယံအသိုက်အဝန်း တည်ထောင်ခြင်းတို့မှာ အခြား အာဆီယံအဖွဲ့ဝင်နိုင်ငံများနဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့် ယနေ့အချိန်အခါသမယမှာ ဒေသတွင်းနဲ့ နိုင်ငံတကာရဲ့ တည်ငြိမ်အေးချမ်းမှုနဲ့ သာယာဝပြောမှုကို အထောက်အကူဖြစ်စေမယ့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ အာဆီယံအသိုက်အဝန်းထူထောင်မှုလုပ်ငန်းစဉ်တို့မှာ ဆတက်ထမ်းပိုးကြိုးပမ်းအားထုတ်ပြီး တက်ကြွစွာပူးပေါင်းပါဝင်ဖို့ ပြည်သူတစ်ရပ်လုံးကို အားပေးတိုက်တွန်းလိုက်ရပါတယ်။ ။


# ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာရေးထိုး၍ နည်းပညာဆိုင်ရာ ကူညီပံ့ပိုးနေမှု အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးအား ကုလသမဂ္ဂမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး အစီအစဉ် (UN-Habitat) မှ Country Programme Manager, Mr. Bijay Karmacharya နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သော အဖွဲ့တို့က ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

UN- Habitat အဖွဲ့နှင့် တွေ့ဆုံစဉ် မိမိတို့အနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် နားလည်မှုစာချွန်လွှာ ရေးထိုး၍ နည်းပညာဆိုင်ရာကူညီပံ့ပိုးနေမှုများ၊ ရခိုင်ပြည်နယ်တွင် နိုင်ငံတွင်း ပြန်လည်ဝင်ရောက်လာသူများအတွက် ပြန်လည်နေရာချထားရေး ဆောင်ရွက်ရာတွင် UN- Habitat မှ အကြံဉာဏ်နှင့် နည်းပညာဆိုင်ရာ အထောက်ပံ့များအား ရှင်းလင်းဆွေးနွေးသည်။


မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ UNHCR နှင့် UNDP တို့အကြား ရေးထိုးထားသော နားလည်မှုစာချွန်လွှာအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် နည်းပညာလုပ်ငန်းအဖွဲ့မှ ရခိုင်ပြည်နယ်သို့ ကွင်းဆင်းသွားရောက်ခဲ့သည့် ကိစ္စ၊ လူမှုသဟဇာတဖြစ်မှုအား ရှေးရှု၍ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အား စံပြမြို့နယ်အဖြစ် တည်ထောင်မည့်ကိစ္စရပ်များ၊ ယာယီခိုလှုံရေးစခန်းများ စနစ်တကျ ပိတ်သိမ်းနိုင်ရေးအတွက် ယာယီခိုလှုံရေးစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာ ချမှတ်နိုင်ရေး ဆောင်ရွက်နိုင်မှုများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းများနှင့် အမေရိကန်နိုင်ငံအနေဖြင့် လိုအပ်သည့်နေရာများတွင် ကူညီပံ့ပိုးပေးနိုင်ရေးကိစ္စများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များကို ဇူလိုင် ၂၇ ရက်မှစတင်၍ အမေရိကန်ဒေါ်လာများရောင်းချပေးနေ

**ရန်ကုန် ဩဂုတ် ၇**



အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ လဲလှယ်နှုန်း တည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များကို ဇူလိုင် ၂၇ ရက်မှစတင်၍ အမေရိကန်ဒေါ်လာများ ရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းက ပြောသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များကို ရောင်းချပေးသည့် ဒေါ်လာပမာဏမှာ တစ်ရက်လျှင် တစ်သိန်းဝန်းကျင်ရှိပြီး ဇူလိုင် ၂၇ ရက်မှ ယနေ့အထိ အမေရိကန်ဒေါ်လာ ရှစ်သိန်း ရောင်းချပေးပြီးဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြည်တွင်းပုဂ္ဂလိကဘဏ်များကို အမေရိကန်ဒေါ်လာများ ပိုမိုမြှင့်တင်ရောင်းချပေးသွားရန် အစီအစဉ်ရှိကြောင်းလည်း သိရသည်။

ဗဟိုဘဏ်က ထိုသို့ အမေရိကန်ဒေါ်လာများ ရောင်းချပေးနေသော်လည်း ပြည်တွင်းငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုး ဆက်လက်မြင့်တက်လျက်ရှိရာ ဩဂုတ် ၆ ရက်က နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၄၅၇ မှ ၁၄၆၄ ကြားရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေဈေးကွက်၏ အနေအထားကို ပုံမှန်စောင့်ကြည့်စစ်ဆေးနေပြီး ဈေးကွက်အတွင်း နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ် ဖြစ်စေမည့် ဈေးကစားမှုများကို ကြပ်မတ်ကွပ်ကဲလျက်ရှိကြောင်း၊ ထို့ပြင် ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်းသည် ဘဏ်အချင်းချင်းအကြား အရောင်းအဝယ်ရှိမှုအပေါ် အခြေခံတည်သတ်မှတ်နေခြင်းကြောင့် ဈေးကွက်နှင့် အနီးစပ်ဆုံးဖြစ်သည့် ဈေးနှုန်းတစ်ရပ်ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းလည်း ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်းက ပြောကြားခဲ့သည်။

**ခင်မောင်ထွေး(သတင်းစဉ်)**

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေ

**နေပြည်တော် ဩဂုတ် ၇**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရေဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။ **မိုး/ဇလ**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် အစ္စရေးနိုင်ငံသံအမတ်ကြီး H. E. Mr. Daniel Zonshine အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အစ္စရေး နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံလွှတ်တော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အစ္စရေးနိုင်ငံသံအမတ်ကြီး H. E. Mr. Daniel Zonshine အား လက်ခံတွေ့ဆုံစဉ်။**

# ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၇**

ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်သည် အင်ဒိုနီးရှားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr. Laode Muhammad Syarif အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းများ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်ရသည့် အခန်းကဏ္ဍ၊ အဂတိလိုက်စားမှုဆိုင်ရာ မှုခင်းများကို တရားစွဲဆိုရာတွင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံဖြတ်ကျော်ကျူးလွန်သည့် အဂတိလိုက်စားမှုဆိုင်ရာမှုခင်းများကို စုံစမ်းစစ်ဆေးအရေးယူရာတွင် နှစ်နိုင်ငံအဖွဲ့အစည်းများအကြား အပြန်အလှန်အထောက်အကူပေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ဆောင်ရွက်မှုများကို ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် ဂျာမနီနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၇**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mrs. Dorothee Janetzke-Wenzel နှင့်အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး၊ အသိပညာပေးရေးတို့နှင့်ပတ်သက်၍ ဆောင်ရွက်နေသည့် အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ သတင်းပေးတိုင်ကြားသူများအား အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံအစိုးရနှင့် စင်ကာပူနိုင်ငံ ပုဂ္ဂလိကကုမ္ပဏီများက ရေဘေးသင့်ဒေသများအတွက် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဩဂုတ် ၇**

ရေဘေးသင့်ဒေသများရှိပြည်သူများ၏ လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဂျပန်နိုင်ငံအစိုးရမှ လှူဒါန်းသည့် ယန်း ၁၇ သန်းတန်ဖိုးရှိ ယာယီနေထိုင်ရန် မိုးကာတဲ အလုံး ၁၀၀၀ နှင့် ရေသိုလှောင်နိုင်သည့် ပလတ်စတစ်ကန် ၂၅ လုံးအား ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှတစ်ဆင့် လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီခွဲက လည်းကောင်း၊ ရေဘေးသင့်ဒေသများတွင် သောက်သုံးရေသန့်များအလွယ်တကူရရှိနိုင်စေရန်အတွက် စင်ကာပူနိုင်ငံရှိ ပုဂ္ဂလိက ကုမ္ပဏီလေးခုမှ တစ်လုံးလျှင် စင်ကာပူဒေါ်လာ ၉၅၀၀ တန်ဖိုးရှိ ရေသန့်စက် စုစုပေါင်းငါးလုံး လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့ညနေ ၄ နာရီကလည်းကောင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပသည်။




အဆိုပါ အလှူပစ္စည်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ဂျပန်နိုင်ငံအစိုးရနှင့် စင်ကာပူနိုင်ငံ ပုဂ္ဂလိကကုမ္ပဏီများမှ ပေးအပ်သော အလှူပစ္စည်းများဖြစ်သည့် မိုးကာတဲများ၊ ရေသိုလှောင်ကန်များနှင့် ရေသန့်စက်များကို ရေဘေးဒဏ်ခံစားကြရသည့် ဒေသများသို့ အမြန်ဆုံးဖြန့်ခွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်နှင့် တပ်ကုန်းမြို့နယ်တို့တွင် မြေအောက်ရေအသုံးပြု၍ မိုးသီးနှံလျှာထား ဧက ၄၈၆၀ အား စိုက်ပျိုးရေ ပေးဝေလျက်ရှိ

**နေပြည်တော် ဩဂုတ် ၇**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် မြေအောက်ရေရရှိရန် အလားအလာကောင်းသည့် နေရာဒေသများကို ရှာဖွေဖော်ထုတ်၍ မြေအောက်ရေဖြင့် စိုက်ပျိုးရေပေးဝေနိုင်ရေးဆိုင်ရာ လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ် မိုးရာသီကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ယင်းမာပင်ခရိုင်၊ မုံရွာခရိုင်နှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်တို့အတွင်း မြေအောက်ရေအသုံးပြု၍ မိုးစပါးဧက ၃၇၆၀ နှင့် အခြားသီးနှံဧက ၁၁၀၀ စုစုပေါင်း စိုက်ပျိုးမြေဧက ၄၈၆၀ ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ယခင်က စိုက်ပျိုးရေးလုပ်ငန်းများအတွက် သဘာဝမိုးရေကိုသာ မှီခိုအားထားစိုက်ပျိုးခဲ့ရသောဒေသများမှာ ယခုအခါ မြေအောက်ရေအလားအလာကောင်းသည့် နေရာဒေသများဖော်ထုတ်၍ မြေအောက်ရေစက်ရေတွင်းများ တူးဖော်ပေး၍ စိုက်ပျိုးရေပေးဝေနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်ကုန်များ တိုးတက်ရေး၊ စိုက်ဧကများ တိုးတက်ရေး၊ သီးနှံအထွက်နှုန်းများ တိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် မြေအောက်ရေ ဖော်ထုတ်အသုံးချခြင်းလုပ်ငန်းများကိုလည်း နိုင်ငံတော်အနေဖြင့် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းအားထုတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၇**

လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့မွန်း လွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့စည်းဝေး



**နေပြည်တော် ဩဂုတ် ၇**

ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း (၂၀၁၇ - ၂၀၂၁) အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့ဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့် ဦးဆောင်သော အဖွဲ့ဝင်များ၊ UN-ACT (မြန်မာ) မှ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ရင်ရင်ဟန်နှင့် UN-ACT မှ ဒေသတွင်း စောင့်ကြည့်လေ့လာရေး၊ အကဲဖြတ်ရေးအရာရှိ Ms. Ubonwan Boonrattanasamai ၊ IOM (မြန်မာ) မှ စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ရွှေယင်းမာစောနှင့် IOM (မြန်မာ) မှ Programme Manager, Ms.Sophie Nuon စုစုပေါင်း ၁၈ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က အမှာစကားပြောကြားပြီး စောင့်ကြည့်လေ့လာအကဲဖြတ်ဆန်းစစ်ရေးမူဘောင် (M&E Framework) ဖော်ထုတ်ရပုံအားတပ်ဖွဲ့မှူးက ရှင်းလင်းတင်ပြခြင်း၊ UN-ACT ဒေသဆိုင်ရာရုံးမှ Ms. Ubonwan Boonrattanasamai က စောင့်ကြည့်လေ့လာအကဲဖြတ်ဆန်းစစ်ရေးမူဘောင် (M&E Frame work) မူကြမ်းကို ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာသော အဖွဲ့ဝင်များက ဆွေးနွေးခြင်းနှင့် စောင့်ကြည့်လေ့လာအကဲဖြတ်ရေးအဖွဲ့ ဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အနာဂတ်အတွက် အတွေးအမြင်ကောင်းများ ရရှိစေဖို့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် နွှဲပျော်စို့



ဒေါက်တာသီတာဝင်း



ဒေါ်နှင်းနှင်းမော်



ဦးညွန့်မောင်



ဒေါ်ဝေဝေဖြိုး



ဦးမျိုးမြင့်အောင်

**လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုး အပါအဝင် ဗလငါးတန်မြှင့်တင်ပေးနိုင်ရေးနှင့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်ရေးအတွက် ရည်ရွယ်၍လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မန္တလေးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများမှ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါပွဲတော်သို့ လာရောက်ပါဝင်ဆင်နွှဲရန်အတွက် တာဝန်ရှိသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။**

**ဒေါက်တာသီတာဝင်း(မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်)**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ဖို့ ဘက်ပေါင်းစုံက ပါဝင်ဆောင်ရွက်ပေးရမှာပါ။ ဒီပွဲတော်မှာ ကျွန်မတို့မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ် ၃၁ ကျောင်းသာမက အသက်မွေးပညာသင်ကျောင်းတွေနဲ့ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းတွေအပြင် လူငယ်ပွဲတော်ဆိုတဲ့အတိုင်း လူငယ်အဖွဲ့အစည်းတွေ၊ အရပ်ဘက်အသင်းအဖွဲ့တွေအားလုံး ပါဝင်ဆင်နွှဲနိုင်ဖို့ ဖိတ်ခေါ်ထားပါတယ်။ ဒီပွဲတော်မှာ ကျွန်မတို့နဲ့သက်ဆိုင်တဲ့ အသိပညာဗဟုသုတမျှဝေကြမယ့် ပြခန်းပေါင်း ၉၀ ကျော် ပါဝင်ပြသမှာဖြစ်ပြီး ပြခန်းတွေ အနေနဲ့လည်း ကျွန်မတို့ တက္ကသိုလ်အသီးသီးမှာ သုတေသနပြု ဆောင်ရွက်ထားကြတဲ့ သင်ခန်းစာတွေ ပြသသွားမယ့်အပြင် ပြခန်းတွေလည်း ထည့်သွင်းပြသသွားမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်စာနဲ့ မြန်မာစာစွမ်းရည်ပြပွဲတွေ၊ ကျပန်းစကားပြောပြိုင်ပွဲနဲ့ ကဗျာရွတ်ပြိုင်ပွဲတွေ၊ လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွေလည်း ပါဝင်ပါတယ်။ ထူးထူးခြားခြားအနေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ လူငယ်စကားဝိုင်း ဆွေးနွေးပွဲ အစီအစဉ်ပါဝင်ပါတယ်။ အားလုံးက ဒီပွဲတော်ကို စိတ်ဝင်တစားရှိကြပါတယ်။ ဒါ့ကြောင့် ပထမဆုံးအကြိမ်အဖြစ်ကျင်းပမယ့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လာရောက်ဆင်နွှဲကြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နှင်းနှင်းမော်(မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း ဥက္ကဋ္ဌ)**

ကျွန်မတို့ကိုယ်ပိုင်ကျောင်းတွေက တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေသွားရောက်လေ့လာဖို့ စီစဉ်ထားပါတယ်။ တက္ကသိုလ်တွေက အကောင်းဆုံး အသိပညာပေး အစီအစဉ်တွေ ထည့်သွင်းပြသထားကြမယ်။ ဒါ့ကြောင့် ဒီပြခန်းတွေကို သွားရောက်လေ့လာမယ်။ ပွဲတော်စည်ကား သိုက်မြိုက်စွာကျင်းပနိုင်ဖို့ ကျွန်မတို့ ကိုယ်ပိုင်ကျောင်းတွေ အသင်းက ရန်ပုံငွေသိန်းတစ်ရာ ထည့်ဝင်လှူဒါန်းတဲ့အပြင် အမှတ်တရပစ္စည်းလေးတွေ လက်ဆောင်ပေးမယ့် အစီအစဉ်နဲ့ ပွဲတော်ကို သတိတရရှိနေစေဖို့အတွက် အမှတ်တရပစ္စည်းတွေကိုလည်း ရောင်းချသွားမှာ ဖြစ်ပါတယ်။ ပွဲတော်ဟာ လူငယ်ပွဲတော်ဖြစ်တဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်း၊ အနုပညာရပ်များနဲ့ တီထွင်ဖန်တီးမှုတွေ အားလုံး ပါဝင်ပြသထားမှာဖြစ်တဲ့အတွက် သွားရောက်လေ့လာခြင်းဖြင့် အသိပညာဗဟုသုတတွေ ရရှိစေမှာဖြစ်တယ်။ အားလုံး ပါဝင်ဆင်နွှဲကြဖို့ တိုက်တွန်း ဖိတ်ခေါ်ပါတယ်။

**ဦးညွန့်မောင်(ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပညာရေးမှူးရုံး)**

ဒီပွဲတော်ရဲ့ဖွင့်ပွဲမှာ ကျွန်တော်တို့ အခြေခံပညာကျောင်းတွေက ကျောင်းသား၊ ကျောင်းသူ ၃၀၀ နဲ့ စကားဝိုင်း ဆွေးနွေးပွဲမှာ ကျောင်းသားကျောင်းသူ ၁၀၀ တက်ရောက်ဖို့ ရွေးချယ်ထားပါတယ်။ အခြေခံပညာကျောင်းတွေအနေနဲ့ စိုက်ပျိုးရေးနဲ့ စိမ်းလန်းစိုပြည်ရေး၊ တိုင်းရင်းသားဘာသာစကား စာပေဆိုင်ရာ ပြခန်းငါးခန်း ပြသသွားမှာပါ။ ဒီပွဲတော်ကနေအသိပညာဗဟုသုတတွေ တိုးပွားလာမှာဖြစ်တဲ့အတွက် လူငယ်တွေအားလုံး ပါဝင်စေချင်ပါတယ်။

**ဒေါ်ဝေဝေဖြိုး(မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး)**

ဒီပွဲတော်မှာတော့ စာအုပ်အရောင်းဆိုင်တွေနဲ့ အခြားပြခန်းတွေ စုစုပေါင်း ၃၀၀ နီးပါး ပါဝင်ပြသသွားမှာပါ။ အိုင်တီဆိုင်ရာ လုပ်ရှားမှုပြခန်းတွေ၊ တက္ကသိုလ်၊ ကောလိပ်တွေ၊ အဆင့်မြင့်ပညာတွေကနေ ပြသမယ့် ပညာရပ်ဆိုင်ရာပြခန်းတွေ၊ ပြည်သူလူထုနဲ့ ကျောင်းသားလူငယ်တွေဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြသပေးမယ့် အသိပညာပေးပြခန်းတွေလည်း ပါဝင်ပြသပေးမှာပါ။ ပွဲတော်ကြီးတစ်ခုလုံးမှာတော့ အဓိကလှုပ်ရှားမှုကြီး ငါးခုပါဝင်ပါတယ်။ ဒါတွေကတော့ အနုပညာ၊ အားကစား၊ စာပေ၊ နည်းပညာနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေပြသမယ့် အစီအစဉ်တွေပါ။ ဘက်ပေါင်းစုံကနေ ဖျော်ဖြေရေးအစီအစဉ်တွေ၊ အသိပညာပေးရေးအစီအစဉ်တွေ၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲနိုင်တဲ့ အစီအစဉ်တွေ ပါဝင်တာဖြစ်တဲ့အတွက် လူငယ်တွေအတွက် တစ်သက်မမေ့နိုင်မယ့် ပွဲတော်ကြီး တစ်ခုလည်းဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင်( ညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး)**

မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမယ့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ အားကစားဆိုင်ရာ လှုပ်ရှားမှုတွေအနေနဲ့ လွန်ဆွဲပြိုင်ပွဲ၊ အမျိုးသမီးထုပ်ဆီးတိုးပြိုင်ပွဲ၊ ဘတ်စကက်ဘောဂိုးသွင်းပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲနဲ့ ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲတွေ ထည့်သွင်းကျင်းပပေးသွားမယ်။ ဒါ့အပြင် သရုပ်ပြအားကစားနည်းတွေအဖြစ် တက္ကသိုလ်/ကောလိပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲတွေ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲတွေ၊ ဝူရှူးအားကစားနည်း၊ ကျွမ်းဘားအား ကစားနည်း၊ ကရာတေးဒိုအားကစားနည်းတွေနဲ့ Myanmar Fitness Dance တွေ ပါဝင်မှာဖြစ်ပါတယ်။ ဩဂုတ် ၁၂ ရက် နံနက် ၅ နာရီခွဲမှာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပတဲ့ မုခ်ဦးရှေ့ကနေ မန္တလေးတက္ကသိုလ်အတွင်းလမ်းတွေမှာ လမ်းလျှောက်မယ့် စုပေါင်းလမ်းလျှောက်ပွဲလည်း ပါဝင်မှာဖြစ်ပါတယ်။ အားကစားဆိုင်ရာ ဓာတ်ပုံပြပွဲတွေလည်း ထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်။

အဆိုပါပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် ဧည့်သည်အဆိုတော်များ ဖြစ်ကြသည့် အိုင်းရင်းဇင်မာမြင့်၊ ရင်ဂို၊ ယုန်လေး၊ မီမီဝင်းဖေတို့နှင့်အတူ ငြိမ်းချမ်းရေးဂီတပွဲတော်ဆုရ အဆိုရှင်များကလည်း ပွဲတော်ကျင်းပရက်အတွင်း နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဧည့်ခံသီဆိုဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကိုယ်ကျိုးမဖက် တိုင်းပြည်အတွက် ရှေးရှုဆောင်ရွက်ကြရန် လိုပါသည်

သံအမတ်ကြီး ဒေါက်တာလှမောင် (ဘောဂ)

**မိမိအနေဖြင့် အမေရိကန်နိုင်ငံ Vanderbilt University တက္ကသိုလ်သို့ မဟာဝိဇ္ဇာ(ဘောဂ)ဘွဲ့လွန် သင်တန်းတက်ရောက်ရန် ၁၉၆၁ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ နှစ်နှစ်တိုင် သွားရောက်၍ ပညာသင်ကြားခဲ့ပါသည်။ မိမိအနေဖြင့် ယခင်က အမေရိကန်နိုင်ငံသို့ တစ်ခါတစ်ခေါက်မှ ရောက်ဖူးခဲ့ခြင်းမရှိဘဲ ပထမအကြိမ်ပညာသင်ကြားရန် သွားရောက်ခဲ့ရခြင်းဖြစ်ပါသည်။ မိမိ အမေရိကန်နိုင်ငံသို့ ရောက်သည့်အချိန်မှာ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီ (John F. Kennedy) သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး ၎င်း၏ပထမမိန့်ခွန်းပြောကြားပြီး လေးလအကြာတွင် ဖြစ်ပါသည်။**

## စိတ်နေသဘောထားပြည့်ဝ

လေယာဉ်ကွင်းသို့ ရောက်ရှိစဉ် မိမိအားဝတ်စုံပြည့်ဝတ်ဆင်ထားသည့် အသက် ၄၅ နှစ်ခန့်ရှိ လူရည်သန့်ပုဂ္ဂိုလ်တစ်ဦးက လာရောက်ကြိုဆိုခဲ့ပါသည်။ ၎င်းက မိမိယူဆောင်လာသော လက်ဆွဲအိတ်ကို ကိုယ်တိုင်သွားရွေး၊ ကိုယ်တိုင်ကားပေါ်တင်ပေးပြီး ၎င်းကိုယ်တိုင်မောင်းသည့်ကားဖြင့် မိမိနေထိုင်ရမည့် ကျောင်းဆောင်သို့ ပို့ပေးခဲ့ပါသည်။ မိမိနောက်ပိုင်းမှသိရှိပြီး များစွာအံ့အားသင့်မိသည်မှာ ထိုပုဂ္ဂိုလ်မှာ သာမန်ပုဂ္ဂိုလ်တစ်ဦးမဟုတ်ဘဲ နောင်အခါ မိမိသင်ယူမည့်ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များကို မိမိအားအကြံပေးမည့် (Advisor) ပုဂ္ဂိုလ်ဖြစ်သည့်အပြင် International Trade ဘာသာရပ်သင်ကြားပို့ချပေးနေသည့် ပါမောက္ခတစ်ဦး ဖြစ်နေပါသည်။ မိမိတက္ကသိုလ်တွင် ပညာသင်ယူခဲ့သည့် နှစ်နှစ်တာအတွင်း တွေ့ထိခဲ့ရသည့် ပါမောက္ခအများစုတို့မှာ အလားတူပင် စိတ်နေသဘောထားပြည့်ဝ ကောင်းမွန်ကြသူများဖြစ်ကြကြောင်း ထိတွေ့သိရှိရပါသည်။

ဖော်ပြပါ ပါမောက္ခက မိမိအား သင်တန်းများတက်ရောက်ခြင်းမပြုမီ နောက်တစ်ပတ်လုပ်ဆောင်ရမည့် အချိန်ဇယားကို ရှင်းလင်းပြောကြားပေးခဲ့ပါသည်။ လုပ်ဆောင်ရမည့် အချိန်ဇယားမှာ-

ပထမနေ့ နံနက်ပိုင်းတွင် တက္ကသိုလ်၏ ပါမောက္ခချုပ်ထံသို့ သွားရောက်ဂါရဝပြု နှုတ်ဆက်ရန်ဖြစ်ပါသည်။ နေ့လယ်ပိုင်းတွင် Graduate Programme For Economic Development ရုံးခန်းရှိ ပါမောက္ခ(ဌာနမှူး)ထံသို့ သွားရောက် ဂါရဝပြုနှုတ်ဆက်ရန်ဖြစ်ပါသည်။ ပထမနေ့တွင် တက္ကသိုလ် မော်ကွန်းထိန်းဌာနမှ ညွှန်ကြားရေးမှူးက လိုက်လံပို့ဆောင်ပေးခဲ့ပြီး ဖော်ပြပါ ပုဂ္ဂိုလ်နှစ်ဦးအား သွားရောက်ဂါရဝပြု နှုတ်ဆက်ခဲ့ပါသည်။

ဒုတိယနေ့တွင်လည်း တက္ကသိုလ်မော်ကွန်းထိန်းရုံး၏ ညွှန်ကြားရေးမှူးကလိုက်ပါ၍ တက္ကသိုလ်စာသင်ဆောင်များ၊ တက္ကသိုလ်စာကြည့်တိုက်၊ တက္ကသိုလ်ဆေးရုံ၊ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ စားသောက်ဆိုင်စသည်တို့သို့ သွားရောက်၍ ရှင်းလင်းပြသခဲ့ပါသည်။

အထက်ဖော်ပြပါ ပါမောက္ခချုပ်ရုံးခန်းနှင့်တကွ အခြားအဆောက်အအုံသို့ရောက်ရှိတိုင်း ရုံးခန်း၏အဝင်ဝမျက်နှာစာ အပေါ်တွင် စာတန်းတစ်ခုထူးဆန်းစွာ ချိတ်ဆွဲထားသည်ကို တွေ့ရှိရပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ မိမိနှင့်အတူ လိုက်ပါလာသည့် ညွှန်ကြားရေးမှူးအား ဘာကြောင့်၎င်းစာတန်းကို ရုံးခန်းအဝင်ဝတိုင်းတွင် ကိုယ်စီကိုယ်င ချိတ်ဆွဲထားခဲ့သည့် အကြောင်းကို ရှင်းလင်းပြောကြားပေးပါရန် မေတ္တာရပ်ခံခဲ့ရာ ၎င်းက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ရာတွင် "အဲဒီ စာတန်းသည် တခြားမဟုတ်ဘဲ အမေရိကန်သမ္မတကနေဒီ ၁၉၆၁ ခုနှစ် သမ္မတအဖြစ်ကျမ်းကျိန်ဆိုပြီး ပထမဦးဆုံး ပြောကြားခဲ့သည့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည့် မိန့်ခွန်းပါစာပိုဒ်ကို အမေရိကန်ရှိ ပြည်သူပြည်သားများအားလုံး ၎င်းတို့၏ အသည်းနှလုံးထဲတွင် စွဲမြဲသွားကြပြီး သမ္မတကြီးပြောကြားခဲ့သည့် ဂုဏ်သတင်းမှာလည်း တစ်ကမ္ဘာလုံးရှိ သန်းပေါင်းများစွာသော ပြည်သူတို့ထံပျံ့နှံ့သွားခဲ့ပါကြောင်း" ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါသည်။ သမ္မတကြီးပြောကြားခဲ့သည့် မိန့်ခွန်းတွင်ပါရှိသော ၎င်းစာပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

Ask Not

What your country can do for you?

ASK

What you can do for your country?

အထက်ပါ သမ္မတကနေဒီ ပြောကြားခဲ့သည့် မိန့်ခွန်း၏ အနက်အဓိပ္ပာယ်ကို ပေါ်လွင်အောင် ရှင်းလင်းတင်ပြရမည်ဆိုလျှင် "မင်းရဲ့နိုင်ငံက မင်းကိုဘာလုပ်ပေးရမယ်၊ ညာလုပ်ပေးရမယ်ဆိုတဲ့ တောင်းဆိုတဲ့မေးခွန်းမျိုး ဆွေးနွေးတင်ပြချက်မျိုးကို ဘယ်တော့မှမင်းခေါင်းထဲမှာ ထည့်မစဉ်းစားပါနဲ့၊ မေးမြန်းဖို့လည်း စိတ်မကူးပါနဲ့" ဒါပေမယ့် "မင်းအနေနဲ့ မင်းရဲ့နိုင်ငံအကျိုးပြုမယ့် ဘယ်လိုလုပ်ငန်းရပ်တွေကို လုပ်ဆောင်ပေးရမည်ဆိုသည့်မေးခွန်းမျိုးကို မင်းခေါင်းထဲမှာ အစဉ်နှလုံးသွင်း၍ မင်းကိုယ်မင်း အစဉ်မေးမြန်းနေပါ၊ အဲ့ဒီဆောင်ပုဒ်အတိုင်းလည်း ဘဝတစ်သက်တာမှာ အစဉ်ကျင့်ကြံအားထုတ်သွားပါ" ဆိုသည့် အနက်အဓိပ္ပာယ်ဆောင်နေပါသည်။

## စိတ်နှလုံးထဲတွင် စွဲမြဲသွား

အမေရိကန်သမ္မတ ပြောကြားခဲ့သည့် မိန့်ခွန်းသည် နိုင်ငံသူ နိုင်ငံသားအားလုံးတို့ အစဉ်အမြဲ နှလုံးသွင်း၍ လုပ်ဆောင်ကြရမည့် လုပ်ငန်းစဉ်ဖြစ်သည်နှင့်အညီ အမေရိကန်တစ်ပြည်လုံးရှိ နိုင်ငံသူ နိုင်ငံသားအားလုံး စိတ်နှလုံးထဲတွင် စွဲမြဲသွားကြသည့်အပြင် ၎င်းမိန့်ခွန်းကြောင့် သမ္မတကနေဒီ၏ ဂုဏ်သတင်းလည်း တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားခဲ့ရကြောင်း သိရှိရပါသည်။ မော်ကွန်းထိန်းရုံးမှပုဂ္ဂိုလ်က ထပ်မံရှင်းလင်းပြောကြားခဲ့သည်မှာ "အခုရုံးတိုင်းရဲ့ အဝင်ဝမျက်နှာစာမှာ ချိတ်ဆွဲထားကြတဲ့ စာတန်းတွေကို တက္ကသိုလ်အုပ်ချုပ်ရေးဌာနက ပုံနှိပ်ပြီး ရုံးတိုင်းမှာ ချိတ်ဆွဲထားဖို့ ညွှန်ကြားထားခြင်း ဖြစ်ပါတယ်။

> **"ယခင်က ပါလီမန်လွှတ်တော်များ၊ အလုပ်သမားသမဂ္ဂများ၊ စက်မှုကုန်သည်ကြီးများအသင်းများနှင့် အခြားအဖွဲ့အစည်းများက နိုင်ငံ့အကျိုးကို ထောက်ထားခြင်းမရှိဘဲ မိမိတို့ကိုယ်ကျိုးကြည့်၍ တစ်ဖက်သတ်တောင်းဆိုမှုများ၊ ပြောဆိုမှုများသည် တဖြည်းဖြည်း လျော့နည်းကျဆင်းလာခဲ့ပြီး ၎င်းအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများ ညှိနှိုင်းဆွေးနွေးကြရာတွင် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှု ပိုမိုတည်ဆောက်လာနိုင်ကြပြီး ဘုံသဘောတူညီချက်များ (Consensus) အလွယ်တကူ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်ကို ပြည်သူအားလုံး သဘောပေါက်နားလည်လာခဲ့ကြ"**

အဲဒီလိုပဲ မြို့ထဲရှိ ရုံးတွေ၊ ဟိုတယ်တွေ၊ စားသောက်ဆိုင်တွေ၊ ကုန်တိုက်ကြီးတွေမှာလည်း အဲဒီလိုစာတန်းတွေ ချိတ်ဆွဲထားတာကို တွေ့ရှိနိုင်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးက ဆက်လက်ရှင်းပြသည်မှာ အဲဒီ သမ္မတကြီး၏ မိန့်ခွန်းကို သတင်းဂျာနယ်များ၊ အသံလွှင့်ဌာနအားလုံးတို့က အထူးအလေးပေးပြီး ရှင်းလင်းရေးသား အသံလွှင့် ထုတ်လွှင့်ခဲ့ကြပြီး၊ ထိုသို့ သတင်းထုတ်ပြန်ရေးတွင်လည်း ၎င်းတို့က "သမ္မတကြီး၏မိန့်ခွန်းပါစာပိုဒ်သည် အလွန်လေးနက်သည့် အဓိပ္ပာယ်ဆောင်ပြီး မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးတို့ အနေဖြင့် မိန့်ခွန်းပါ တိုက်တွန်းထားသည့်အတိုင်း ကိစ္စအရပ်ရပ်ဆောင်ရွက်လုပ်ကိုင်ကြရာတွင်လည်းကောင်း၊ အရေးကြီးသည့် နိုင်ငံ၏ လုပ်ငန်းကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းကြရာတွင် လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် မိမိတို့အဖွဲ့အစည်း တစ်ခုချင်း၏ ရရှိလာမည့်အကျိုးကျေးဇူးတစ်ခုတည်းကိုသာ ဇွတ်အတင်း ဆုပ်ကိုင်မထားဘဲ မိမိတို့အမေရိကန်ပြည်ထောင်စု တစ်ခုလုံးအတွက် ဖြစ်ထွန်းလာမည့်အကျိုးများကို အထူးအလေးပေး စဉ်းစားဆောင်ရွက်သွားကြစေလိုသည့် သဘောဖြစ်ပါကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်နိုင်ပါက မိမိတို့အမေရိကန်ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် များစွာအကျိုးဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း" ၎င်းတို့၏ ထင်မြင်ယူဆချက်များကိုပါ ညွှန်ပြခဲ့ကြောင်း ညွှန်ကြားရေးမှူးက ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

## ယုံကြည်မှု ပိုမိုတည်ဆောက်လာနိုင်

ထို့အပြင် ၎င်းမိန့်ခွန်းပြောကြားခဲ့သည့် အကျိုးကျေးဇူးကြောင့် ယခင်က ပါလီမန်လွှတ်တော်များ၊ အလုပ်သမားသမဂ္ဂများ၊ စက်မှုကုန်သည်ကြီးများအသင်းများနှင့် အခြားအဖွဲ့အစည်းများက နိုင်ငံ့အကျိုးကိုထောက်ထားခြင်းမရှိဘဲ မိမိတို့ကိုယ်ကျိုးကြည့်၍ တစ်ဖက်သတ်တောင်းဆိုမှုများ၊ ပြောဆိုမှုများသည် တဖြည်းဖြည်း လျော့နည်းကျဆင်းလာခဲ့ပြီး ၎င်းအဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများ ညှိနှိုင်းဆွေးနွေးကြရာတွင် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုပိုမိုတည်ဆောက်လာနိုင်ကြပြီး ဘုံသဘောတူညီချက်များ (Consensus) အလွယ်တကူ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်ကို ပြည်သူအားလုံး သဘောပေါက်နားလည်လာခဲ့ကြကြောင်း ၎င်းက အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

အထက်ဖော်ပြပါ အမေရိကန်နိုင်ငံသမ္မတကြီး ကနေဒီ၏ မြင့်မြတ်ဂုဏ်ယူဖွယ်ရာကောင်းသောမိန့်ခွန်းသည် အမေရိကန်နိုင်ငံအတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းခဲ့ရုံသာမက ကမ္ဘာ့နိုင်ငံများကပါ ၎င်းမိန့်ခွန်းပါအနှစ်သာရကို လက်ခံသဘောတူညီမှုရှိလာကြပြီး မိမိတို့၏သတင်းမီဒီယာများတွင် အလေးအနက်ထောက်ခံ၍ ပြန်လည်ဖော်ညွှန်းရေးသားဖော်ပြခဲ့ကြပါသည်။ ထို့ကြောင့် သမ္မတကနေဒီ၏ မိန့်ခွန်းပါလမ်းညွှန်ချက်များသည် အမေရိကန်နိုင်ငံတစ်ခုတည်းသာမကဘဲ ကမ္ဘာနှင့်အဝန်း မိန့်ခွန်းပါတိုက်တွန်းချက်များအတိုင်း လိုက်နာကျင့်သုံးခဲ့ကြသည်နှင့်အညီ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားအမြင် အယူအဆချင်း မတူညီသူများ ဆွေးနွေးညှိနှိုင်းကြရာတွင် ၎င်းတို့အတွက် ဘုံတူညီချက်များ မလွဲဧကန်ရရှိလာကြမည် ဖြစ်ပါသည်။

## ဆယ်စုနှစ် နှစ်ခုခန့် နောက်ကျကျန်ရစ်

လွန်ခဲ့သောလက မြန်မာ့အလင်းသတင်းစာတွင် မိမိသုတေသနပြုရေးသားဖော်ပြခဲ့သည့် "(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အောင်မြင်ရေးမှသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းလာပြီး နိုင်ငံ၏လူမှုစီးပွားရေး အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရေးဆီသို့" ဆောင်းပါးကို မိမိစာရင်းဇယားများနှင့်တကွ ရေးသားတင်ပြထားခဲ့ပြီးဖြစ်သည့်အတိုင်း တစ်ချိန်က မိမိတို့မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေသည် အာရှမိတ်ဖက်နိုင်ငံများနှင့်နှိုင်းယှဉ်ပါက တန်းတူရည်တူရှိနေခဲ့ရာမှ ယခုအချိန်အခါတွင် မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဆယ်စုနှစ် နှစ်ခုခန့် နောက်ကျကျန်ရစ်ခဲ့လျက်ရှိနေသည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏လူမှုစီးပွားရေးအခြေအနေကို အာရှမိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ချက်ကို အကျဉ်းချုပ်အားဖြင့် ပြန်လည်ဖော်ပြရမည်ဆိုပါက မိမိနိုင်ငံ၏ လက်ရှိအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) သည် ၎င်းနိုင်ငံများထက် နိုင်ငံအလိုက် အဆပေါင်း ငါးဆမှ ၂၃ ဆအထိ လျော့နည်းကျဆင်းလျက်ရှိနေပါသည်။ အလားတူပင် မိမိတို့နိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးသည် ၎င်းနိုင်ငံများထက် အဆပေါင်း ၁၃ ဆမှ ၄၅ ဆအထိ နိမ့်ကျလျက်ရှိနေပါသည်။ ထိုနည်းတူစွာပင် မိမိတို့နိုင်ငံ၏ လူတစ်ဦးပျမ်းမျှဝင်ငွေသည် ၎င်းနိုင်ငံများထက် သုံးဆမှ ၄၆ ဆခန့်အထိ လျော့နည်းနိမ့်ကျလျက်ရှိသည်ကို တွေ့ရှိကြရမည်




ဖြစ်ပါသည်။ ထို့အတူ မိမိတို့နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအခြေအနေများမှာလည်း ၎င်းနိုင်ငံများထက် အဆပေါင်းများစွာ နိမ့်ကျလျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေ နောက်ကျကျန်ရစ်ခဲ့ရသည့် အဓိကအကြောင်းရင်းကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက လွန်ခဲ့သည့်နှစ်ပေါင်း ၇၀ ကျော် အချိန်ကာလအတွင်း ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိအောင် မတည်ဆောက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိကြရမည် ဖြစ်ပါသည်။

ယခုအခါတွင်မူ မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးမျှော်လင့်တောင့်တနေသည့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိစေမည့် လုပ်ငန်းစဉ်တစ်ရပ် ပေါ်ထွန်းလာနေပြီဖြစ်ပါသည်။ ၎င်းလုပ်ငန်းစဉ်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံအစည်းအဝေးများ ကျင်းပနေရခြင်းပင် ဖြစ်ပါသည်။ (၂၁)ရာစု ပင်လုံအစည်းအဝေးများ အောင်မြင်စွာကျင်းပပြုလုပ်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှတစ်ဆင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိလာပြီး ခေတ်မီစီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မလွဲဧကန်တည်ဆောက်နိုင်ကြတော့မည် ဖြစ်ပါသည်။

ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိစေရေးကို ရှေးရှုလျက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံအစည်းအဝေးများကို အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေးအတွက် ကျင်းပရေးကော်မတီအဆင့်ဆင့်တို့ကို စနစ်တကျဖွဲ့စည်းပြီး နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများနှင့် အရပ်ဘက်လူမှုရေးအသင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုံညီစွာပါဝင်ကြပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ စစ်ရေးစသည့်ကဏ္ဍများအတွက် အခြေခံရမည့်မူဝါဒများကို ဘုံသဘောတူညီမှုများရရှိအောင် ဆွေးနွေးညှိနှိုင်းကြလျက် ရှိနေကြပြီဖြစ်ပါသည်။ ထိုသို့ ညှိနှိုင်းဆွေးနွေးကြရာတွင် ဘုံသဘောတူညီချက်များ အခိုင်အမာရရှိလာနိုင်စေရန် လွန်စွာအရေးကြီးပါသည်။ ထိုသို့ ဘုံသဘောတူညီချက်များ ရရှိနိုင်မှသာငြိမ်းချမ်းရေး ရည်မှန်းချက်ပန်းတိုင်ကို အချိန်တိုအတွင်း ရရှိနိုင်ကြမည် ဖြစ်ပါသည်။

## အရှိန်အဟုန်ဖြင့် တိုးတက်လာတော့မည်

သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းကြရာ၌ အထက်တွင် ရှင်းလင်းတင်ပြထားခဲ့သည့် အမေရိကန်နိုင်ငံသမ္မတ ကနေဒီ၏ မိန့်ခွန်းပါကျင့်ထုံးကို စံနမူနာယူလျက် မိမိတို့အဖွဲ့အစည်းတစ်ခုချင်း ဆန္ဒရှိနေသည့် အကျိုးကျေးဇူးတစ်ခုတည်းကိုသာ ပုံသေဆုပ်ကိုင်မထားကြဘဲ မိမိတို့ပြည်ထောင်စုတစ်ခုလုံး နှစ်ပေါင်း ၇၀ ကျော်ခန့် လူမှုစီးပွားရေးအနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေသည်ကို မည်သို့မည်ပုံကယ်တင်မည်ဆိုသည့် ပြည်ထောင်စုအကျိုးကို ရှေးရှုလျက် ဆွေးနွေးညှိနှိုင်းသွားကြမည်ဆိုပါက မိမိတို့လိုလားတောင့်တလျက်ရှိနေသော ဘုံတူညီချက်ကို မလွဲဧကန်ရရှိနိုင်ကြမည် ဖြစ်ပါသည်။ များမကြာမီ အချိန်ကာလအတွင်း လက်ရှိဆွေးနွေးညှိနှိုင်းနေကြသည့် ကဏ္ဍပေါင်းစုံအတွက် ဘုံတူညီမှုများရရှိကြမည်ဆိုပါက မိမိတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး အဓိက မျှော်လင့်တောင့်တထားကြသည့် "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး" တည်ဆောက်နိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေများ စဉ်ဆက်မပြတ် အရှိန်အဟုန် ဖြင့် တိုးတက်လာတော့မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ခြောက်လတာ လုပ်ငန်းအစီရင်ခံစာအပေါ် ဆွေးနွေး




ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

နေပြည်တော် ဩဂုတ် ၇

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမဌ ကျင်းပရာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ၆ လတာ ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ဆွေးနွေးခြင်းနှင့် သဘာဝရော်ဘာ ထုတ်လုပ်သော နိုင်ငံများအသင်းသို့ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂)နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး က ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ဒီဇင်ဘာ ၈ ရက်တွင် အဆိုပါသဘောတူစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုခဲ့ပါကြောင်း။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အရ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)ကို အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၆) ဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ စသည်ဖြင့် အစုအဖွဲ့ ၃ ဖွဲ့ အဖွဲ့ဝင် ၄၈ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုသို့ ဖွဲ့စည်းထားသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)တွင် ချမှတ်ပေးထားသည့် အခြေခံလမ်းညွှန်ချက်များ၊ ဆွေးနွေးရမည့် ခေါင်းစဉ်များ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများမှ ရရှိလာသော သဘောထားစုစည်းချက်များကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးသို့ အခြေခံမူ အဆိုပြုလွှာများအဖြစ် အဆိုပြုတင်သွင်းခဲ့ပါကြောင်း။

## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီက အဆိုပြုတင်သွင်းသော အခြေခံမူ အဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများ အဆင့်ဆင့် ကျင်းပပြုလုပ်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီက အဆိုပြုတင်သွင်းသော အခြေခံမူ အဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများ အဆင့်ဆင့် ကျင်းပပြုလုပ်ပြီး ရရှိလာသည့် အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှုရရှိခဲ့ပါကြောင်း၊ အဆိုပါ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)တွင် နိုင်ငံရေးကဏ္ဍအခြေခံမူ သဘောတူညီချက် (၄)ချက်၊ စီးပွားရေးကဏ္ဍအခြေခံမူသဘောတူညီချက် (၁)ချက်၊ လူမှုရေးကဏ္ဍအခြေခံမူသဘောတူညီချက် (၇)ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍအခြေခံမူသဘောတူညီချက် (၂)ချက် စုစုပေါင်း (၁၄)ချက် ပါဝင်ပါကြောင်း။

## ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂)ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြ

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂)ကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အပိုဒ်(၂၀) အပိုဒ်ခွဲ (င)အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံတတိယပင်လုံ အစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက ၂၀၁၈ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အပိုဒ်(၂၀) အပိုဒ်ခွဲ (စ)တွင် ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း၍ အတည်ပြုချက်ရယူခြင်းဟု လည်းကောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် အခန်း(၈) အပိုဒ်(၂၈)တွင် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများကို လည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ် တစ်ရပ်လုံးကို လည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရယူရမည်ဟူ၍ လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ၏ လုပ်ငန်းလမ်းညွှန် အပိုဒ်(၃)အပိုဒ်ခွဲ(ဈ)တွင် UPDJCသည် ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်းများကို လည်းကောင်း၊ ပြည်ထောင်စုသဘောတူစာချုပ် တစ်ရပ်လုံးကို လည်းကောင်း အနီးဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရယူနိုင်ရေးအတွက် ဆောင်ရွက်ရမည်ဟူ၍ လည်းကောင်း ဖော်ပြပါရှိသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် လက်မှတ်ရေးထိုး ရရှိလာသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂)ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က နိုင်ငံတော်သမ္မတရုံးမှ ပေးပို့ထားသော မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့အတွင်းရှိ မြို့ ကျေးရွာအုပ်စုနှင့် ကျေးရွာများ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာအဖွဲ့များက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

## ဥပဒေတွင်ရှိသည့် အခွင့်အရေးများကို မသိသည့် ပြည်သူများကို သိအောင် အထောက်အကူပေးရန်ဖြစ်

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဝင်းက အစီရင်ခံစာအပေါ်တွင် လွှတ်တော်ကိုယ်စားလှယ် ၉ ဦးက ဆွေးနွေးတင်ပြထားပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးထားသည်မှာ ဥပဒေအထောက်အကူပြုအဖွဲ့သည် ပြည်သူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရန် ဖြစ်ပါကြောင်း၊ ဥပမာအားဖြင့် မုဒိမ်းမှုကို မိမိတို့ ကူညီသည်ဆိုပါက မိမိတို့အဖွဲ့၏ ရည်ရွယ်ချက်များ ပျောက်သွားမည်လားဆိုသည်ကို စဉ်းစားရမည် ဖြစ်ပါကြောင်း၊ သို့သော် တိတိကျကျပြောနိုင်သည်မှာ မုဒိမ်းမှုကို လိုအပ်သည့် ဥပဒေအထောက်အကူပေးရုံဖြင့် အဆိုပါအမှုမှာ ပျက်မသွားပါကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် တရားရုံးမှ ကိုင်တွယ်နေသည့်အမှုကို လွှတ်စေ သို့မဟုတ် ကျစေဆိုသည့်သဘောဖြင့် ကူညီမည်မဟုတ်ပါကြောင်း၊ ဥပဒေအရ လိုအပ်ချက်များ၊ ဥပဒေတွင်ရှိသည့် အခွင့်အရေးများကို မသိသည့် ပြည်သူများကိုသိအောင် အထောက်အကူပေးရန် ဖြစ်ပါကြောင်း။

ထို့ပြင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဦးစားပေး အစီအစဉ် ကျင့်သုံးရန် အကြံပြုသွားပါကြောင်း၊ အကြံပြုချက်ကို ကြိုဆိုပါကြောင်း၊ သို့သော် မည်သည့်အကြောင်းအရာကို ချက်ချင်းဦးစားပေးရမည်ဆိုသည်ကို လုပ်ဆောင်ရန် မလွယ်ကူပါကြောင်း၊ တစ်ပြည်လုံးတွင်ရှိသည့် ရာဇဝတ်မှုများ၏ သတင်းအချက်အလက် အစုံအလင်ရပြီးမှသာ စဉ်းစားရမည်ဖြစ်ပါကြောင်း၊ အဆိုပါအချက်ကို ထည့်သွင်းစဉ်းစားပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ဥပဒေအရ တရားရုံးရောက်ရှိနေသည့် အမှုများတွင် အာမခံကိစ္စပေါ်သည့်အခါ အာမခံတန်ဖိုးကို စာရွက်စာတမ်းမပြနိုင်၍ အာမခံမရခြင်းများသည် နစ်နာသည်ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးပါကြောင်း၊ အာမခံရသင့်သည့် အမှုတွင် အာမခံမရပါက နစ်နာသည်မှာ မှန်ပါကြောင်း၊ လွှတ်သင့်၊ မလွှတ်သင့်ဆိုသည့် ကိစ္စရပ်မှာ တရားရုံး၏ စီရင်ပိုင်ခွင့်သာဖြစ်သည့်အတွက် တရားရုံးက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ အစီရင်ခံစာနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်ကို အထူးကျေးဇူးတင်ပါကြောင်း၊ အစီရင်ခံစာကို မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး တရားသူကြီး ဦးသာဌေးက ဆက်လက်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ သက်ဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့၏ ပြန်လည်ရှင်းလင်း တင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်းသို့ ဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## ရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချမှုစနစ်အားလုံးသည် ကမ္ဘာနှင့် ချိတ်ဆက်မိမည်ဟု ထင်မြင်

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၈)မှ ဦးမျိုးဝင်းက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် Association of Natural Rubber Producing Countries-ANRPC အသင်း သို့ ဝင်မည်ဆိုပါက စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၇၄၅ ဒေါ်လာ ထည့်ဝင်ရမည်ဟု သိရပါကြောင်း၊ ယင်းအသင်းတွင် အဖွဲ့ဝင် ၁၂ နိုင်ငံ၏ ရော်ဘာထုတ်လုပ်မှုအနေဖြင့် တစ်ကမ္ဘာလုံး၏ ၉၀ ရာခိုင်နှုန်းရှိသောကြောင့် မြန်မာနိုင်ငံအနေဖြင့် ယင်းအသင်းတွင် ပါဝင်ခြင်းသည် ခေတ်နောက်ကျနေသည့် မိမိတို့နိုင်ငံ၏ ရော်ဘာစိုက်ပျိုး၊ ထုတ်လုပ်၊ ရောင်းချမှုစနစ်အားလုံးသည် ကမ္ဘာနှင့် ချိတ်ဆက်မိမည်ဟု ထင်မြင်မိပါကြောင်း။

## ရော်ဘာမှ နိုင်ငံခြားငွေ အမြောက်အမြားကို ရှာဖွေရရှိနေသည့် အဖွဲ့ဝင်နိုင်ငံ အစိုးရများ၏ လုပ်နည်း လုပ်ဟန်များကို လေ့လာသင့်

ယင်းအသင်းသို့ဝင်လိုက်ရုံဖြင့် မြန်မာနိုင်ငံ၏ Rubber Industry တစ်ခုလုံးကို ချက်ချင်းပြောင်းလဲသွားရန် လုပ်နိုင်မည်မဟုတ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံအနေဖြင့် ရရှိလာမည့် အခွင့်အလမ်းကိုအသုံးချပြီး မိမိနိုင်ငံ၏ မဖွံ့ဖြိုးသေးသည့် ရော်ဘာဈေးကွက်ကို ကမ္ဘာနှင့်ချိတ်ဆက်မိရန် လုပ်နိုင်မည့်နည်းလမ်းကို လက်မှတ်ရေးထိုးမည့် ဝန်ကြီးဌာနအနေဖြင့် ရှာဖွေအသုံးချနိုင်ရန် အရေးကြီးပါကြောင်း၊ မိမိအနေဖြင့် ANRPC အသင်းသို့ ဝင်ရောက်စေလိုပါကြောင်း၊ ရော်ဘာမှ နိုင်ငံခြားငွေ အမြောက်အမြားကို ရှာဖွေရရှိနေသည့် အဖွဲ့ဝင်နိုင်ငံ အစိုးရများ၏ လုပ်နည်းလုပ်ဟန်များကို လေ့လာသင့်ပါကြောင်း၊ နှစ်စဉ်ထည့်ဝင်ရမည့် အသင်းဝင်ကြေးကို မိမိနိုင်ငံ နိုင်ငံခြားဝင်ငွေတိုးရန်အတွက် အကျိုးရှိရှိ အားထုတ်လုပ်ဆောင်ပေးပါရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို က Association of Natural Rubber Producing Countries-ANRPC ဟုခေါ်သည့်အဖွဲ့သည် ရော်ဘာထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုကိစ္စများ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ဈေးနှုန်းကောင်းမွန်တည်ငြိမ်ရေး၊ သဘာဝရော်ဘာလုပ်ငန်းထိခိုက်မှု ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် ရည်ရွယ်၍ ဖွဲ့စည်းထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်ခြင်းသည် ရော်ဘာထုတ်လုပ်မှုအထွက်နှုန်း၊ အရည်အသွေး၊ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာ၊ နည်းဗျူဟာ၊ ဈေးကွက်၊ မူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာများတွင် အခွင့်အလမ်း ပိုမိုတိုးတက်ရရှိလာနိုင်မည် ဖြစ်ပါကြောင်း၊ အသင်းဝင်ရောက်မည်ဆိုပါက အခြေခံအသင်းဝင်ကြေး အဖြစ် အမေရိကန်ဒေါ်လာ ၅၀၀၀ နှင့် ရော်ဘာထုတ်လုပ်မှု အချိုးအရ အမေရိကန် ဒေါ်လာ ၄၇၄၅ ဒေါ်လာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၇၄၅ ဒေါ်လာ ထည့်ဝင်ရမည် ဖြစ်ပါကြောင်း၊ ယင်းငွေအတွက် ၂၀၁၈ ခုနှစ် ၆ လ ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားပြီး ဖြစ်ကြောင်းကိုလည်း သိရပါကြောင်း။

## သဘာဝရော်ဘာထုတ်လုပ်သည့် နိုင်ငံများအသင်းကို ဝင်ရောက်ခြင်းဖြင့် နိုင်ငံနှင့် နိုင်ငံသူ၊ နိုင်ငံသားများအတွက် အကျိုးရှိနိုင်မည်

မြန်မာနိုင်ငံအနေဖြင့် ရော်ဘာကုန်ကြမ်းကို ပြည်တွင်းတွင် ကုန်ချောထုတ်လုပ်နိုင်မည့်စက်ရုံ၊ အလုပ်ရုံများ ရင်းနှီးမြှုပ်နှံနိုင်ရန်၊ ရော်ဘာကုန်ကြမ်းအရည်အသွေး မြင့်မားရေးအတွက် ဆောင်ရွက်ရန်၊ ရော်ဘာကုန်ကြမ်းဈေးကောင်း ရရှိရန်အတွက် ဈေးကွက်ရှာဖွေရန်၊ ရော်ဘာစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်နှင့် အထွက်နှုန်းကောင်းသည့် ရော်ဘာမျိုးများနှင့်မြေ၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုအခြေအနေများ လေ့လာ၍ သုတေသနပြုရန် စသည်တို့ လိုအပ်မည်ကို တွေ့ရပါကြောင်း၊ သဘာဝရော်ဘာထုတ်လုပ်သည့် နိုင်ငံများအသင်းကို ဝင်ရောက်ခြင်းဖြင့် နိုင်ငံနှင့် နိုင်ငံသူ၊ နိုင်ငံသားများအတွက် အကျိုးရှိနိုင်မည်ဖြစ်ပါကြောင်း၊ အသင်းဝင်ကြေး အမေရိကန်ဒေါ်လာ ၉၇၄၅ဒေါ်လာ ထည့်ဝင်ရန်အတွက် ကန့်ကွက်ရန်မရှိပါကြောင်းနှင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝါးခယ်မ မဲဆန္ဒနယ်မှ ဦးဇော်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁) မှ ဦးကျော်သောင်း၊ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးကင်းရှိန်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါ်နွယ်နွယ်အောင်၊ ရွှေကူ မဲဆန္ဒနယ်မှ ဦးဇာနည်မင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးနိုင်သီဟ၊ တွံတေး မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း၊ ရေဖြူ မဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးနှင့် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ယခုဝင်ရောက်မည့် သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်း (Association of Natural Rubber Producing Countries - ANRPC)သည် နိုင်ငံများ၏အစိုးရများကသာ အသင်းဝင်အဖြစ် ဝင်ရောက်ခွင့်ရှိသည့် အသင်းဖြစ်ပါကြောင်း၊ အသင်းဝင်နိုင်ငံများ၏ ကောင်းမွန်သည့် မူဝါဒ၊ အစီအစဉ်များကို လေ့လာခွင့်ရရှိပြီး မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအတွက် ရေခံ၊ မြေခံကောင်းများ တည်ရှိနေမှုအပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကောင်းများ ရရှိလာနိုင်မည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် လိုအပ်ချက်ရှိနေဆဲဖြစ်သည့် ရော်ဘာခြံရှင်ငယ်များ၏ ရော်ဘာလုပ်ငန်းတွင် နည်းပညာ၊ သုတေသနနှင့် ဈေးကွက်အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ယခုထက် ပိုမိုဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်း။

*စာမျက်နှာ ၈ သို့*

# ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၇

**၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။**

အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပညာရေးဝန်ကြီးဌာနမှ အပ်နှံသော ကျောင်းသုံးစာအုပ်များ ပုံနှိပ်ခြင်း လုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခဲ့ရာတွင် ပိုမိုတိုးတက်မှုများ ရှိလာကြောင်း၊ ကျောင်းသုံးစာအုပ်များကို အရည်အသွေးမီ အချိန်မီ ပြီးမြောက်အောင်မြင်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များကို ကျောင်းများမဖွင့်မီ တစ်ပတ်ခန့်အလိုတွင် အချိန်မီ ဖြန့်ဝေပေးနိုင်ခဲ့ပြီး သတ်မှတ်လုပ်ငန်းတာဝန်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်နှင့် အတွေ့အကြုံ၊ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ယခုနှစ်အတွက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ဆပ်ကော်မတီများ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး ကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ကျောင်းသုံးစာအုပ်အဖုံးနှင့် အတွင်းစာမျက်နှာများအတွက် အသုံးပြုမည့် စာရွက်အမျိုးအစားနှင့် စာအုပ်အရွယ်အစား၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ရိုက်နှိပ်ဖြန့်ချိနိုင်မည့် အခြေအနေ၊ တင်ဒါခေါ်ယူရိုက်နှိပ်မည့်လျာထားအခြေအနေ၊ တင်ဒါခေါ်ယူရေးဆိုင်ရာမူနှင့် စည်းကမ်းချက်များ၊ ယခင်နှစ်ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ခဲ့စဉ် စည်းကမ်းချက်နှင့် မကိုက်ညီသည့် ပုံနှိပ်လုပ်ငန်းရှင်များအား အရေးယူဆောင်ရွက်သင့်သည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက အသီးသီးဆွေးနွေးတင်ပြကြပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး လုပ်ငန်းစဉ်အား ဆုံးဖြတ်အတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်**

*ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ*

အသင်းဝင်ရောက်ရန်နှင့် နှစ်စဉ်ကြေးထည့်ဝင်ရန်ကိစ္စနှင့် ပတ်သက်၍ နှစ်စဉ်ကြေးအတွက် ဘဏ္ဍာငွေကို လျာထားဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ ပထမ (၆)လပတ်ရန်ပုံငွေတွင် ထည့်သွင်းလျာထားမှုရှိပါကြောင်း၊ အဆိုပါ လျာထားမှုတွင် နှစ်စဉ်ကြေးအတွက် ဒေါ်လာ ၅၀၀၀ ကို နှစ်လုံးပေါက်လျာထားမှု ဖြစ်သော်လည်း အသင်းတည်ရှိရာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ဖြစ်သည့် ဇန်နဝါရီ၊ ဒီဇင်ဘာလ ဘတ်ဂျက်နှစ်အရ ယခုမိမိတို့နိုင်ငံသည် ကနဦးအနေဖြင့် စက်တင်ဘာမှ ဒီဇင်ဘာလအထိ လေးလအတွက် ပေးဆောင်ရမည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆၆၆ ဒေါ်လာ ဖြစ်ပါကြောင်း၊ အသင်းဝင်ရောက်ရန်အတွက် နှစ်စဉ်ကြေးနှင့် ခွင့်ပြုချက်ရရှိရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်များရယူပြီး လုပ်ထုံး လုပ်နည်းနှင့်အညီ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံခြားရေးရာမူဝါဒကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းသို့ အဆင့်ဆင့်တင်ပြဆောင်ရွက်ပြီးသည့်အလျောက် မြန်မာနိုင်ငံအနေဖြင့် သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်း (ANRPC)သို့ ဝင်ရောက်ခွင့်ပြုရေးကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၈) ၏ သဘောတူညီချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူသွားရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် သဘာဝရော်ဘာထုတ်လုပ်သော နိုင်ငံများအသင်း (ANRPC) သို့ ဝင်ရောက်ခွင့်ပြုရေးနှင့် နှစ်စဉ်ကြေး ထည့်ဝင်ခွင့်ပြုနိုင်ရေးကိစ္စရပ်အပေါ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု၊ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဩဂုတ် ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့သို့ ဥတ္တရသီရိမြို့နယ် နေပြည်တော် Victorious Land- ကိုယ်ပိုင်အထက်ကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ အပါအဝင်ပြည်သူများ လာရောက်လေ့လာကြကြောင်းနှင့် စုစုပေါင်း ၂၀၆ ဦး တက်ရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့လာရောက်လေ့လာသူပေါင်း ၄၀၉၂၆ ဦး ရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စု လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှသက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက် ကြိုတင်ပေးပို့နိုင်ပါကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများစာရင်း ထုတ်ပြန်

**ရန်ကုန် ဩဂုတ် ၇**

ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီသည် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများစာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

မြန်မာစာဘာသာရပ်တွင် ပထမဆုကို မောင်သန့်စင်ထွန်း (ဘ) ဦးဇော်ဝင်း အထက၊ ကနီ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုကို မဇွန်လဲ့ရည် (ဘ) ဦးလှအေး အထက (၁) လယ်ဝေး နေပြည်တော်၊ တတိယဆုကို မလှိုင်းထက်နွယ် (ဘ) ဦးအောင်စိုး VEC ကိုယ်ပိုင်အထက်တန်းကျောင်း မန္တလေးတိုင်းဒေသကြီးတို့က လည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်တွင် ပထမဆုကို မစုနေခြည်မိုး (ဘ) ဦးအောင်မိုး အထက (၁)ဒဂုံ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို မောင်အောင်ခန့်မွန် (ဘ) ဦးစိုးတင် မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း မလှိုင်မြို့နယ် မန္တလေးတိုင်းဒေသကြီး၊ တတိယဆုကို မစန္ဒကူး (ဘ) ဦးဇော်ဝင်းထိန် အထက (၁) ရေနံချောင်း မကွေးတိုင်းဒေသကြီးတို့က လည်းကောင်း၊ သင်္ချာဘာသာရပ်တွင် ပထမဆုကို မောင်ထက်မြက်ထွန်း (ဘ) ဦးမင်းမင်းထွန်း ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီး၊ မောင်အောင်ဖုန်းပြည့် (ဘ) ဦးညွှန့်ဝင်း ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ရန်ကုန်တိုင်းဒေသကြီး၊ မယမင်းအောင် (ဘ) ဦးအောင်သန်း အထက(၁)ဒဂုံ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို မမေဖြူစင်ဝင်း (ဘ) ဦးကျော်ဝင်း အထက (၃) ဗိုလ်တထောင် ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုကို မအိသန္တာဖြိုး (ဘ) ဦးအောင်ကျော် CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီးတို့က လည်းကောင်း၊ ဓာတုဗေဒဘာသာရပ်တွင် ပထမဆုကို မောင်ကျော်ထက်လင်း(ဘ)ဦးနေလင်းကြိုင် အထက (၂) ကမာရွတ် ရန်ကုန်တိုင်းဒေသကြီးက လည်းကောင်း၊ ရူပဗေဒဘာသာရပ်တွင် ပထမဆုကို မဖြူဖြူခန့် (ဘ) ဦးဇော်ဝင်းထူး ကျော်ကြား ကိုယ်ပိုင်အထက်တန်းကျောင်း မန္တလေးတိုင်းဒေသကြီးကလည်းကောင်း၊ ဇီဝဗေဒဘာသာရပ်တွင် ပထမဆုကို မဖြူစင်ပြုံး (ဘ) ဦးအောင်လွင် အထက (၁)ဒဂုံ ရန်ကုန်တိုင်းဒေသကြီးကလည်းကောင်း၊ ပထဝီဝင်ဘာသာရပ်တွင် ပထမဆုကို မအိအိခိုင် (ဘ) ဦးဖိုးချို အထက (၅) မြောင်းမြ ဧရာဝတီတိုင်းဒေသကြီးက လည်းကောင်း၊ သမိုင်းဘာသာရပ်တွင် ပထမဆုကို မောင်မျိုးထက်လင်း(ဘ) ဦးတင်မောင်အေး အထက (၂) ရွှေကူ၊ ကချင်ပြည်နယ်က လည်းကောင်း၊ ဘောဂဗေဒဘာသာရပ်တွင် ပထမဆုကို နန်းစိန်ဝင်း (ဘ) ဦးကျော်ဌေး အထက(ခွဲ) ဟူးကွက် ရှမ်းပြည်နယ် (မြောက်ပိုင်း)က လည်းကောင်း အသီးသီးရရှိကြသည်။

ပညာရည်ချွန်ဆု ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ၀၁-၃၇၆၅၆၉ နှင့် စီမံရေးရာဌာန ၀၁-၃၈၁၄၄၉၊ ၀၁-၃၇၄၅၃၂ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပညာရည်ချွန်ဆုပါ ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့် အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာ သွားမည်ဖြစ်ကြောင်း နှိုးဆော်ထားသည်။

**သတင်းစဉ်**

## စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်းအမှတ်စဉ်(၈၄) သင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၇**

ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့် သင်တန်းအမှတ်စဉ် (၈၄)ကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ် နဝရတ်ခန်းမ၌ ဖွင့်လှစ်ခဲ့ရာ ပါမောက္ခချုပ် ဦးအောင်တင်စိုးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(ဓါတ်ပုံ)**





အဆိုပါ စာရေးဝန်ထမ်းကြီးကြပ်မှုတန်းမြင့်သင်တန်းသို့ ဗဟိုအဖွဲ့အစည်းများ၊ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ရုံးအုပ်၊ ဌာနခွဲစာရေးအဆင့်ရှိ သင်တန်းသား ၃၂ ဦး၊ သင်တန်းသူ ၃၉ ဦး စုစုပေါင်း ၇၁ ဦး တက်ရောက်မည် ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

နေပြည်တော် ဩဂုတ် ၇

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်၊ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်၊ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# စီးပွားရေးစကားဝိုင်း ဆွေးနွေး

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(အကြံပေး) ဦးကြည်ရှိန်တို့ ပါဝင်သော စီးပွားရေးစကားဝိုင်း အစီအစဉ်ကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်။**

*ယမန်နေ့မှ အဆက်*




**အစီအစဉ်မှူး။ ။ ရသုံးမှန်းခြေ ငွေစာရင်းနဲ့ ပတ်သက်ပြီး ပြည်သူတွေအလွယ်တကူ နားလည်သိရှိနိုင်အောင် ရှင်းလင်းပြောကြားပေးစေလိုပါတယ်။**

**ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန (အကြံပေး)ဦးကြည်ရှိန်။** ။ ရသုံးမှန်းခြေ ငွေစာရင်း ဘတ်ဂျက်ဆိုတာဟာ ကြိုတင်ခန့်မှန်းထားတဲ့စာရင်း ဖြစ်ပါတယ်။ ရှေ့လာမယ့် နှစ်တစ်နှစ်အတွင်းမှာ ဘယ်လောက်ရမယ်၊ ဘာတွေသုံးတယ်ဆိုတာကို ကြိုတင်ခန့်မှန်းတဲ့ စာရင်းတစ်ခုပါပဲ။ သူ့ရဲ့လုပ်ငန်းစဉ်က လေးရပ်ရှိပါတယ်။ တစ်ခုက ပြင်ဆင်ရေးဆွဲတာဖြစ်ပါတယ်။ ပြင်ဆင်ရေးဆွဲပြီးတဲ့အခါမှာ အရေးကြီးတဲ့အချက်ကတော့ ကျွန်တော်တို့ စီမံ/ဘဏ္ဍာ ရဲ့မူက No Sanction No Provision ပါ။ အထက်က ခွင့်ပြုမိန့်ရပြီးသားဖြစ်တဲ့ကိစ္စ မဟုတ်ရင် ကျွန်တော်တို့ ဘတ်ဂျက်ထဲမထည့်ရဘူး။

ဘတ်ဂျက်ထဲ ထည့်ပေးထားရင် သူတို့က ထုတ်သုံးတော့မှာ ဖြစ်ပါတယ်။ အဲဒီဟာက ကျွန်တော်တို့ ဘတ်ဂျက်ရဲ့မူ ဖြစ်ပါတယ်။ နောက်တစ်ခုက စိစစ်တာဖြစ်ပါတယ်။ အဆင့်ဆင့်ကို စိစစ်လာပါတယ်။ ပထမရေးဆွဲတဲ့သူက သူ့အဆင့်မှာ ဖြစ်သင့်သလား၊ မဖြစ်သင့်ဘူးလားဆိုတာ စိစစ်ရတယ်။ ဒီကတစ်ဆင့်ပေးပို့လိုက်တဲ့ ဌာနအကြီးအကဲ အဆင့်ရောက်တော့ ဌာနအကြီးအကဲက သူ့ဌာနတစ်ခုလုံးကို စိစစ်ရတယ်။ နောက်တစ်ဆင့်သက်ဆိုင်ရာဝန်ကြီးဌာနအဆင့်ရောက်တော့ ဝန်ကြီးဌာနအနေနဲ့ စိစစ်ပြီးတော့မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ပေးပို့ရခြင်းဖြစ်ပါတယ်။

အဆင့်ဆင့်တင်ပြသွားပြီးတဲ့အခါ ဘဏ္ဍာရေးကော်မရှင်အထိ ရောက်သွားပြီး ဘဏ္ဍာရေးကော်မရှင်ကလည်း စိစစ်သုံးသပ်တယ်။ သုံးသပ်ပြီးတဲ့အခါမှာ သဘောထားမှတ်ချက်နဲ့အတူ အစိုးရအဖွဲ့ကိုတင်တယ်။ အစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်ကို ဥပဒေပြုနိုင်ဖို့အတွက်တင်တယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ သေချာဆွေးနွေးညှိနှိုင်းစိစစ်ပြီးတော့မှ ဒါကိုအတည်ပြုပေးပါတယ်။ ပြီးရင် အတည်ပြုပြီးတော့ ဥပဒေပြဋ္ဌာန်းလိုက်ပါတယ်။

အရင်က လျာထားတဲ့ကိန်းဂဏန်းတွေဟာ ဥပဒေလည်းဖြစ်ရော အသက်ဝင်သွားပါတယ်။ ဥပဒေလည်းထွက်တော့ ဥပဒေကို အကောင်အထည်ဖော်ပေးရတော့မယ်။ ဒီအပိုင်းကို လက်တွေ့လုပ်လာတဲ့အခါမှာ ဘဏ္ဍာရေးစည်းမျဉ်းတို့၊ ဝန်ထမ်း စည်းမျဉ်းတို့နဲ့အညီ ဒါတွေကို အကုန်လုံး ထိန်းသိမ်းပြီးတော့ ဆောင်ရွက်သွားတာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ရသုံးမှန်းခြေငွေစာရင်းကို ဘဏ္ဍာရေးမူဝါဒအပေါ် အခြေခံပြီး ရေးဆွဲရတယ်။ ဒီလိုဆိုရင် ဘဏ္ဍာရေးမူဝါဒနဲ့ ပတ်သက်ပြီး ရှင်းလင်း တင်ပြပေးစေလိုပါတယ်။**

**ဒုတိယဝန်ကြီး။** ။ ရသုံးမှန်းခြေငွေစာရင်းကို ဘဏ္ဍာရေး မူဝါဒအပေါ်မှာ အခြေပြုပြီး ရေးဆွဲရတာဖြစ်ပါတယ်။ Fiscal Policy လို့လည်း ခေါ်ကြပါတယ်။ Fiscal Policy ကို တခြားသော Policy တွေနဲ့ ဆက်စပ်ပြီးတော့လည်း ဆောင်ရွက်ရပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေ ကိုင်တွယ်ပြီးတော့ ကျင့်သုံးတဲ့ ငွေကြေးမူဝါဒ (Monetary Policy) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ချမှတ်တဲ့ ကုန်သွယ်မှုမူဝါဒ (Trade Policy) စသည်ဖြင့် ဖြစ်ပါတယ်။ ရည်မှန်းရမှာက တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့နဲ့ တိုင်းပြည်ရဲ့ စီးပွားရေး တည်တည်ငြိမ်ငြိမ်ရှိဖို့ပါ။ ဒါကအရေးကြီးပါတယ်။ တိုင်းပြည်ရဲ့အထွေထွေ စီးပွားရေး တစ်ခုလုံးဟာ တည်ငြိမ်နေတာ အကောင်းဆုံးပါပဲ။ ဒါကို နိုင်ငံတိုင်းက ထိန်းသိမ်းဆောင်ရွက်ကြပါတယ်။ ဖွံ့ဖြိုးပြီးဖြစ်စေ၊ ဖွံ့ဖြိုးဆဲဖြစ်စေ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင် ဆောင်ရွက်နေကြပါတယ်။ ရုတ်တရက် တက်၊ ရုတ်တရက် ကျဆိုတာမျိုးဟာ မကောင်းပါဘူး။ နောက်တစ်ခုက ကိုယ့်နိုင်ငံနဲ့ သင့်တော်မယ့် မူဝါဒမျိုးလည်း ဖြစ်ဖို့လိုပါတယ်။

စီးပွားရေးတည်ငြိမ်ချင်တယ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ချင်တယ်ဆိုပြီးတော့ တခြားသော ဖွံ့ဖြိုးတိုးတက်တဲ့သာဓကတွေကို ယူပြီးတော့ တခြားနိုင်ငံကလုပ်တဲ့ မူဝါဒတွေကို ယူပြီးတော့ ပုံတူကူးချလို့မသင့်ပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်ရေမြေ၊ ယဉ်ကျေးမှု ပတ်ဝန်းကျင်နဲ့ သမိုင်းကြောင်းအစဉ်အလာ ဒါတွေအကုန်လုံးကို ကြည့်ပြီးတော့မှ သင့်တော်ကိုက်ညီတဲ့ မူဝါဒချရမှာဖြစ်ပါတယ်။ ဒီမူဝါဒတွေကို အကုန်လုံးပေါင်းစပ်ခြုံငုံပြီးတော့မှ ချထားတာက အစိုးရရဲ့စီးပွားရေးမူဝါဒတွေပါ။

ဘဏ္ဍာရေးမူဝါဒကို အလွယ်ဆုံးနဲ့ အရှင်းဆုံး အများနားလည်အောင် အနှစ်ချုပ်ပြီးတော့ တင်ပြရမယ်ဆိုရင်တော့ အရနဲ့ အသုံးပါပဲ။ ပြည်ထောင်စုတစ်ခုလုံးရဲ့အရ ဘယ်လိုရှိမလဲ၊ အသုံးဘယ်လိုရှိမလဲ ဒါကိုချမှတ်တဲ့ မူဝါဒ၊ အရအသုံးနဲ့ပတ်သက်တဲ့ မူဝါဒကို ဘဏ္ဍာရေးမူဝါဒလို့ခေါ်တာပါ။ အဲဒီတော့ ဒီအရတွေကို ဘယ်လိုရှိမလဲဆိုတာ ထပ်ပြီးချမှတ်တာက အခွန်မူဝါဒပါ။ မူဝါဒချပြီး အခွန်တွေကို ဘယ်လိုကောက်ခံမယ်။ ရေရှည်မှာ အခွန်ပေါ်မှာပဲ ရပ်တည်ပြီးတော့မှ အစိုးရက သူ့ရဲ့အသုံးစရိတ်တွေကို သုံးစွဲသင့်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အခုအနေအထားမျိုးမှာ အခွန်အပေါ်မှာလည်း ရပ်တည်တာရှိသလို နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေရဲ့ ရတဲ့ငွေအပေါ်မှာလည်း ရပ်တည်တာရှိပါတယ်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ SEE တွေကိုလည်း SEE နဲ့ပတ်သက်တဲ့ မူဝါဒတွေချမှတ်ပြီး SEE တွေကနေ ဘယ်လိုရအောင်ရှာမယ်ဆိုတာ လုပ်ရပါတယ်။ အသုံးစရိတ်ကျတော့ အသုံးစရိတ်မူဝါဒကိုဆွဲပြီး အသုံးစရိတ်မူဝါဒမှာလည်း ဦးစားပေးသင့်တာကို ဖော်ပြရပါတယ်။ နိုင်ငံတော်မှာ လိုအပ်တာတွေ အများကြီး ရှိပါတယ်။

အသုံးစရိတ်နဲ့ပတ်သက်ပြီး ကဏ္ဍတိုင်းမှာ၊ နေရာတိုင်းမှာ၊ ဒေသတိုင်းမှာ လိုအပ်ချက်တွေ အများကြီးရှိပါတယ်။ အားလုံးလွှမ်းခြုံမိအောင်၊ အားလုံးကာမိအောင်လည်း ရငွေအရင်းအမြစ်က လုံလောက်မှု မရှိနိုင်ပါဘူး။ လိုအပ်တာတွေကို စီမံကိန်းနဲ့ ဆက်စပ်ပြီးတော့မှ ဦးစားပေးမယ်၊ လျှပ်စစ်ကို ဘယ်လိုဦးစားပေးမယ်၊ လမ်းပန်းဆက်သွယ်ရေးကို ဘယ်လိုဦးစားပေးမယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေကို ဘယ်လိုဦးစားပေးမယ်။ အဲဒီဟာတွေက တစ်ပိုင်း၊ သာမန်အသုံးစရိတ်တွေက တစ်ပိုင်းပေါ့။ ဝန်ထမ်းအဖွဲ့အစည်းတွေမှာ သာမန်အသုံးစရိတ်နဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ဆိုတာ ရှိပါတယ်။ သာမန်အသုံးစရိတ်က အကြမ်းအားဖြင့် ၇၀ ၊ ၇၅ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ် ၃၀၊ ၂၅ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒါက နိုင်ငံတကာမှာလည်း ဒီအချိုးအစားတွေနဲ့ သွားကြတာဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အပိုင်းမှာလည်း ဌာနအဖွဲ့အစည်းတွေကသုံးမယ့် အသုံးစရိတ်တွေ ဝန်ထမ်းအတွက် လစာတွေအပါအဝင် လုပ်ငန်းလည်ပတ်တဲ့ အသုံးစရိတ်တွေ ပါဝင်ပါတယ်။

ဒီနေရာမှာ ရငွေတွေနည်းနေတဲ့အတွက် ရငွေတိုးရချင်ဇောနဲ့ အခွန်တွေကို အများကြီးတိုးကောက်လိုက်ရင် တည်ငြိမ်မှုကို ထိခိုက်နိုင်ပါတယ်။ ပြည်သူရဲ့လိုလားချက်၊ ပြည်သူကို ဗဟိုပြုတဲ့အပိုင်းမှာ အားနည်းသွားလိမ့်မယ်။ တစ်ဖက်ကလည်း အသုံးစရိတ်တွေများနေလို့ အသုံးစရိတ်လျှော့ချင်ဇောနဲ့ လျှော့လိုက်ပြန်ရင်လည်း ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါတယ်။ အသုံးစရိတ်မသုံးရင်တော့ ဖွံ့ဖြိုးတိုးတက်မှုရမှာမဟုတ်ဘူး။ အသုံးစရိတ်သုံးမှသာ ဖွံ့ဖြိုးတိုးတက်မယ်။ ဒါကြောင့် ရချင်တာနဲ့ တိုးချင်တိုင်း တိုးလို့မသင့်သလို အသုံးငွေတွေကို လျှော့ချင်တိုင်း လျှော့သုံးလို့လည်း မသင့်တော်ပါဘူး။ ဒါကြောင့်မို့ အရကိုလည်း သင့်တင့်မျှတအောင်၊ လုံလောက်အောင် ရှာဖွေ ရမှာ ဖြစ်သလို အသုံးစရိတ်ကိုလည်း မျှတအောင်နဲ့ထိရောက်ပြီး အကျိုးရှိအောင် စနစ်တကျ အစီအစဉ်တွေဆွဲပြီးတော့ လုပ်ရပါတယ်။

လိုငွေဖြစ်ပေါ်မှုနဲ့ပတ်သက်လို့ လိုငွေပြသင့်ရင်ပြမှာပဲ။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဘတ်ဂျက်အနေအထားက လိုငွေပြနေတယ်။ လိုငွေပြနေတာကို ဝေဖန်တဲ့သူတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ရဲ့အနေအထားအရ အခုလောက် လိုငွေလေးနဲ့ သွားနေတဲ့ အခြေအနေဟာ ရေရှည်မှာ တိုင်းပြည်အတွက် ကြွေးမြီ ဝန်ထုပ်ဝန်ပိုးကို မဖြစ်ရလေအောင် ထိန်းသိမ်းပြီးဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ရတာထက်ပိုပြီး သုံးနေတာတော့ မှန်တယ်။ ဒါပေမယ့် ဒီလိုသုံးမှ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်တာဖြစ်တဲ့အတွက်ကြောင့် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

အစိုးရကနေ ဘတ်ဂျက်အသုံးစရိတ်တွေ ဦးဆောင်ပြီးတော့ သုံးစွဲလိုက်တော့မှ တိုင်းပြည်ရဲ့ ကဏ္ဍအားလုံး၊ ဒေသအားလုံးကို အကုန်လုံး ပျံ့နှံ့သက်ရောက်ပြီးတော့ စီးပွားရေးကို ဦးဆောင်ပြီး သွားတာဖြစ်ပါတယ်။ စီးပွားရေးလည်ပတ်မှု ကောင်းနေတယ်၊ ဈေးကွက်မှာ ငွေကြေးတွေများနေတယ်ဆိုရင်လည်း အစိုးရက ဒီအချိန်မှာ ထိန်းသိမ်းပြီးသုံးရမှာဖြစ်ပါတယ်။ လိုအပ်သလို လျှော့သုံးတာနဲ့ ပိုသုံးတာတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဘဏ္ဍာရေးမူဝါဒနဲ့ ဘတ်ဂျက်မူဝါဒတွေမှာ Expansionary Policy ၊ Contractionary Policy တို့ ရှိကြပါတယ်။ နိုင်ငံတကာမှာ ဒီလိုပဲ လုပ်ကြတာပါ။

**အစီအစဉ်မှူး။ ။ ငွေကြေးတွေကို ဥပဒေအရ သတ်မှတ်ထားတာထက် ပိုသုံးခွင့်မရှိဘူး။ ဒီအခြေအနေအပေါ်မှာလည်း သိပါရစေ။**

**ဒုတိယဝန်ကြီး။** ။ ပိုရရင်ရတယ်၊ ပိုရရင်ရတဲ့ အကြောင်းအရာကို ဖော်ပြပြီး ရသလောက် ဘယ်လောက်ပဲ ပိုရရ ရပါတယ်။ သုံးတဲ့အပိုင်းမှာတော့ ဥပဒေမှာ ဖော်ပြထားတဲ့ နောက်ဆက်တွဲဇယားပါ ကိန်းဂဏန်းထက် ကျော်သုံးလို့မရပါဘူး။ တစ်ပြားတစ်ချပ်မှ ကျော်သုံးလို့မရပါဘူး။ ဒီဥပဒေအတိုင်းပါပဲ။ ဥပဒေမှာ ဖော်ပြထားတဲ့ ကိန်းဂဏန်းအတွင်းမှာ ခေါင်းစဉ်တစ်ခုနဲ့ တစ်ခု လွှဲပြောင်းပြီးတော့ သုံးလို့ရချင်ရမယ်။ စုစုပေါင်းမှာတော့ ကျော်လို့မရပါဘူး။ ဒါက ဥပဒေရဲ့အနှစ်သာရပါပဲ။

**အစီအစဉ်မှူး ။ ။ ဆက်လက်ပြီးတော့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေကိုအကျိုးပြုတဲ့ စီမံကိန်းတွေဖြစ်အောင် ကဏ္ဍအလိုက်၊ ဒေသအလိုက်ဘယ်လိုရေးဆွဲတယ်ဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

**ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်။** ။ ကျွန်တော်တို့စီမံကိန်း ရေးဆွဲတယ်ဆိုတာ နိုင်ငံတော်ရဲ့မူဝါဒတွေအရ ရည်မှန်းချက်တွေရောက်ရှိအောင် ရေးဆွဲရတာပါ။ ဒီလို ရေးဆွဲလိုက်တဲ့အတွက် စီမံကိန်းဆိုတာ ရေးဆွဲပြီးရင် အကောင်အထည်ဖော်ရတယ်။ ဒီလိုအကောင်အထည်ဖော်လိုက်တဲ့အခါမှာ သာမန် ပြီးပြီးရောဆိုတဲ့ အနေအထားမဟုတ်ဘဲ သတ်မှတ်ထားတဲ့ ရည်မှန်းချက်ကို ဖြစ်အောင်ဖော်ရမယ့်အနေအထား ဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်ရင်းနဲ့ပဲ ကျွန်တော်တို့ စီမံကိန်းရဲ့ ဩဇာသက်ရောက်မှုကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားတွေအားလုံးဟာ ဒီစီမံကိန်းချပြီး ဆောင်ရွက်နေတဲ့ လမ်းကြောင်းထဲ အကုန်ပါသွားရမှာ ဖြစ်ပါတယ်။

အဲဒီတော့ စီမံကိန်းဆိုတာကလည်း ဒီနှစ်ရေးဆွဲတဲ့ စီမံကိန်းရဲ့ အတွေ့အကြုံရလဒ်အပေါ်မှာ မူတည်ပြီးတော့ နောင်လာမယ့်နှစ်အတွက် ကျွန်တော်တို့က ရေးဆွဲတာရှိတယ်။ ဒီလိုပဲစီမံကိန်းဆိုတာ တစ်နှစ်နဲ့တစ်နှစ် အဆက်မပြတ် ဆက်စပ်သွားရတာရှိတယ်။ အကောင်အထည်ဖော်တဲ့အခါမှာလည်း တစ်နှစ်ရဲ့အကောင်အထည်ဖော်မှုမှားတာတွေကိုပြင်၊ မှန်တာတွေကိုယူ၊ ပိုပြီးတော့ အားကောင်းအောင် ဆောင်ရွက်ရင်းနဲ့ ဒီစီမံကိန်းရဲ့ဖြစ်စဉ်တွေကို တိုးတက်အောင် ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီတော့ ဒီစီမံကိန်းတွေ ထိရောက်ဖို့ဆိုရင် အဓိကကတော့ မူဝါဒတွေအရေးကြီးပါတယ်။ မူဝါဒတွေက ခိုင်ခိုင်မာမာနဲ့ Realistic ဖြစ်ဖို့ လိုပါတယ်။ ဒါ့အပြင် ဦးစားပေး အစီအစဉ်တွေကလည်း လိုအပ်ချက်နဲ့အညီ ဖြစ်ဖို့ လိုအပ်ပါတယ်။ ကိုယ့်ရေမြေသဘာဝ ကိုယ့်နိုင်ငံရဲ့ အခြေအနေနဲ့ ညီညွတ်ဖို့လည်းလိုပါတယ်။ အဲဒါမှ မူဝါဒလည်းကောင်းမယ်။ စောစောက ပြောတဲ့ ဦးစားပေးမှုအစီအစဉ်တွေကလည်း ထိရောက်တယ်။ ဒီဦးစားပေးမှု အစီအစဉ်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကြေး အရင်းအမြစ်ကလည်း ဆောင်ရွက်ပေးနိုင်တယ်ဆိုရင် ကျွန်တော်တို့မှန်းတဲ့ ရည်မှန်းချက်တွေကို ရောက်တာပါ။

ကဏ္ဍအလိုက်စီမံကိန်းတွေနဲ့ ဒေသန္တရစီမံကိန်းတွေ ရေးဆွဲတဲ့အခါမှာ နိုင်ငံသူနိုင်ငံသားတွေ အကျိုးရှိအောင်စဉ်းစားပြီး ဆောင်ရွက်ရမယ့်အချက်တွေ ရှိတယ်။ နံပါတ်တစ်အချက်အနေနဲ့ ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ဆောင်ချက်တွေ၊ လူမှုရေး လုပ်ဆောင်ချက်တွေဟာ နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေနဲ့အညီ ပိုမိုခိုင်မာလာအောင် ထိန်းကျောင်းဆောင်ရွက်ပေးဖို့လိုပါတယ်။

နောက်တစ်ချက်က အခုတွေ့ကြုံနေရတဲ့ စီးပွားရေး၊ လူမှုရေးအခက်အခဲတွေကိုလည်း လျှော့ချနိုင်အောင် ဒီနှစ်စီမံကိန်းထဲမှာ ထည့်သွင်းစဉ်းစားပြီးတော့ ရေးဆွဲခဲ့ပါတယ်။ ဒီလိုပဲ အရင်နှစ်ကရခဲ့တဲ့ ကောင်းကျိုးတွေကို ပိုပြီးတော့ခိုင်မာအောင် ရေးဆွဲခဲ့ပါတယ်။ နောင်လာမယ့်နှစ်တွေအတွက်လည်း စဉ်းစားပြီးတော့ ဖြစ်လာနိုင်တဲ့ ဆိုးကျိုးတွေကို လျှော့ပါးသွားအောင် အစီအမံတွေ ကြိုတင်စီစဉ်ထားရှိခဲ့ပါတယ်။

နောက်တစ်ချက်က ဆောင်ရွက်ချင်တဲ့ စီမံကိန်းရည်မှန်းချက်တွေဟာ လက်ရှိအခြေအနေနဲ့ ကိုက်ညီတဲ့ ဦးစားပေးလုပ်ငန်းတွေ ဖြစ်ဖို့လိုပါတယ်။ ဦးစားပေးအကြောင်းအရာတွေ ဖြစ်ဖို့လိုပါတယ်။ ဦးစားပေးဒေသတွေဖြစ်ဖို့ လိုပါတယ်။ ပြီးတော့ ချမှတ်မယ့် စီမံကိန်းရည်မှန်းချက်တွေကလည်း ကျွန်တော်တို့ လိုအပ်နေတဲ့ အချိန်နဲ့လုပ်နိုင်တဲ့ အချိန်နဲ့ Timing ကိုက်ဖို့လည်း လိုတယ်။ Timing မကိုက်ရင်လည်း ရည်မှန်းချက်ကို အပြည့်အဝရရှိဖို့ခက်ခဲမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကိုလည်း အကျိုးရှိအောင်ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ လိုအပ်နေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ GDP မှာ ပုဂ္ဂလိက ကဏ္ဍက ၉၀ ရာခိုင်နှုန်းကျော်ပါတယ်။ ပုဂ္ဂလိက ကဏ္ဍမှာရှိတဲ့ လုပ်ငန်းတွေ၊ စီးပွားရေးတွေ ပိုမိုကောင်းမွန်အောင် ပုဂ္ဂလိက ကဏ္ဍကို အားပေးမြှင့်တင်ဖို့လည်း လုပ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် စီမံကိန်းတွေ ဆောင်ရွက်တဲ့အခါမှာ လူသားအရင်းအမြစ်တွေ ပြည့်စုံရပါမယ်။ နည်းပညာနဲ့ ငွေကြေးအရင်းအနှီးတွေ ပြည့်စုံရပါမယ်။ နောက်ပြီး စီမံကိန်းကို အကောင်အထည်ဖော် နိုင်ဖို့အတွက် သတ်မှတ်ထားတဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ရပါမယ်။ အဲလိုမှမဟုတ်ရဘဲ စီမံကိန်းတွေဟာ ဥပဒေနဲ့ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းသတ်မှတ်ချက်မရှိဘဲ ဆောင်ရွက်ပါက မူလချမှတ်ထားတဲ့ ရည်မှန်းချက်အတိုင်း ဖြစ်ပေါ်ဖို့ အခက်အခဲရှိတာ တွေ့ရှိရပါတယ်။

ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေမရှိတဲ့အခါကျတော့ သွားရတဲ့လမ်းကြောင်းက ဖြောင့်ဖြောင့်တန်းတန်း မရှိဘူး။ ဒါတွေကို ကျွန်တော်တို့က အဓိကထား ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း ကဏ္ဍအလိုက် စီမံကိန်းနဲ့ ဒေသန္တရ စီမံကိန်းတွေသာမက အမျိုးသားစီမံကိန်းမှာလည်း ဒါကိုအဓိကထားဆောင်ရွက်ခဲ့ပါတယ်။

နောက်ဆုံးအချက်အနေနဲ့ ပြောချင်တာကတော့ စီမံကိန်းတွေဟာ ပြည်သူလူထုအတွက် အကျိုးရှိထိရောက်ဖို့ အရေးကြီးပါတယ်။ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ အကောင်အထည်ဖော်လိုက်လို့ ရရှိလာမယ့် စီမံကိန်းရလဒ်တွေဟာ ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ရပ်ကို ဖန်တီးပေးနိုင်ရမှာ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့စီးပွားရေးကို ကိုယ့်ခွန်၊ ကိုယ့်အား၊ ကိုယ့်ခြေ၊ ကိုယ့်လက်နဲ့ သွားလာနိုင်တဲ့အထိ ဦးစားပေး ရည်မှန်းထားပြီးတော့ ဆောင်ရွက်သွားရမယ်ဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။

*စာမျက်နှာ(၁၀)သို့*

စာမျက်နှာ(၉)မှ

**အစီအစဉ်မှူး ။ ။ ပြည်ထောင်စုရဲ့ရသုံးမှန်းခြေငွေစာရင်းကို အကောင်အထည်ဖော်တဲ့အခါမှာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လောက်ထိအကျိုးပြုလဲ၊ ဘယ်လိုအကျိုးပြုလဲဆိုတာကို ရှင်းပြပေးပါ။**

**ညွှန်ကြားရေးမှူးချုပ်ဒေါ်နွဲ့နွဲ့ဝင်း ။ ။** ရသုံးမှန်းခြေငွေစာရင်းဆိုတာ တကယ်တမ်းကျတော့ ပြည်သူ့ဘဏ္ဍာပဲ ဖြစ်ပါတယ်။ ရသမျှ ငွေအားလုံးကလည်း ပြည်သူ့ဘဏ္ဍာရန်ပုံငွေ ငွေထဲပဲထည့်ရပါတယ်။ အဲဒီတော့ သုံးစွဲသမျှ ဘဏ္ဍာငွေဟာလည်း ကျွန်မတို့ ပြည်သူ့ဘဏ္ဍာရန်ပုံငွေ ငွေထဲကပဲ ထုတ်ယူသုံးစွဲရပါတယ်။ အဲဒီလိုသုံးစွဲတဲ့အခါမှာ ဥပဒေနဲ့ပြဋ္ဌာန်းပြီးတော့မှ ဘတ်ဂျက်ခွင့်ပြုငွေ (Budget Allotment) အရပဲ သုံးစွဲရပါတယ်။ ဒါကြောင့်မို့လို့ ရငွေတွေကိုလည်း ပြည့်ပြည့်ဝဝကောက်ခံရရှိဖို့လိုအပ်ပါတယ်။ သုံးစွဲတဲ့အသုံးစရိတ်တွေကိုလည်း ထိထိရောက်ရောက်သုံးစွဲဖို့ လိုအပ်ပါတယ်။ ဒါမှလည်း နိုင်ငံတော်အတွက် အကျိုးရှိမှာဖြစ်ပါတယ်။

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် အခြေခံအဆောက်အအုံတွေဖြစ်တဲ့ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေးတို့မှာ လိုအပ်ပါတယ်။ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတွေမှာ လိုအပ်ပါတယ်။ ဥပမာအားဖြင့် ပညာရေးကဏ္ဍပါ။ ပညာရေးကဏ္ဍမှာဆိုရင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နဲ့ ယှဉ်ရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ခြောက်နှစ်တာကာလမှာ ၅ ဒသမ ၆ ဆ တိုးမြှင့်သုံးစွဲနိုင်ခဲ့ပါတယ်။ ကျန်းမာရေးကဏ္ဍမှာဆိုရင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နဲ့ယှဉ်ရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၁၂ ဆတိုးမြှင့်ပြီး သုံးစွဲပေးခဲ့ပါတယ်။ လျှပ်စစ်စွမ်းအားကဏ္ဍမှာဆိုရင် စုစုပေါင်းအသုံးစရိတ်ရဲ့ ၂၅ ရာခိုင်နှုန်းကို သုံးစွဲပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကတော့ အသုံးစရိတ် အများဆုံးဆိုပြီး ပြည်သူတွေက ပြောကြပါတယ်။ တကယ်တမ်းကျတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှာ သုံးစွဲတဲ့ အသုံးစရိတ်တွေက နိုင်ငံတော်အတွက်သုံးစွဲတဲ့ အသုံးစရိတ်တွေပဲ ဖြစ်ပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စုစုပေါင်းအသုံးစရိတ်ရဲ့ ၉၂ ရာခိုင်နှုန်းဟာ နိုင်ငံတော်အတွက်ပဲသုံးတာဖြစ်ပြီး ၈ ရာခိုင်နှုန်းလောက်ပဲ ဌာနက အသုံးစရိတ်သုံးတာပဲ ဖြစ်ပါတယ်။ ဘယ်လိုမျိုးအသုံးစရိတ်တွေလဲဆိုရင် ပြည်ထောင်စုက တိုင်းဒေသကြီး/ ပြည်နယ်တွေကိုပေးတဲ့ ထောက်ပံ့ငွေတွေ ပါပါတယ်။ နိုင်ငံတကာကို ပေးရတဲ့ ထည့်ဝင်ကြေးတွေပါပါတယ်။ ပြည်တွင်း/ပြည်ပ အရင်းဆပ်တာတွေ၊ အတိုးပေးတာတွေ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဘတ်ဂျက်မှာပါပါတယ်။ အရေးပေါ်ရန်ပုံငွေတွေ လျာထားတဲ့အခါမှာလည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ထဲမှာပါပါတယ်။ ဒါကြောင့်မို့လည်း ကျွန်မတို့မြန်မာနိုင်ငံ၏ အသုံးစရိတ်မူဝါဒရဲ့ ဦးစားပေးမူဝါဒအတိုင်း လျှပ်စစ်ကဏ္ဍ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေမှာ ကျွန်မတို့ ပိုမိုသုံးစွဲနေတာဖြစ်ပါတယ်။ လူမှုရေး အသုံးစရိတ်အနေနဲ့လည်း ဒီနှစ်မှာဆိုရင် အသက် ၈၅ နှစ်အထက် ဘိုးဘွားတွေကို ထောက်ပံ့ဖို့ရှိပါတယ်။ ဒါကြောင့်မို့လို့ ရသုံးမှန်းခြေ ငွေစာရင်းဟာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အများကြီး အထောက်အကူပြုတယ်လို့ တင်ပြလိုပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ချင်းတွင်း၊ စစ်တောင်း၊ သံလွင်နှင့် ငဝန်မြစ်များ၏ စိုးရိမ်ရေမှတ်အခြေအနေ

**နေပြည်တော် ဩဂုတ် ၇**

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်များ၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ ဘားအံမြို့နယ်နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ဒိုက်ဦးမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆောမြို့နယ် ပရဟိတအဖွဲ့က သွားရောက်ထောက်ပံ့

**ဆော ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်၏ လူမှုရေးအဖွဲ့အစည်းများဖြစ်သည့် ကမ်းမည့်လက် ပရဟိတအဖွဲ့နှင့် DMG မြန်မာနိုင်ငံ ကားမောင်းကြသူများ အဖွဲ့တို့သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၆ ရက်က သွားရောက်ထောက်ပံ့လှူဒါန်းကြသည်။ **(ယာပုံ)**



ထိုသို့ ထောက်ပံ့ရာတွင် ဒိုက်ဦးမြို့နယ် မြစ်ကျိုးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်ထံ ငွေကျပ်သုံးသိန်း၊ ဆန်ရှစ်ပြည်၊ ဆီလေးပိဿာ၊ ရေသန့် ၁ လီတာ ၁၀ ကတ်၊ မုန့်မျိုးစုံတစ်ဖာ၊ ကြက်သွန်ဖြူတစ်အိတ်တို့နှင့် အိုးခွက်ပန်းကန်များကိုလည်းကောင်း၊ ထောက်ပံ့ရေးဆောင်ရွက်နိုင်ရန် ကူညီပေးသည့် ပဲခူးမြို့မှ ဆရာတော်အား အသက်ကယ်ဝတ်စုံ ငါးစုံအတွက် ငွေကျပ်တစ်သိန်းနှစ်သောင်း ငါးထောင်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ဘုရားချောင်းကျေးရွာ အိမ်ခြေ ၁၀၀ ကျော်အတွက် တစ်အိမ်ထောင်လျှင် ဆန်လေးပြည်၊ ဆီတစ်ပိဿာ၊ ယမ်းယမ်အထုပ်သေးနှစ်ထုပ်၊ ရေသန့် တစ်လီတာတစ်ကတ်၊ ကောင်းမွန်မုန့်ထုပ် ငါးထုပ်နှင့် အဝတ်အထည်များကိုလည်းကောင်း ထောက်ပံ့ခဲ့ကြသည်ဟု သိရသည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့ ဆော၊ ကျောက်ထု၊ လောင်းရှည်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာနေ စေတနာရှင်တွေက လှူဒါန်းလိုက်တဲ့ ငွေ၊ ဆန်၊ ဆီ အစားအသောက်နဲ့ အဝတ်အထည် အစရှိတာတွေကို အလှူရှင်တွေ အရောက်အပေါက်နည်းသေးတဲ့ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာတွေကို သွားရောက်ထောက်ပံ့တာဖြစ်ပါတယ်။ ရေဘေးသင့်ပြည်သူတွေထံကို ဒုတိယအကြိမ် သွားရောက်ထောက်ပံ့သွားဖို့ ကျွန်တော်တို့အဖွဲ့ အခုစီစဉ်နေပါတယ်။ အခုလို ရေဘေးသင့်ပြည်သူတွေကို သွားရောက်ထောက်ပံ့ပေးနိုင်ရေးအတွက် ဆောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်း၊ မော်တော်ယာဉ်စီစဉ်ပေးသော မကွေးတိုင်းဒေသကြီး "DMG" မှညီအစ်ကိုများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော ယောဒေသ ဆောမြို့မှ စေတနာ့အလှူရှင်များနှင့် ပွင့်ဖြူမြို့နယ်မှ " DMG"ညီအစ်ကိုများကို အထူးကျေးဇူးတင်ရှိပါတယ်"ဟု ဆောမြို့နယ် "DMG" အဖွဲ့ ဦးအောင်သန်းဇော်နှင့် ကမ်းမည့်လက် ပရဟိတအဖွဲ့မှ ဦးဇော်မင်းဦးတို့က ပြောသည်။

၁၀၁

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေသဖြင့် ရေယာဉ်လိုင်းများပြေးဆွဲမှု ယာယီပိတ်ထား

**မုံရွာ ဩဂုတ် ၇**

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့နှင့် အထက်ပိုင်းဒေသများ ဖြစ်သော မင်းကင်းမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေသဖြင့် မုံရွာမြို့မှ အထက်ပိုင်းဒေသများသို့ ပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ်များနှင့် လူစီးအမြန်ရေယာဉ်လိုင်းများကို ယာယီရပ်ဆိုင်းထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ သိရသည်။

" အထက်ပိုင်း မြို့နှစ်မြို့နဲ့ မုံရွာမြို့မှာ ချင်းတွင်းမြစ်ရေက စိုးရိမ်ရေမှတ်အထက်ကို ရောက်နေတဲ့အတွက် ရေယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခရီးသည်များ အသက်အန္တရာယ်လုံခြုံချောမွေ့စေရေးအတွက် ရေယာဉ်လိုင်းတွေကို ပိတ်ထားပါတယ်၊ ဒီအတောအတွင်းမှာ ခရီးသွားပြည်သူတွေ အဆင်ပြေစေဖို့အတွက် ပြည်တွင်းရေကြောင်းဌာနက တနင်္လာနေ့မှာ ပင်လုံသင်္ဘောကြီးနဲ့ သောကြာနေ့မှာ ချမ်းငြိမ်းသင်္ဘောကြီးတွေနဲ့ ပြေးဆွဲပေးနေပါတယ်။ ချင်းတွင်း အထက်ပိုင်းဒေသတွေမှာ မြစ်ရေ ပြန်လည်ကျဆင်းသွားလို့ ၈၀၀ စင်တီမီတာအောက်ရောက်ရင်တော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ရေယာဉ်လိုင်းတွေကို ပြန်လည်ပြေးဆွဲခွင့်ပြုပေးသွားမှာပါ။ အခုလောလောဆယ်ကတော့ ကုန်တင်ရေယာဉ်လိုင်းတွေနဲ့ လူစီးအမြန်ရေယာဉ်လိုင်းတွေကို ပြေးဆွဲမှု ရပ်နားထားပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီအတွင်းရေးမှူး ဦးဇော်ဝင်းက ပြောသည်။



ယခုလက်ရှိတွင် ချင်းတွင်းမြစ်ရေသည် မုံရွာမြို့ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက် ၁၀၀၆ စင်တီမီတာသို့ လည်းကောင်း၊ ကနီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂၇၀ စင်တီမီတာအောက် ၁၁၉၈ စင်တီမီတာသို့လည်းကောင်း၊ မင်းကင်းမြို့တွင် ယင်းမြို့ စိုးရိမ်ရေမှတ် ၁၃၅၀စင်တီမီတာအထက် ၁၃၇၀ စင်တီမီတာသို့ လည်းကောင်း၊ ကလေးဝမြို့တွင် စိုးရိမ်ရေမှတ် ၁၅၅၀ စင်တီမီတာအောက် ၁၅၃၅ စင်တီမီတာသို့ လည်းကောင်း အသီးသီး ရောက်ရှိလျက်ရှိကြောင်း သိရသည်။

အထက်ချင်းတွင်း ဒေသများသို့ မုံရွာမြို့အခြေပြု ပြေးဆွဲလျက်ရှိသော လူစီး အမြန်ရေယာဉ် အသင်း ၁၁ သင်း၊ ဖောင်းပြင်မြို့အခြေပြု လူစီးအမြန်ရေယာဉ် နှစ်သင်း၊ ဟုမ္မလင်းမြို့အခြေပြု လူစီးအမြန် ရေယာဉ် ၁၆ သင်း၊ ခန္တီးမြို့အခြေပြုလူစီးအမြန်ရေယာဉ် ခုနစ်သင်း စုစုပေါင်း ၃၆ သင်းတွင် အစင်းရေ ၁၉၆ စင်း၊ ကုန်တင်ရေယာဉ် ၃၁၄ စင်း ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)

❋ **ကျော့ဖုံးမှ**

ပြည်သူလူထု၏ လှုပ်ရှားမှုပုံရိပ်မှတ်တမ်းဓာတ်ပုံများ၊ သတင်းထုတ်ပြန်ချက်များ၊ အရေးတော်ပုံကာလအတွင်း အသုံးပြုခဲ့သည့်အလံများနှင့် အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသထားသည့်အပြင် အရေးတော်ပုံနှင့် ပတ်သက်သည့် ကာတွန်းများ၊ ပိုစတာများကို အများပြည်သူကြည့်ရှုနိုင်ရန် ပြကွက်များဖြင့် ပြသထားသည်။

အဆိုပါ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၆ ရက် မှ ၈ ရက်အထိ ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်း၌ သုံးရက်ကြာ ပြုလုပ်လျက်ရှိပြီး ဩဂုတ် ၈ ရက်တွင် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ် (၃၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ကြီး(ပဏ္ဍိတ)

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/ ၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂-၈-၂၀၁၈) ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၂၅-၆-၂၀၁၈) ရက်နေ့မှ (၂၆-၇-၂၀၁၈) ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ရှစ်ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် သုံးဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ၁၆ ဦး ပေါင်း ၂၁ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ခြောက်ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၂၄ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၄၂၅ ဦး နှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၁၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၆၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု Scaling Up Nutrition (SUN) Movement ဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၇**

**ပြည်ထောင်စုလွှတ်တော်ကကြီးမှူး၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့ ပူးပေါင်းကျင်းပသော အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု Scaling Up Nutrition (SUN) Movement ဆိုင်ရာဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ဝင်း သဘင်ဆောင်၌ ကျင်းပသည်။** (ဓါတ်ပုံ)

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်းနှင့် အတွင်းရေးမှူး ဦးဘိုဘိုဦး၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) မှ Nutrition Specialist ဒေါက်တာကျော်ဝင်းစိန်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ National Professional Officer ဒေါက်တာမျိုးပိုင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**ရှင်းလင်းဖြေကြား**

ဆွေးနွေးပွဲတွင် "အာဟာရနှင့် အားကစား"၊ အာဟာရနှင့် ဖွံ့ဖြိုးတိုးတက်မှု"၊ "မြန်မာနိုင်ငံ၏ အာဟာရအခြေအနေ" နှင့် "အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု" ခေါင်းစဉ်များဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက အပြန်အလှန်မေးခွန်းများမေးမြန်း၍ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မင်္ဂလာဈေးသစ် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းခန့်တွင် အပြီးတည်ဆောက်သွားရန် ခန့်မှန်းထား

**ရန်ကုန် ဩဂုတ် ၇**

မင်္ဂလာဈေးအဆောက်အအုံသစ်အား လူဦးရေ လေးသောင်းနီးပါး အသုံးပြုနိုင်သော နိုင်ငံတကာအဆင့်မီ ဈေးသစ်ကြီးအဖြစ် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းခန့်တွင် အပြီးတည်ဆောက်သွားရန် ခန့်မှန်းထားကြောင်း ဈေးဆောက်လုပ်လျက်ရှိသည့် ဆန်းမြတ်ထွန်း ဆောက်လုပ်ရေးလုပ်ငန်းထံမှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ တင်ဒါအောင်မြင်ပြီးနောက် ၂၀၁၈ ခုနှစ် မေလမှစတင်၍ မြေပြင်အကြိုလုပ်ငန်းများ စတင်ခဲ့ကြောင်း သိရသည်။ လက်ရှိတွင် အောက်ခံဖောင်ဒေးရှင်းအတွက် ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဆောက်လုပ်ရေးလုပ်ငန်း တစ်ခုလုံးအတွက် ၆ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ဆောက်လုပ်ရေးလုပ်ငန်းများအား တတိယအဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံခြားကုမ္ပဏီတစ်ခု၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်လျက်ရှိသည့်အပြင် တည်ဆောက်ရေးကာလအတွင်း စံချိန်စံညွှန်းမီဆောက်လုပ်နိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ကြီးကြပ်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

"လက်ရှိ မင်္ဂလာဈေးက ရန်ကုန်မြို့ရဲ့အကြီးဆုံး လက်ကားဈေးကြီးဖြစ်တယ်။ ဒီလက်ကားဈေးကြီးကို ထပ်ပြီး အဆင့်မြင့်အောင်၊ ပိုပြီးကြီးမားလာအောင် ကျွန်တော်တို့က အတွေ့အကြုံတွေ၊ နိုင်ငံတကာစီမံခန့်ခွဲမှုနည်းပညာတွေနဲ့ပေါင်းပြီး အမြဲတမ်းသစ်လွင်နေပြီး စီးပွားရေးမောင်းနှင်မှု အားကောင်းတဲ့ အချက်အချာကျတဲ့ အရောင်းစင်တာကြီးတစ်ခု ဖြစ်လာအောင် တည်ဆောက်နေတာဖြစ်ပါတယ်"ဟု ဆန်းမြတ်ထွန်းကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာနေလင်းထွန်းက ပြောသည်။

ယခင်မီးသင့်လောင်ခဲ့သော မင်္ဂလာဈေးဟောင်းတွင် ရောင်းချနေသော ဈေးသူ ဈေးသား ၄၀၀၀ ခန့်မှာ လက်ရှိအချိန်၌ အပြင်တွင် ဆိုင်ခန်းများ ငှားရမ်းရောင်းချနေရပြီး ဈေးသစ်တည်ဆောက်ပြီးပါက မြေညီထပ်မှ ငါးလွှာအထိကို အဆိုပါ ဈေးသူဈေးသားများအား ပြန်လည်နေရာချထားပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အသစ်ဆောက်လုပ်လျက်ရှိသော ဈေးသစ်ကြီး၌ နောက်ထပ် ဆိုင်ခန်းပေါင်း တစ်ထောင်ကျော် ထပ်မံပါဝင်မည်ဖြစ်ပြီး ဆေးနှင့် အခြားပစ္စည်းများ စနစ်တကျသိုလှောင်နိုင်ရန် အပူချိန်ထိန်းညှိပေးထားသော သိုလှောင်ရုံငယ်များပါ ပါဝင်မည်ဟု သိရသည်။ ဈေးသစ်၏ အောက်ဆုံးထပ်တွင် စားသောက်ဆိုင်များ၊ စူပါမားကတ်များပါ ထည့်သွင်းတည်ဆောက်နေကြောင်း သိရသည်။

လပေါင်း ၃၀ ခန့် အချိန်ယူတည်ဆောက်မည့် အဆိုပါ ဈေးသစ်ကြီးတွင် လူနေအိပ်ခန်းများ ပါဝင်မည်မဟုတ်ဘဲ ဈေးဆိုင်ခန်းများ၊ ရုံးခန်းများ၊ သိုလှောင်ရုံငယ်များပါဝင်ကာ ဈေးအတွင်းရှိ ရောင်းကုန်များအား အလွယ်တကူ သယ်ယူဖြန့်ဖြူးနိုင်ရန် အစီအမံများထည့်သွင်းထားကြောင်း သိရသည်။ ယခင်မင်္ဂလာဈေးဟောင်းသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းက မီးလောင်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။



**မင်္ဂလာဈေးသစ်တည်ဆောက်ရန် လုပ်ငန်းများစတင်နေမှုကို တွေ့ရစဉ်။**

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# မြန်မာ ယူ-၂၁ အသင်း ဖွဲ့စည်းရန် လူရွေးပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၇**

မြန်မာ ယူ-၂၁ အသင်းသည် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်မည့်အသင်း ဖွဲ့စည်းရန် လူရွေးပွဲ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ယခုပြိုင်ပွဲကို ကစားသမားသစ်များဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို ရွေးချယ်မည်မဟုတ်ဘဲ ကစားသမားသစ်များဖြင့် ယှဉ်ပြိုင်မည် ဖြစ်သည်။ လက်ရှိကျင်းပနေသည့် MNL စီနီယာအမှတ်ပေးပြိုင်ပွဲတွင် အသက်မီပြီး ပုံမှန်ပွဲထွက်ခွင့်မရသည့်ကစားသမားများ၊ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်းများမှ ကစားသမားများ စုစုပေါင်း ၅၀ ကို ရွေးချယ်ကာ လူရွေးပွဲကျင်းပမည် ဖြစ်သည်။ လူရွေးပွဲကို ဩဂုတ် ၉ ရက်နှင့် ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၁ အသင်းနည်းပြချုပ် ဦးကြည်လွင်၊ လက်ထောက်နည်းပြများဖြစ်သည့် ဦးချစ်နိုင်နှင့် ဦးကျော်လွင်တို့က ရွေးချယ်မည် ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၁ အသင်းကို ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် (က) အသင်းကို အထောက်အကူပြုနိုင်မည့် (ခ) အသင်းဖွဲ့စည်းနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် တရုတ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တရုတ် ယူ-၂၁ အသင်းနှင့်အတူ မြန်မာ ယူ-၂၁၊ ဥဇဘက်ကစ္စတန် ယူ-၂၁ နှင့် တာဂျစ်ကစ္စတန် ယူ-၂၁ အသင်းတို့ ယှဉ်ပြိုင်မည် ဖြစ်သည်။ ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၁ အသင်းကို ယခုနှစ်ဆန်းပိုင်းတွင် စတင်ဖွဲ့စည်းခဲ့ပြီး ဧပြီလတွင် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ရာ တတိယဆုရခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**

# မုံရွာမြို့တွင် မြစ်ရေသတိပေးချက် အနီရောင်သတ်မှတ်ပြီး ရေကာင်း ၂၄ ခု ဖြင့် စောင့်ကြည့်လျက်ရှိ

**မုံရွာ ဩဂုတ် ၇**

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၏ စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာအထက်သို့ ကျော်လွန်ရောက်ရှိလျက်ရှိရာ မြစ်ရေသတိပေးချက် အနီရောင်အဖြစ် သတ်မှတ်ကာ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်တွင် ရေကင်းများဖြင့် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

"နှစ်စဉ်မိုးရာသီမှာ မြစ်ရေကြီးမြင့်မှုရှိတယ်။ ဒီနှစ်မှာတော့ မုံရွာမြို့နယ်အတွင်းမှာ မြစ်ရေတား တာပေါင်တွေကို အဆင့်မြှင့်တင်မှုတွေ လုပ်ဆောင်ပြီးဖြစ်တယ်။ စိုးရိမ်စရာမရှိပေမယ့် သတိနဲ့စောင့်ကြည့်မှုတော့ လုပ်ဆောင်နေရတယ်။ မုံရွာမြို့မှာ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက်ကို ဒီကနေ့ နံနက်ပိုင်းက စပြီး စိုးရိမ်ရေမှတ်အထက်ကို ကျော်လွန်ရောက်ရှိခဲ့တဲ့အတွက် ကျေးရွာတွေနဲ့ မြို့ပေါ်ရပ်ကွက်က ပြည်သူတွေ စိုးရိမ်မှုမဖြစ်စေရေးအတွက် အခုလည်း မြစ်ရေသတိပေးချက်ကို အနီရောင်အဆင့်သတ်မှတ်ပြီး ရေကင်းတွေနဲ့ စောင့်ကြပ်ကြည့်ရှုနေပါတယ်။ တချို့ရပ်ကွက်တွေမှာ သဲအိတ်တွေ ပြင်ဆင်နေပါတယ်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း လုပ်ကိုင်နိုင်ဖို့အတွက် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက အသက်ကယ်လှေတွေ၊ စပိဘုတ်တွေနဲ့အတူ တပ်ဖွဲ့ဝင်တွေကို အသင့်ပြင်ထားပါတယ်"ဟု မုံရွာမြို့ရုံးကြီးရပ်ကွက် သလ္လာဝတီဆိပ်ကမ်းရှိ ရေကင်းအမှတ် (၁၅)အဖွဲ့ခေါင်းဆောင် ဦးအောင်ဝင်းဆွေက ပြောသည်။

**စောင့်ကြည့်လျက်ရှိ**

မုံရွာမြို့နယ်အတွင်း ဩဂုတ် ၇ ရက် မွန်းတည့် ၁၂ နာရီတွင် ချင်းတွင်းမြစ်ရေအမှတ်သည် ၁၀၀၆ စင်တီမီတာသို့ ရောက်ရှိလျက်ရှိရာ စိုးရိမ်ရေမှတ်အထက် ခြောက်စင်တီမီတာသို့ ရောက်ရှိလျက်ရှိသဖြင့် မြစ်ရေစောင့်ကြည့်ရေကင်းများအား မုံရွာမြို့နယ် တောင်ဘက်ခြမ်း သစ်ဆိမ့်ကျေးရွာမှ မုံရွာမြို့မြောက်ဘက် စစ်ပင်ရပ်(အလုံဘူတာ)အထိ ရေကင်း ၂၄ ခုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက နေ့ည စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။



**ဝင်းဦး(ဧယျာတိုင်း)**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၏ ပါမောက္ခချုပ်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ရန်ကုန်ယူနိုက်တက်ဘောလုံးကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် အလုပ်သင်ဆရာဝန်အသင်းက နောက်ဆုံးနှစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုနှင့် နေရာအလိုက်အကောင်းဆုံးဆုများအပါအဝင် အနိုင်ရဗိုလ်စွဲသွားသော အလုပ်သင်ဆရာဝန်အသင်းအား ပါမောက္ခချုပ် ဒေါက်တာရွှေတိုးနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**မြန်မာ့အလင်း**

# KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၃) ကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပလျက်ရှိသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ် (၁၃) ပထမနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ အား/ကာ သိပ္ပံအသင်းက ဂန္ဓမာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အား/ကာ သိပ္ပံအသင်းသည် နိုင်ပွဲပြန်ရရေး အားထည့်ကစားခဲ့ပြီး ဂန္ဓမာအသင်းမှာလည်း အမှတ်ရရန် အားထုတ်ခဲ့ရာ ခက်ခက်ခဲခဲကစားခဲ့ရသည်။ အား/ကာ သိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၃၄ မိနစ်တွင် မြဖူးကို၊ ၈၂ မိနစ်တွင် ရွှေရည်ထွန်းတို့က သွင်းယူခဲ့သည်။ ပွဲစဉ် (၁၃) ဒုတိယနေ့ကို ဩဂုတ် ၈ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် တက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## MPT အသက် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲ(မုံရွာ) ဖွင့်ပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၏ ညွှန်ကြားမှု၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ပူးပေါင်းပါဝင်မှု၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်နှင့် အဓိကမိတ်ဖက် MPT တို့၏ ပံ့ပိုးမှု၊ Myanmar Care ၏ ကူညီမှုတို့ဖြင့် ကျင်းပသည့် MPT U-14 Football Tournament 2018 (မုံရွာ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက မုံရွာမြို့ရှိ တိုင်းဒေသကြီးအားကစားကွင်း၌ ကျင်းပခဲ့သည်။ အခမ်းအနားတွင် MPT အသက် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့်အတူ MFF-MPT Grassroots Football Festival 2018 (Monywa) ကိုလည်း တစ်ဆက်တည်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကိုယ်စား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနေရှင်နယ်လိဂ် စီမံခန့်ခွဲရေးအရာရှိချုပ် ဦးဆူးအောင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် MPT Joint Operation မှ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးမန်နေဂျာ ဦးမောင်မောင်စိုးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ၂၀၁၈ ခုနှစ် MPT လူငယ်ဘောလုံးပွဲတော်နှင့် MPT အသက် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲအားတက်ရောက်လာသည့် ဧည့်သည်တော်များက ကွင်းအတွင်း ဘောလုံးများကန်သွင်း၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ပြိုင်ပွဲအတွက် MPT မှ ဘောလုံးအလုံး ၂၅၀၊ Myanmar Care မှ ဘောလုံး အလုံး ၁၀၀ လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

MPT U-14 Football Tournament 2018 (Monywa) ပြိုင်ပွဲအပြီးတွင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆက်လက်ကျင်းပသွားရန်ရှိပြီး ပုသိမ်၊ စစ်တွေ၊ မော်လမြိုင်၊ တောင်ကြီးနှင့် ရန်ကုန်မြို့များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ဖိုးသော်ဇင်၊ ဓာတ်ပုံ-MNL**

## အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)တွင် အနုပညာဦးစီးဌာန၏ ဖျော်ဖြေမှုများ အခမဲ့တင်ဆက်သွားမည်

**နေပြည်တော် ဩဂုတ် ၇**

အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းဖြေစေနိုင်ရန် အတွက် ဩဂုတ် ၂၅ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ယိမ်းအကများ၊ တေးသံသာများ၊ မျက်လှည့်အစီအစဉ်များ၊ ပဒေသာယိမ်းအကများ၊ အငြိမ့်အစီအစဉ်နှင့် ဟာသတစ်ခန်းရပ်များဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အဆိုပါဥယျာဉ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပကတိအချိုးအစားကိုရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စေတီပုထိုးများ၊ အထိမ်းအမှတ် အဆောက်အအုံများ၊ ရေမြေတောတောင်သဘာဝများ၊ တိုင်းရင်းသား သွေးချင်းများ၏ ရိုးရာနေအိမ်များ၊ ဓလေ့ထုံးစံဝတ်စား ဆင်ယင်မှုများ၊ ရိုးရာအစားအစာများဖြင့် စိတ်ဝင်စားဖွယ် ဖြစ်စေရန် တည်ဆောက်ပြသထားသည်။

**သတင်းစဉ်**

## နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ပါမောက္ခချုပ်ဖလား ဘောလုံးနှင့် ဖူဆယ်ပြိုင်ပွဲဆုပေးပွဲကျင်းပ

**ကျောက်ဆည် ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ပြည်သူ့အားကစားကွင်း၌ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီခွဲခန့်က နည်းပညာတက္ကသိုလ်(ကျောက်ဆည်)ပါမောက္ခချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲနှင့် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ ဆုပေးပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) ပါမောက္ခချုပ် ဒေါက်တာ ခင်ထိုက်ထိုက်လွင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း အားကစားသမားများ၊ ဂိုးသမားနှင့် ဂိုးအများဆုံးသွင်းနိုင်မှုဆု၊ အသန့်ရှင်းဆုံး အားကစားဆုကို လည်းကောင်း၊ အမျိုးသမီးဖူဆယ်ပြိုင်ပွဲနှင့် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိခဲ့ကြသော အားကစားအသင်းများကို လည်းကောင်း ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာ ခင်ထိုက်ထိုက်လွင်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ ယူ-၂၃ အသင်း ထိုင်းခြေစမ်းခရီးစဉ် ကစားသမား ၂၃ ဦးဖြင့် သွားရောက်မည်

**ရန်ကုန် ဩဂုတ် ၇**

မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲမတိုင်မီ သွားရောက်မည့် ထိုင်းခြေစမ်းခရီးစဉ်တွင် ကစားသမား ၂၃ ဦးစလုံး ခေါ်ဆောင်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် မူလက အပြီးသတ်ကစားသမား ၂၀ ဖြင့်သာ သွားရောက်ရန် စီစဉ်ထားသော်လည်း ဒဏ်ရာရကစားသမားများ၏ အခြေအနေကို စောင့်ကြည့်လိုသောကြောင့် အပြီးသတ်မရွေးချယ်သေးဘဲ သွားရောက်ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ဩဂုတ် ၈ ရက်မှ ၁၁ ရက်အထိ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ဩဂုတ် ၁၁ ရက်တွင် ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းနှင့် ခြေစမ်းပွဲကစားမည် ဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းတွင် ဒဏ်ရာပြဿနာရှိနေသည့် ကစားသမားများအနက် ဂိုးသမားကျော်ဇင်ထက်နှင့် နောက်ခံလူ ဇော်မင်းထွန်းတို့၏ ဒဏ်ရာအခြေအနေမှာ တိုးတက်ကောင်းမွန်လာပြီး တိုက်စစ်မှူးများဖြစ်သည့် အီစိုးနှင့် ဒွေးကိုကိုချစ်တို့၏ အခြေအနေကို စောင့်ကြည့်နေရသည်။ မြန်မာ ယူ-၂၃ အသင်းသည် ဩဂုတ် ၇ ရက်တွင် ရန်ကုန်မြို့၌ နံနက်၊ ညနေ လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ဒွေးကိုကိုချစ်နှင့် အီစိုးတို့နှစ်ဦးမှာ အပေါ့စားလေ့ကျင့်မှုများသာ ပြုလုပ်နိုင်ခဲ့သည်။ မြန်မာ ယူ-၂၃အသင်းသည် ဩဂုတ် ၁၀ ရက်အထိ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ဩဂုတ် ၁၁ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် Police Tero အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ယင်း ခြေစမ်းပွဲမတိုင်မီ ဖျော်ဖြေရေးအစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။ မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲအတွက် ပြင်ဆင်ချိန် နှစ်ပတ်ကျော်သာရပြီး ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ မန္တလေးမြို့၌ ကျင်းပသည့် Alpine Cup လေးနိုင်ငံပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆုရခဲ့သည်။

ထိုင်းခြေစမ်းခရီးစဉ်သွားရောက်မည့် မြန်မာ ယူ-၂၃ အသင်းတွင် **အုပ်ချုပ်သူ**အဖြစ် ဦးဘုန်းနိုင်ဇော်၊ **နည်းပြချုပ်**အဖြစ် အန်တွမ်နီပေး၊ **လက်ထောက်နည်းပြ**အဖြစ် ဦးစိုးမြတ်မင်း၊ ဟာလက်၊ **အသင်းအတွင်းရေးမှူး**အဖြစ် ဦးမိုးဝေအောင် **ဂိုးနည်းပြ**-ကာစတန်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်(ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ **နောက်တန်း**-ဟိန်းဖြိုးဝင်း၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ တေဇော်လင်း၊ မင်းကျော်ခန့်၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ရဲရင့်အောင် (ရတနာပုံ)၊ နန္ဒကျော်၊ ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (အား/ကာ သိပ္ပံ)၊ **အလယ်တန်း**-လှိုင်းဘိုဘို၊ စည်သူအောင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ လွင်မိုးအောင် (အား/ကာ သိပ္ပံ)၊ မောင်မောင်စိုး (မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ **ရှေ့တန်း**-အောင်သူ (Police Tero)၊ အီစိုး (ရန်ကုန်)၊ ဒွေးကိုကိုချစ်၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်) တို့ပါဝင်ကြသည်။

**ညီမြတ်သော်တာ**



လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် ဒုတိယဆု ရရှိခဲ့သည့် မြန်မာ ယူ-၂၃ အသင်း။

## MFF U-14 Football Tournament ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MFF U-14 Football Tournament ပြိုင်ပွဲကို သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပလျက်ရှိရာ ထိုင်း ယူ-၁၄ အသင်း ဗိုလ်လုပွဲတက်ရောက်သွားသည်။

ပြိုင်ပွဲကို အသင်းလေးသင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး ပတ်လည်စနစ်ဖြင့် ကျင်းပနေကာ ဒုတိယနေ့အပြီးတွင် ဗိုလ်လုပွဲရောက်အသင်းတစ်သင်း ထွက်ပေါ်လာခြင်းဖြစ်သည်။ ပြိုင်ပွဲကို ဩဂုတ် ၆ ရက်နှင့် ၇ ရက်တွင် ကျင်းပခဲ့ပြီး ပထမနေ့တွင် ထိုင်း ယူ-၁၄ အသင်းက မန္တလေးအကယ်ဒမီ (မြန်မာ) အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဖူကူရှီးမား အကယ်ဒမီ (ဂျပန်)က ပုသိမ်အကယ်ဒမီ (မြန်မာ) အသင်းကို ငါးဂိုး-ဂိုးမရှိ၊ ဒုတိယနေ့တွင် မန္တလေးအကယ်ဒမီ (မြန်မာ)က ပုသိမ်အကယ်ဒမီ (မြန်မာ)ကို နှစ်ဂိုး-တစ်ဂိုး၊ ထိုင်း ယူ-၁၄ အသင်းက ဖူကူရှီးမားအကယ်ဒမီ (ဂျပန်)ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယနေ့ပွဲအပြီးတွင် ထိုင်း ယူ-၁၄ အသင်းက ခြောက်မှတ်ဖြင့် ဗိုလ်လုပွဲတက်သွားပြီဖြစ်ပြီး ဖူကူရှီးမားအကယ်ဒမီနှင့် မန္တလေးအကယ်ဒမီအသင်းတို့က သုံးမှတ်စီရထားကာ ပုသိမ် အကယ်ဒမီအသင်းက နှစ်ပွဲစလုံးရှုံးထားသည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲနှင့် အမှတ်အနည်းဆုံးနှစ်သင်းမှာ တတိယလုပွဲ ကစားရမည်ဖြစ်သည်။ ထို့ကြောင့် သုံးမှတ်စီရထားသည့် ဖူကူရှီးမားအကယ်ဒမီနှင့် မန္တလေးအကယ်ဒမီအသင်းတို့၏ နောက်ဆုံးပွဲမှာ ဗိုလ်လုပွဲတက်ရေး အဆုံးအဖြတ်ဖြစ်နေသည်။

အုပ်စုနောက်ဆုံးနေ့ကို ဩဂုတ် ၈ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် ဖူကူရှီးမားအကယ်ဒမီ (ဂျပန်)နှင့် မန္တလေးအကယ်ဒမီ (မြန်မာ)၊ ညနေ ၃ နာရီခွဲတွင် ပုသိမ်အကယ်ဒမီ (မြန်မာ) နှင့် ထိုင်း ယူ-၁၄ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ဝက်စ်ဟမ်းအသင်းသည် စပိန်တိုက်စစ်ကစားသမား လူးကပ်စ်ပီရက်ဇ်ကို အာဆင်နယ်အသင်းထံမှ ခေါ်ယူရန် နီးစပ်လာပြီလာဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် (၂၉နှစ်) အရွယ် ပီရက်ဇ်သည် ပြီးခဲ့သည့်ရာသီတွင် ဒီပို့တီဗိုအသင်းတွင် အငှားဖြင့် ကစားခဲ့ရကြောင်းလည်း သိရသည်။ ဝက်စ်ဟမ်းအသင်းသည် ၎င်းကို ခေါ်ယူဖြစ်ခဲ့ပါက အသင်း၏ ကိုးယောက်မြောက်ခေါ်ယူမှုဖြစ်လာမည်ဖြစ်ကြောင်းလည်း သိရသည်။
- ဘန်လေအသင်းသည် မန်စီးတီးအသင်းမှ ဂိုးသမား ဂျိုးဟတ်ကို ပေါင် ၃ ဒသမ ၅ သန်းနှင့်အတူ နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အင်္ဂလန်အသင်းအတွက် ၇၅ ပွဲ ပါဝင်ကစားထားသော ဂျိုးဟတ်သည် မန်စီးတီးအသင်းအတွက် ပွဲ ၃၅၀ နီးပါး ကစားပေးထားကာ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်နှင့် အက်ဖ်အေဖလား တစ်ကြိမ်ရရှိအောင် စွမ်းဆောင်ပေးထားနိုင်ကြောင်းလည်း သိရသည်။
- ဖူလ်ဟမ်အသင်းသည် အသက် (၂၇နှစ်) အရွယ် ဘယ်လ်ဂျီယံနောက်ခံကစားသမား ဘိုယာတာကို ခေါ်ယူချင်နေသော်လည်း ဆဲလ်တစ်အသင်းက ရောင်းထုတ်ရန် တုံ့ဆိုင်းနေကြောင်း ဒေးလီးမေးလ်၏ ဖော်ပြချက်အရ သိရသည်။
- လက်စတာစီးတီးအသင်းသည် အသက် (၂၆နှစ်) အရွယ် မိုနာကိုအသင်းမှ အယ်လ်ဂျီရီးယား တောင်ပံကစားသမား ရာရှစ်ဂီဇယ်လ်ကို ပေါင် ၁၀ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ တောင်ပံကစားသမားသည် ယခုနွေရာသီအစောပိုင်းတွင် ၎င်း၏ တစ်နိုင်ငံတည်းသားဖြစ်သူ မာရက်ဇ်အား မန်စီးတီးအသင်းထံသို့ ရောင်းထုတ်လိုက်ပြီးနောက် လက်စတာစီးတီးအသင်းထံသို့ လေးနှစ်စာချုပ်ဖြင့် ရောက်ရှိလာခဲ့သူဖြစ်ကြောင်းလည်း သိရသည်။
- လက်စတာစီးတီးအသင်းသည် ဒိုင်နမို ဇာဂရက်အသင်းမှ အသက် (၂၁နှစ်) အရွယ် ခရိုအေးရှားဗဟိုခံစစ်ကစားသမား ဖီးလစ်ဘင်ကိုဗစ် ကို ပေါင် ၁၃ သန်းဝန်းကျင်ဖြင့် ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေကြောင်း ဒေးလီးမေးလ်၏ ဖော်ပြချက်အရ သိရသည်။
- စပိန်နှင့် အာဆင်နယ်ကွင်းလယ်ကစားသမား ကာဇိုလာ(၃၃ နှစ်)သည် ချစ်ကြည်ရေး ခြေစမ်းပွဲများ ပြီးဆုံးပြီးနောက် ဗီလာရီးရဲအသင်းနှင့် အမြဲတမ်းစာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း အီးအက်ဖ်အီးဒွေါကွန်း၏ ဖော်ပြချက်အရ သိရသည်။
- တော့တင်ဟမ်နှင့် ကင်ညာကွင်းလယ်ကစားသမား ဗစ်တာဝမ်ယာမာ (၂၇နှစ်) သည် ရိုးမားအသင်း၏ ပစ်မှတ်ဖြစ်လာကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် ဖီအိုရင်တီးနားအသင်း၏ အသက် (၃၂နှစ်) အရွယ် ကိုလံဘီယာ ကွင်းလယ်ကစားသမား ကားလို့စ်ဆန်းချက်ဇ် ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

**၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၁၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၈း၁၅ - **"စီးပွားရေးစကားဝိုင်း" (ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ သိကောင်းစရာများ) (အပိုင်း-၂)**
၁၀း၄၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အဆိုတော် - ဖြိုးကြီး)
၁၁း၁၅ - ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၁၃း၂၀ - "မြူမှောင်ကင်းဖျော့ လင်းရော့မည်"

**ညပိုင်း**

၁၇း၀၅ - "ဥပဒေပြုခြင်း၊ နည်းဥပဒေပြုခြင်းအကြောင်း" (ဝေါမဲဆန္ဒနယ်မှ "ဦးတင်ထွေး" ၏ အဆို)
၁၇း၂၅ - MRTV Travelogue
၁၈း၁၅ - ဘဝထဲက ဝတ္ထု၊ ဝတ္ထုထဲက ဘဝ "အဖြူရောင်နှလုံးသား"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း - ၂၁)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၁၅ - **"မင်္ဂလာပါ အာဆီယံ"**
- "စမ်းချောင်းဆစ်ကွန်၊ ဆစ်ကွန်စမ်းချောင်း (အပိုင်း-၄) "ခါတ်လုံးလက်စွပ်" မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း (ဒါရိုက်တာ-ရှင်ဒေဝီ)
- (ASEAN Day ဂုဏ်ပြုအစီအစဉ်) ASEAN QUIZ (အပိုင်း-၁)

# မောင်တော၊ ကလော၊ လားရှိုးနှင့် ဟိုပန်မြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၇**

မောင်တောခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက် ညနေ ၄ နာရီခန့်တွင် မောင်တောမြို့ ကညင်တန်းရပ်ကွက် မောင်နီကျေးရွာသွား လမ်း၌ ဟာရှိတ်မူလာအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်း ရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီး ကလော-သာစည်သွားကားလမ်း မိုင်တိုင်အမှတ် (၆၅/၃)တွင် ဝင်းမော် မောင်းနှင်လာသည့် ဆိုင်ကယ်ရောက်ရှိလာ၍ ရှာဖွေရာ ဆေးခြောက်ဘလောက်တုံး ၁၃ တုံး (ဆေးခြောက်အလေးချိန် ၁၅ ဒသမ ၆ ကီလို)နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်ကလည်း မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ကွန်နာစတုန်း သတ္တုသန့်စင်စက်ရုံအနီး လားရှိုး-တန့်ယန်းသွားကားလမ်းတွင် စိုင်းအွမ်နှင့် အိုက်ဆိုတို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီး ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းစိမ်း ၁၀ ထုပ် (ဘိန်းစိမ်းအလေးချိန် ၁၃ ကီလို) ကို လည်းကောင်း။

ညနေ ၆ နာရီခွဲတွင် ပန်လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပန်မြို့ ပန်လုံရပ်ကွက်(၇)နေ မလီရှောက်ရှန်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် ဘိန်းစိမ်း ၁ ဒသမ ၃၀၆၄ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဝင်းမော်အား ဖမ်းဆီးရမိသည့် ဆေးခြောက်များနှင့်အတူ တွေ့ရစဉ်။



## လေအေးပေးစက် ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက် ၁၀၈ လမ်းနှင့် ဗိုလ်မင်းရောင်လမ်းထိပ်၌ ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က လေအေးပေးစက် ဝိုင်ယာရှော့ခ်ဖြစ်ရာမှ မီးလောင်မှုဖြစ်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုမှာ ဦးသောင်းစိန် တိုက်အမှတ်(၂၆) ၅လွှာ(A)နေထိုင်သူ၏အခန်းမှ မိန်းခလုတ်ပိတ်ရန်မေ့ခဲ့သဖြင့် လေအေးပေးစက် အပူလွန်ကဲ၍ ဝိုင်ယာ ရှော့ခ်ဖြစ်ပြီး မီးလောင်ခဲ့ကြောင်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်မီးသတ်စခန်းနှင့် တာမွေမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ် ကိုးစီး၊ လူနာတင်ယာဉ်သုံးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် လူထိခိုက်မှုမရှိကြောင်းနှင့် သက်ဆိုင်ရာက အိမ်ရှင်ဖြစ်သူအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ကလေးဝမြို့နယ် ပလူဇဝကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း တွန်းသင်္ဘောတစ်စင်းတိမ်းမှောက်



**ကလေးဝ ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ချင်းတွင်းမြစ်ကမ်းဘေး ပလူဇဝကျေးရွာဘက်ကမ်းတွင် ဆိုက်ကပ်ထားသည့် လုနန်းထိန်ဝါ တွန်းသင်္ဘော မောင်းနှင်သူ စိုးလွင် (၄၇ နှစ်)သည် ရေယာဉ်အား လုံးပတ်နှစ်ပေရှိ သစ်ပင်တွင် ကြိုးချည်ရပ်နားထားစဉ် ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီခွဲခန့်က သစ်ပင်မှာ အမြစ်မှ ပြိုလဲအိကျလာသဖြင့် တွန်းသင်္ဘောအား မောင်းနှင်ရှောင်တိမ်းရာ ရှေ့ထိန်းကြိုးနှင့် အနောက်ထိန်းကြိုးများပြတ်ကာ ပန်ကာတွင် ချိတ်မိပြီး တွန်းသင်္ဘောနှင့် တွဲလျက်ရှိသော အလျား ပေ ၂၀၀၊ အနံ ပေ ၅၀၊ ဇောက် ၁၁ ပေရှိ ကျောက်မီးသွေးတန်ချိန် ၁၆၆၈ တန် တင်ဆောင်ထားသော တွဲရေယာဉ်နှင့် တိုက်မိပြီး ယင်းတွန်းသင်္ဘော တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်တိမ်းမှောက်မှုကြောင့် ရေယာဉ်ပေါ်ပါလူများ ထိခိုက်ဒဏ်ရာရရှိသေဆုံးမှု မရှိကြောင်းနှင့် ရေယာဉ်တိမ်းမှောက်ရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ရေယာဉ်အားပေါ့ဆစွာ မောင်းနှင်သူ စိုးလွင် အား မစိန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သီဟ(ကလေးဝ)**

# တာချီလိတ် လွယ်စတုံအမှိုက်ပုံအနီး၌ အမျိုးသားတစ်ဦး သေနတ်ပစ်ခံရ

**တာချီလိတ် ဩဂုတ် ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်လုံးအုပ်စု လွယ်စတုံရွာ လွယ်စတုံ အမှိုက်ပုံအနီး၌ အမျိုးသားနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်သဖြင့် အမျိုးသားတစ်ဦး ဒဏ်ရာများရရှိသည့်ဖြစ်စဉ် ဩဂုတ် ၆ ရက် ည ၉ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဩဂုတ် ၆ ရက် ည ၉ နာရီခန့်က တာချီလိတ်မြို့ လွယ်စတုံရွာ လွယ်စတုံ အမှိုက်ပုံဘေးရှိ နေအိမ်တဲတွင် နေထိုင်သည့် ဦးမျိုးကျော်(ခ)ကရင်မ (၃၃ နှစ်)သည် တွန်းလှည်းဖြင့် မြို့ရှောင်လမ်းမကြီး အတိုင်း ထွက်လာခဲ့ရာ တာဝေမီးစက်အနီး ဆောက်လက်စ အဆောက်အအုံနှင့် မြေကွက်များအား ခြံစည်းရိုးကာရံထားသောနေရာရှိ လမ်းသွယ်သို့ အဝင်တွင် အမျိုးသားနှစ်ဦး အပြာရောင် မော်တော်ယာဉ်ဖြင့် နောက်မှ ရောက်ရှိလာခဲ့ကာ ၎င်းအား ကျော်မောင်းသွားပြီး ကားပေါ်မှဆင်းလာကာ သေနတ်ဖြင့် ပစ်ခတ်သဖြင့် တွန်းလှည်းနောက်လဲကျသွားခဲ့ကြောင်း၊ သေနတ်ဖြင့် သုံးချက်ပစ်ခတ်ပြီးနောက် ကားပေါ်ပါလာသည့် ယာဉ်မောင်းသူနှင့် စကားပြောကာ ကားပေါ် တက်သွားခဲ့ကြောင်း၊ ပစ်ခတ်မှုကြောင့် ဦးမျိုးကျော်(ခ)ကရင်မ၏ လည်ပင်း၊ ဝဲဘက်လက်ကောက်ဝတ်၊ ဝဲဘက်ပေါင်တို့တွင် သေနတ်ဒဏ်ရာ ခြောက်ချက်ရရှိခဲ့ပြီး တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ဆေးဝါးကုသနေကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သေနတ်ဖြင့် ပစ်ခတ်သွားသူအား တာချီလိတ် မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# သမီးရည်းစားကိစ္စ အချင်းချင်းစကားများရာမှ လူသတ်မှုဖြစ်

**ကျောက်တံခါး ဩဂုတ် ၇**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် နံ့ဇလေးကျေးရွာတွင် ဩဂုတ် ၅ ရက်က လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မင်း ဦးစီးအဖွဲ့နှင့် ပဲနွယ်ကုန်း နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်ဆန်းထူး ဦးစီးအဖွဲ့တို့ ပူးပေါင်း၍ အခင်းဖြစ်သည့်ကျေးရွာကိုသွားရောက်စစ်ဆေးခဲ့ရာ ယင်းကျေးရွာနေ ဝိုင်းချစ်(ခ)ရှိန်နေမင်းထက် (၂၀နှစ်)သည် ခြံချင်းကပ်လျက်ရှိ ဦးမောင်မောင်ဌေး၏ နေအိမ်ခြံဝင်းအတွင်း၌ ထိုးသွင်းဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်။

ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိနိုင်ရေးအတွက် ဒေသခံများနှင့်အတူ စုံစမ်းခဲ့ရာ ဩဂုတ် ၄ ရက် ညနေ ၆ နာရီခန့်က ဝိုင်းချစ်(ခ)ရှိန်နေမင်းထက်သည် ဇရပ်ခင်ရွာဟောင်းရှိ အစ်မဝမ်းကွဲဖြစ်သူ မနန္ဒာသဲ(အလယ်တန်းပြ)နေအိမ်သို့ ရောက်ရှိလာခဲ့ပြီး ယင်းကျေးရွာ၏အနောက်ဘက်သို့ သူငယ်ချင်းဖြစ်သူ ပေါ်ကြီး(ခ)စောချို(၂၁ နှစ်) ဇရပ်ခင်ရွာ ဟောင်းနေသူနှင့်အတူ ထွက်သွားခဲ့ကြောင်း သိရှိခဲ့ရသည့်အတွက် ပေါ်ကြီး (ခ) စောချိုအား ဆက်လက်စစ်ဆေးခဲ့ရာ ဩဂုတ် ၄ ရက် ည ၁၁ နာရီခန့်က ဝိုင်းချစ် (ခ)ရှိန်နေမင်းထက်နှင့်အတူ အရက်အတူတူသောက်ရင်း မိန်းကလေးတစ်ယောက်အား သူပိုးမည်၊ ငါပိုးမည် အငြင်းပွားကာ စကားများခဲ့ပြီး ဝိုင်းချစ်(ခ)ရှိန်နေမင်းထက်က အနီးရှိဝါးလုံးဖြင့် ပေါ်ကြီး(ခ)စောချိုအား နှစ်ချက်ရိုက်ခဲ့ကြောင်း၊ ပေါ်ကြီး(ခ)စောချိုက အသင့်ယူဆောင်လာသည့် အရိုးအသွား ၁၄ လက်မရှိ ဓားမြှောင်ဖြင့်ထိုးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်၍ ပဲနွယ်ကုန်း နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မရမ်းချောင်စစ်ဆေးရေးအဖွဲ့ ရှောင်ကွင်းလမ်းတွင် စုပုံထားသော အကောက်ခွန်မဲ့ သကြားအိတ်များ စစ်ဆေးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၅၉ စီး၊ သွင်းကုန် ၈၂၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၂ စီး၊ သွင်းကုန် ၇၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက်တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၈၈၀ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၆ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ ရှောင်ကွင်းလမ်းဘေးတွင် စုပုံထားသည့် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ သကြားအိတ် (ကီလို ၅၀) အိတ် ၉၀ စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂ ဒသမ ၈၈၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပင်လည်ဘူးမြို့နယ်အတွင်းမှ ဘိန်းစိမ်း ၆၄ ဒသမ ၃၃ ဂရမ်ဖမ်းမိ

**ပင်လည်ဘူး ဩဂုတ် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်၌ ဩဂုတ် ၇ ရက် နံနက် ၅ နာရီခန့်တွင် မိချောင်းအင်း နယ်မြေရဲကင်းစခန်းမှူး ဒုတိယရဲအုပ် ကျော်ဇင်လတ် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဆားတောင်ပုံကျေးရွာနေ မျိုးထွန်းဆိုသူ၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း ၆၄ ဒသမ ၃၃ ဂရမ် ရှာဖွေတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ မျိုးထွန်းအား မိချောင်းအင်းနယ်မြေရဲကင်းစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ယခင်ပိတ်ထားသည့်မြောက်ပိုင်းနယ်စပ်ကို ရွှေ့ပြောင်းအခြေချသူများအတွက် ဘရာဇီးပြန်ဖွင့်

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၇**

နိုင်ငံရေးနှင့် စီးပွားရေးပဋိပက္ခကို အကြီးအကျယ်ဖြစ်ပွားစေသည့်အတွက် ဘရာဇီးနိုင်ငံသည် ယခင်ကပိတ်ထားခဲ့သော ယင်း၏မြောက်ပိုင်းနယ်စပ်ကို ဗင်နီဇွဲလား ရွှေ့ပြောင်းအခြေချသူများအတွက် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း ရဲဘက်ဆိုင်ရာကပြောခဲ့သည်။

နိုင်ငံအတွင်းရှိ အခြားရွှေ့ပြောင်းအခြေချသူများကို ဘရာဇီးနိုင်ငံ၏ တခြားတစ်နေရာရာသို့ ရွှေ့ပြောင်းမှုမပြီးခင်အချိန်အတွင်း ဗင်နီဇွဲလားနိုင်ငံသားများ ပိုမိုမဝင်ရောက်နိုင်ရေးအတွက် နာရီအနည်းငယ်ခန့် အချိန်ဆိုင်းထားရန် နိုင်ငံတော်တရားရုံးချုပ်က အခြားတရားရုံးများကို ညွှန်ကြားခဲ့သည်။

"နယ်စပ်တံခါးတွေပိတ်ဖို့ဆိုတာ လွယ်ကူပြီး မျှတတဲ့နည်းလမ်းတော့မဟုတ်ပါဘူး။ ဒုက္ခသည်တွေလက်ခံတဲ့နေရာမှာ အခက်အခဲအတော်များများတွေ့လို့ပါ" ဟု နိုင်ငံတော်တရားရုံးချုပ်တရားသူကြီး ရိုဆာဝီဘာက ပြောခဲ့သည်။

ယခုအခါတွင် နယ်စပ်တံခါးများကို ဘရာဇီးနိုင်ငံသားများနှင့် တခြားနိုင်ငံသားများအတွက် ပြန်လည်ဖွင့်လှစ်ပေးထားကြောင်းနှင့် ဗင်နီဇွဲလားနိုင်ငံသားများကို ၎င်းတို့၏နေရပ်သို့ ပြန်နိုင်အောင်လည်း ဖွင့်လှစ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါနယ်စပ်သည် ဗင်နီဇွဲလားရွှေ့ပြောင်းအခြေချသူထောင်ပေါင်းများစွာအတွက် အရေးကြီးသော အချက်အချာကျသည့်နေရာဖြစ်ကြောင်း သိရသည်။ လွန်ခဲ့သောနှစ်နှစ်ကစပြီး ယခုကဲ့သို့ ဖြတ်သန်းသွားလာမှုများ အရှိန်အဟုန်ကောင်းကောင်းဖြင့် ဖြစ်ပေါ်လာခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**




# စစ်ပွဲအတွင်း ကျဆုံးခဲ့သော ဩစတြေးလျတပ်ဖွဲ့ဝင်များ ပြန်လည်လွှဲပြောင်းပေးရေး ဩစတြေးလျတောင်းဆို

**ဆစ်ဒနီ ဩဂုတ် ၇**

နှစ်နိုင်ငံကြုံတောင့်ကြုံခဲ ကိုရီးယားစစ်ပွဲထိပ်တိုက်တွေ့ဆုံမှုတွင် ပျောက်ဆုံးနေသော တပ်ဖွဲ့ဝင် ၄၃ ဦး၏ ကြွင်းကျန်ရစ်သော အပိုင်းအစအတွဲများကို ပြန်လည်လွှဲပြောင်းပေးရန် ဩစတြေးလျက မြောက်ကိုရီးယားနိုင်ငံအား တောင်းဆိုလိုက်သည်။

၁၉၅၀-၁၉၅၃ စစ်ပွဲပဋိပက္ခအတွင်း ကုလသမဂ္ဂနိုင်ငံပေါင်းစုံ တပ်ဖွဲ့ဝင်များအဖြစ် ဩစတြေးလျတပ်ဖွဲ့ဝင် ၁၇၀၀၀ ခန့်သည် တောင်ကိုရီးယားကို ကာကွယ်ပြီး ကွန်မြူနစ် မြောက်ကိုရီးယားကို တိုက်ထုတ်ရာတွင် ပါဝင်ခဲ့သည်။

အဆိုပါစစ်ပွဲအတွင်း ဩစတြေးလျတပ်ဖွဲ့ဝင် ၃၄၀ ကျဆုံးခဲ့ပြီး ၁၂၁၆ ဦး ဒဏ်ရာရရှိခဲ့ကာ ၄၃ ဦး ပျောက်ဆုံးခဲ့သည်။ ၎င်းပျောက်ဆုံးသူများမှာ နောက်ပိုင်းတွင် သေဆုံးခဲ့သည်ဟု ယူဆခဲ့သည်။



ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ဂျူလီဘီးရှော့သည် ၎င်းနှင့်အဆင့်တူ မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီယွန်ဟိုနှင့် စင်ကာပူနိုင်ငံတွင် ပြုလုပ်ခဲ့သော လုံခြုံရေးဆိုင်ရာ အစည်းအဝေး၌ တွေ့ဆုံခဲ့ပြီး အဆိုပါကိစ္စကို ပြောကြားခဲ့ခြင်းဖြစ်သည်။

မကြာသေးခင်က ကိုရီးယားစစ်ပွဲအတွင်း ကျဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ၅၅ဦး၏အစိတ်အပိုင်းအတွဲများကို အမေရိကန်သို့ ပြန်လည်ရောက်ရှိအောင် ပို့ဆောင်ခဲ့ပြီးနောက် ဩစတြေးလျက ယခုကဲ့သို့ တောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် တွေ့ဆုံမှုပြုပြီးနောက် အမေရိကန်နိုင်ငံသားများသည် ကိုရီးယား စစ်ပွဲအတွင်း ကျဆုံးခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်အချို့၏ ကြွင်းကျန်ရစ်သော အစိတ်အပိုင်းတွဲများကို ပြန်လည်ရရှိခဲ့ကြောင်း ဘီးရှော့က ဆက်လက် ပြောကြားခဲ့သည်။

ဘီးရှော့သည် မြောက်ကိုရီးယား နျူကလီးယားကင်းစင်ရေးတိုးတက်မှုဖြစ်စဉ်များကို ရီယွန်ဟိုနှင့် ဆွေးနွေးခဲ့သေး ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ကနေဒါအစိုးရ၏ကြေညာချက်ကို ကန့်ကွက်သည့်အနေဖြင့် ဆော်ဒီကျောင်းသားများကို ပြောင်းရွှေ့ပညာသင်ကြားမှုများပြုလုပ်မည်

**ရီယာ့ဒ် ဩဂုတ် ၇**

ဆော်ဒီအာရေဗျနိုင်ငံနှင့်ပတ်သက်ပြီး မကြာသေးခင်က ထုတ်ပြန်ခဲ့သော ကနေဒါအစိုးရ၏ ကြေညာချက်ကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံက ကနေဒါနိုင်ငံတွင် သွားရောက်ပညာသင်ကြားနေသော ဆော်ဒီကျောင်းသား ၁၂၀၀၀ ကို အမေရိကန်အပါအဝင် အခြားနိုင်ငံများသို့ ပြောင်းရွှေ့ပညာသင်ကြားရန် စီစဉ်နေကြောင်း ဆော်ဒီအဆင့်မြင့် အစိုးရအရာရှိတစ်ဦးက မကြာသေးမီတွင် ပြောခဲ့သည်။

အထွေထွေစဉ်းစားသုံးသပ်ချက်များနှင့် ကျောင်းသားများ၏ အကျိုးစီးပွားအတွက် နိုင်ငံပြောင်းရွှေ့ပညာသင်ကြားရေးအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆော်ဒီပညာရေးဝန်ကြီး ဂျက်ဆာ ဆူလိုင်မန်က အယ်လ်အက်ခ်ါဘာရီးယားရုပ်မြင်သံကြားသို့ ပြောခဲ့သည်။

အရပ်ဘက်လှုပ်ရှားတက်ကြွသူများကို ဖမ်းဆီးထိန်းသိမ်းထားခြင်းမှ အမြန်ဆုံးပြန်လွှတ်ပေးရန် ကနေဒါနိုင်ငံခြားရေးဝန်ကြီးရုံးနှင့် ရီယာ့ဒ်မြို့ရှိ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ ကနေဒါသံရုံး၏ တောင်းဆိုချက်ကြေညာချက်ကြောင့် ဆော်ဒီအာရေဗျနိုင်ငံသည် ကနေဒါနိုင်ငံနှင့် ဆက်ဆံရေးကို ဩဂုတ် ၆ ရက်က ရပ်ဆိုင်းခဲ့ခြင်း ဖြစ်သည်။ ဆော်ဒီဘုရင့်နိုင်ငံက ကနေဒါသံတမန်ကို ၂၄ နာရီအတွင်း နိုင်ငံတွင်းမှ ထွက်သွားရန်နှင်ထုတ်ခဲ့ပြီး နှစ်နိုင်ငံအကြားရင်းနှီးမြှုပ်နှံမှုများကို ရပ်ဆိုင်းထားကြောင်းနှင့် ကနေဒါနိုင်ငံသို့ရောက်ရှိနေသည့် ဆော်ဒီသံအမတ်ကိုလည်း ဆွေးနွေးမှုများဆောင်ရွက်ရန် ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ကနေဒါနိုင်ငံတွင် ဆေးသွားရောက်ကုသမည့် ဆော်ဒီလူနာများကိုလည်း ခရီးစဉ်ရပ်စဲလိုက်ကြောင်း ဆော်ဒီပြည်တွင်း Sabq အွန်လိုင်းသတင်းဌာနတွင် ဖော်ပြခဲ့သည်။ ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီးဌာနက ဆော်ဒီဘုရင့်နိုင်ငံအနေဖြင့် မည်သည့်ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှုနှင့် အပြုအမူမျိုးကိုမဆို လက်ခံတော့မည်မဟုတ်ကြောင်း မကြာသေးခင်က ပြောခဲ့သည်။ **ဆင်ဟွာ**

# နာမည်ပျက်မှတ်တမ်းရှိသည့် ရဲတပ်ဖွဲ့ဝင်များကို ရာထူးမှ အနားပေး

**မနီလာ ဩဂုတ် ၇**

ဖိလစ်ပိုင်သမ္မတ ဒူတာတေး ရာထူးစတင်တာဝန်ယူချိန်မှစကာ နာမည်ပျက်မှတ်တမ်းရှိသည့် ရဲတပ်ဖွဲ့ဝင်ပေါင်း ၂၀၀၀ကျော်ကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း ဩဂုတ် ၆ ရက်က ဖိလစ်ပိုင်သမ္မတ ပြောရေးဆိုခွင့်ရှိသူ ဟာရီရော့က ပြောခဲ့သည်။

၂၀၁၆ ခုနှစ် ဇူလိုင်လမှ ၂၀၁၈ ခုနှစ် ဇူလိုင်လအထိ ဖိလစ်ပိုင်နိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်ပေါင်း ၆၄၀၁ ဦးကို စုံစမ်းစစ်ဆေးခဲ့ပြီး အတိုင်းအတာမတူညီသည့် ပြစ်ဒဏ်များပေးခဲ့ကြောင်း၊ ၎င်းတို့အနက် ၂၁၈၁ ဦးအား ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း၊ ထုတ်ပယ်ခံရသည့် ရဲတပ်ဖွဲ့ဝင်များမှာ ဆိုးရွားစွာ စည်းကမ်းချိုးဖောက်ခြင်းကြောင့်ဖြစ်ပြီး ကျန် ၃၅၃ ဦးမှာ မူးယစ်ဆေးဝါးနှင့် ဒုစရိုက်မှုတွင် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဟာရီရော့က ပြောခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် ၂၀၁၆ ခုနှစ် စတင်တာဝန်ထမ်းဆောင်ချိန်မှစကာ မူးယစ်ဆေးဝါးတိုက်ဖျက်သည့် မူဝါဒအား ပြင်းထန်စွာ တွန်းအားပေး ဆောင်ရွက်ခဲ့သည်။

သို့သော်လည်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့အတွင်း အဂတိလိုက်စားမှုများစွာဖြစ်ပွားနေပြီး အချို့ရဲတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုများတွင် ပူးပေါင်းပါဝင်ခဲ့သောကြောင့် ဖိလစ်ပိုင်နိုင်ငံအစိုးရအား များစွာဖိအားဖြစ်စေခဲ့သည်။

၂၀၁၇ခုနှစ်တွင် နာမည်ပျက်စာရင်း၌ ပါဝင်သည့် ရဲတပ်ဖွဲ့ဝင် ၃၀၀ ခန့်အား ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း အကြမ်းဖက်သမားများ တက်ကြွစွာလှုပ်ရှားသည့်ဒေသတွင် တာဝန်ထမ်းဆောင်ရန် စေလွှတ်ခဲ့သည်။



ရဲတပ်ဖွဲ့ဝင်ဝတ်စုံ ဝတ်ဆင်ထားသည့် မည်သည့်ရဲတပ်ဖွဲ့ဝင်မဆို မူးယစ်ဆေးဝါးအမှုနှင့် လူသတ်မှုများတွင် ပါဝင်ခဲ့ပါက မိမိ တိုက်ခိုက်သည့် ပစ်မှတ်ဖြစ်လာမည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ မပြုလုပ်ပါက ဖိလစ်ပိုင်နိုင်ငံတွင် ငြိမ်းချမ်းမှုရရှိတော့မည်မဟုတ်ကြောင်း မကြာသေးမီက ပြောကြားခဲ့သော မိန့်ခွန်းတွင် ဖိလစ်ပိုင် သမ္မတ ဒူတာတေးက ပြောခဲ့သည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အီရတ်တရားရုံးက အိုင်အက်စ်အုပ်စု၌ ပါဝင်သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

ဘဂ္ဂဒက် ဩဂုတ် ၇

အီရတ်တရားရုံးတစ်ရုံးက အိုင်အက်စ်အုပ်စုတွင် ပါဝင်သည်ဆိုကာ ပြင်သစ်အမျိုးသားတစ်ဦးနှင့် ဂျာမန်အမျိုးသမီးတစ်ဦးတို့ကို ထောင်ဒဏ် တစ်သက် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ပြင်သစ်အမျိုးသား၏ အမည်မှာ လာဆန်ဂူဘော့ဖြစ်ပြီး အသက် ၅၈ နှစ်ရှိကြောင်းနှင့် ဂျာမန်အမျိုးသမီးမှာ နာဒီရာဖြစ်ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးကို ဘဂ္ဂဒက်ပြစ်မှုဆိုင်ရာတရားရုံးက ထောင်ဒဏ်အသီးသီး ချမှတ်လိုက်ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းထောက်က ပြောသည်။

အီရတ်အမျိုးသား တစ်ဦးကိုလည်း အိုင်အက်စ်အုပ်စုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သည့်အတွက် အဆိုပါ တရားရုံးက သေဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

အိုင်အက်စ်အဖွဲ့တွင် ပါဝင်သည်ဆိုကာ နိုင်ငံခြားသား ၁၀၀ ကျော် ပါဝင်သော လူ ၃၀၀ ထက် မနည်းကို သေဒဏ်ချမှတ်ခဲ့ကြောင်း၊ တချို့အလားတူ အရေအတွက်ရှိသည့် လူများကိုလည်း ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း အီရတ် တရားရုံးဆိုင်ရာ သတင်းရင်းမြစ်တွင် ဖော်ပြခဲ့သည်။

ထောင်ဒဏ်တစ်သက်သည် အီရတ်ဥပဒေအရ နှစ် ၂၀ နှင့် ညီမျှကြောင်း သိရသည်။ **အေအက်ဖ်ပီ**

### ပိုမိုကောင်းမွန်သည့် န်ျူကလီးယား သဘောတူညီချက်သစ်တစ်ခုဖြစ်လာရန် အီရန်ကို အမေရိကန်လမ်းဖွင့်ပေး

ဝါရှင်တန် ဩဂုတ် ၇

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အီရန်နှင့် နျူကလီးယားသဘောတူညီချက်သစ်တစ်ခုအတွက် ဆက်လက်လမ်းဖွင့်ပေးသွားမည် ဖြစ်ကြောင်း သို့သော်လည်း အမေရိကန်အနေဖြင့် အီရန်အပေါ် အရေးယူပိတ်ဆို့မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

တခြားအဖွဲ့ဝင် နိုင်ငံများက နျူကလီးယား သဘောတူညီချက်နှင့်ပတ်သက်ပြီး မေတ္တာရပ်ခံတောင်းပန်ခဲ့သော်လည်း ထရန့်က မေလတွင် အီရန်နျူကလီးယား သဘောတူညီချက်မှ နုတ်ထွက်ခဲ့ပြီး အီရန်အစိုးရသည် ၎င်း၏ကတိကဝတ်များကို ခိုးကြောင်ခိုးဝှက် ချိုးဖောက်ကာ ဒေသတွင်း မတည်မငြိမ်ဖြစ်စေရန် မကောင်းသော လုပ်ဆောင်ချက်များအတွက် ဘဏ္ဍာငွေထောက်ပံ့နေသည်ဟုဆိုကာ ပြစ်တင်ပြောကြားခဲ့သည်။

"အီရန်နျူကလီးယားဗုံးလုပ်ဆောင်နိုင်တဲ့ အခြေခံလမ်းကြောင်းတွေကို ပိတ်ဆို့ဖို့ မအောင်မြင်ခဲ့ပါက အီရန်ဟာ သွေးမြေကျမှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ ကစဉ့်ကလျားဖြစ်မှုတွေကို ဆက်လက်လုပ်ဆောင်မှာဖြစ်ပါတယ်'' ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဆက်လက်ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# တစ်ပွဲတစ်လမ်းအကဲစမ်းတဲ့ ဇင်ဘာဘွေ ပါတီနှစ်ခုကြား အားပြိုင်မှုများ

**တင်လင်းအောင်**

**ဇင်ဘာဘွေ သမ္မတသစ်က သူ့ရဲ့အစိုးရကို ဝေဖန်မှုတွေ လွတ်လပ်စွာပြုလုပ်နိုင်ကြောင်း၊ လူ့အခွင့်အရေးကိုလေးစားပြီး ဖိနှိပ်ခြင်းတွေကို မပြုလုပ်စေဘဲ တားမြစ်ထားကြောင်း ကြွေးကြော်လုံးထုတ်ခဲ့ပေမယ့် တကယ့် တကယ်တမ်းတော့ ဇင်ဘာဘွေအာဏာပိုင်တွေဟာ အတိုက်အခံတက်ကြွသူတွေကို ဖိနှိပ်ဖို့ အစမ္မခေါ်ဆောင်မှုတွေလုပ်ရုံတင်မက တရားရုံးဆိုင်ရာ ပြစ်မှုတွေနဲ့လည်း အရေးယူမှုတွေ ပြုလုပ်လျက်ရှိတယ်လို့ အတိုက်အခံ အမ်ဒီစီပါတီက ပြောခဲ့ပါတယ်။**




မရရောတဲ့ရွေးကောက်ပွဲရလဒ်ကို သောကြာနေ့အစောပိုင်းမှာ ကြေညာပြီးတဲ့ အချိန်ကတည်းက ဒီမိုကရက်တစ် ပြောင်းလဲရေး လှုပ်ရှားမှုပါတီ (အမ်ဒီစီ) က "သူတို့တွေဟာ ရက်စက်စွာ ဖြိုခွဲနှိပ်စက်ခြင်းကို ခံရဖို့ ပစ်မှတ်တွေ ဖြစ်လာခဲ့တယ်'' လို့ ပြောပါတယ်။

### ငြင်းမရ

ဇင်ဘာဘွေ သမ္မတသစ် မနန်ဂွါဟာ အကြိုဆန္ဒမဲပေးမှုကို မငြိမ်မသက်ဖြစ်အောင် လုပ်တယ်ဆိုပြီး ဒီမိုကရက်တစ် ပြောင်းလဲရေးလှုပ်ရှားမှုပါတီ (အမ်ဒီစီ)ကို အပြစ်တင်လိုက်ပါတယ်။ သို့သော်လည်း လက်ရှိ သမ္မတသစ် မနန်ဂွါဟာ အရင်ဇင်ဘာဘွေနိုင်ငံကို ၃၇ နှစ်ကြာ အုပ်စိုးပြီး လွန်ခဲ့တဲ့နှစ်က ရာထူးအာဏာမှ ဆင်းပေးခဲ့တဲ့ ရောဘတ် မူဂါဘီထက်တော့ ပိုမိုပွင့်လင်းမှုတွေရှိတယ်ဆိုတာ ငြင်းမရပါဘူး။

လွန်ခဲ့တဲ့ရက်သတ္တပတ်က ဇင်ဘာဘွေမြို့တော် ဟာရာရေးမှာ တပ်ဖွဲ့ဝင်တွေဟာ အငြင်းပွားဖွယ်ရွေးကောက်ပွဲလိမ်လည်မှုအပေါ် ဆန့်ကျင်ဆန္ဒပြသူတွေကို ပစ်ခတ်မှုတွေ ပြုလုပ်ခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပါတယ်။ အဲလိုလုပ်ဆောင်ချက်ကို နိုင်ငံတကာမှ အုတ်အော်သောင်းတင်း ကန့်ကွက်သံတွေ သောသောညံသွားခဲ့ပါတယ်။ အဲလိုလုပ်ရပ်တွေဟာ အရင် မူဂါဘီလက်ထက်ကို အမှတ်ရစေခဲ့ပါတယ်။

### အန္တရာယ်များတဲ့ အနေအထားကို ရောက်လာ

"တစ်နေ့ပြီး တစ်နေ့ အန္တရာယ်များတဲ့အနေအထားကို ရောက်လာပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေဟာ အတိုက်အခံဘက်က လူ ၄၀၀၀ ခန့်ကို တစ်ယောက်ပြီး တစ်ယောက် ရာဇဝတ်မှုတွေ ပြုလုပ်လျက်ရှိတယ်'' လို့ အတိုက်အခံ အမ်ဒီစီပါတီခေါင်းဆောင် နယ်လ်ဆန်ချာမီဆာရဲ့ ပြောရေးဆိုခွင့်ရှိသူ ဆီဘန်ဒါက ပြောပါတယ်။

"သူတို့ဟာလူတွေကို ခြိမ်းခြောက်လျက်ရှိပါတယ်။ သူတို့တွေဟာ လူတွေကို ပြင်းထန်တဲ့ ရာဇဝတ်မှုတွေနဲ့ စွပ်စွဲပြီး ဘယ်သူ့ကိုမှ အသိပေးအကြောင်းကြားခြင်းမရှိဘဲ ခေါ်သွားတယ်။ ပြီးတော့လည်း ရဲစခန်းမှာ ခေါ်သွားတဲ့လူတွေကို မတွေ့ပါဘူး'' လို့ ဆီဘန်ဒါက ဆက်လက်ပြောကြားခဲ့ပါတယ်။

### အင်အားချည့်နဲ့အောင် ကြိုးစားလုပ်ဆောင်

"သူတို့ဟာ အတိုက်အခံပါတီကို အင်အားချည့်နဲ့အောင် ကြိုးစားလုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒါမှသာ အငြင်းပွားဖွယ် ရွေးကောက်ပွဲ လိမ်လည်မှုအပေါ် ခုခံမယ့်သူတစ်ယောက်မှ မရှိမှာဖြစ်သလို တရားဥပဒေအရလည်း အရေးယူလို့ မရတော့မှာဖြစ်ပါတယ်'' လို့ ဆီဘန်ဒါက တစ်လက်စတည်းပြောခဲ့ပါတယ်။

လူမှုကွန်ရက် စာမျက်နှာဖြစ်တဲ့ ဖေ့ဘွတ်ခ်မှာ မနန်ဂွါ မဲရလဒ်ခိုးတယ်လို့ ပြောကြားခဲ့တဲ့ အမျိုးသမီးဟာ နောက်ပိုင်းမှာ လုံခြုံရေးတပ်ဖွဲ့တွေရဲ့ ပစ်မှတ်ဖြစ်လာခဲ့ပြီး သူနဲ့ပတ်သက်တဲ့ သတင်းတွေလည်း မိမိမှာရှိတယ်လို့ ဆီဘန်ဒါက ပြောခဲ့ပါတယ်။

"ဒီနေ့မနက်အိမ်ကိုပြန်ရောက်လာတဲ့ နောက်တစ်ယောက်ကိုလည်း ကျွန်တော်တို့ တွေ့ရှိထားတယ်။ သူ့ကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ခေါ်သွားတာ ဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ သူ့ကို ပြန်ဖမ်းဖို့ အခြားတပ်ဖွဲ့ဝင်နဲ့တိုင်ပင်နေတဲ့အချိန်မှာပဲ သူဟာ ကံကောင်းပြီး ပြန်လွတ်လာတာဖြစ်တယ်လို့ အတိုက်အခံ အမ်ဒီစီပါတီခေါင်းဆောင် နယ်လ်ဆန် ချာမီဆာရဲ့ ပြောရေးဆိုခွင့်ရှိသူ ဆီဘန်ဒါက ပြောပါတယ်။ လူ၅၀ ခန့် တစ်စတစ်စနဲ့ ပျောက်ပျောက်နေကြောင်း သူက ဆက်လက်ပြောခဲ့ပါတယ်။

ရွေးကောက်ပွဲမှာ သူ့ကိုယ်သူ နိုင်တယ်လို့ပြောတဲ့ အမ်ဒီစီပါတီက တက်ကြွသူတွေနဲ့ ဆက်နွှယ်နေတဲ့ အသက်ကြီးသူတွေဟာ တိုက်ခိုက်ခံနေရပြီး သူတို့ကိုရိုက်နှက်နေတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ အပြစ်ကင်းတဲ့အနေအထားမှာရှိတယ်လို့ ဆိုပါတယ်။

### ရုံးတော်ရောက်ခဲ့

ဇင်ဘာဘွေ သမ္မတသစ် မနန်ဂွါနဲ့ အာဏာရ ဇနူး-ပီအက်ဖ်ပါတီတို့ဟာ ရွေးကောက်ပွဲမှာ မဲခိုးတယ်ဆိုပြီး ဆန္ဒပြခဲ့ကြတဲ့ အတိုက်အခံ အမ်ဒီစီပါတီမှ အဖွဲ့ဝင် ၂၇ ဦးဟာ အကြမ်းဖက်ပြစ်မှုကျူးလွန်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ရုံးတော်ရောက်ခဲ့ပါသေးတယ်။ ရုံးပရဝဏ်တစ်ဝိုက်မှာလည်း ကျည်အပြည့်ဖြည့်ထားတဲ့ ရဲတွေဟာ လုံခြုံရေးယူထားပြီး ရဲကားတွေကလည်း အပြင်ဘက်မှာ ကင်းလှည့်နေပါတယ်။

ဆန္ဒပြပွဲမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ပစ်ခတ်လို့ လူ ခြောက်ဦး သေဆုံးခဲ့မှုနဲ့ ဆက်နွှယ်နေတယ်ဆိုပြီး အမျိုးသား ၁၉ ဦးနဲ့ အမျိုးသမီးရှစ်ဦးတို့ရဲ့ စွပ်စွဲခံထားရတဲ့ကိစ္စကို လေ့လာဆန်းစစ်သူတွေကတော့ လုံးဝဆန့်ကျင်တယ်လို့ ဆိုပါတယ်။

အမှားကျူးလွန်တဲ့ ဖြစ်နိုင်ခြေ တစ်ခုမက ရှိတတ်ပါတယ်။ သူတို့တွေဟာ မျက်မြင်သက်သေတွေကို ခြိမ်းခြောက်ကြပါတယ်။ သူတို့ဟာ သက်သေအထောက်အထားတွေကို ဝင်ရောက်စွက်ဖက်ပါတယ်။ ပြီးတော့ သူတို့ဟာ တရားခွင်ကိုလည်း မလာရောက်ကြပါဘူးလို့ အာဏာရပါတီကို ရည်ညွှန်းကာ အစိုးရရှေ့နေ မိုက်ကယ်ရီဇာက ဆိုပါတယ်။

### တစ်ဖက်သတ် ဖမ်းဆီးခြင်းခံခဲ့ရ

ရွေးကောက်ပွဲစကတည်းက အတိုက်အခံ အမ်ဒီစီဌာနချုပ်ကို သံချပ်ကာယာဉ်တွေ၊ လူစုခွဲမီးသတ်ယာဉ်တွေ၊ အဓိကရုဏ်းနှိမ်နင်းရေးယာဉ်တွေ ဝိုင်းရံထားပါတယ်။ သို့သော်လည်း အခြေအနေတွေဟာ တနင်္လာနေ့မှာ ပြန်လည်ငြိမ်သက်သွားခဲ့ပါတယ်။

လွန်ခဲ့တဲ့အပတ်က လူ ၆၀ကျော်လောက် ရွေးကောက်ပွဲအကြို အတိုက်အခံ ဖိနှိပ်ရေးမူဝါဒအရ တစ်ဖက်သတ် ဖမ်းဆီးခြင်းခံခဲ့ရကြောင်း Amnesty International က ပြောပါတယ်။ ဒါဟာလည်း ဇင်ဘာဘွေ သမ္မတသစ် မနန်ဂွါရဲ့ ရင်ကြားစေ့ရေးနဲ့ ဥပဒေအပေါ် ဂရုစိုက်ခြင်းကြေညာချက်ထုတ်ပြန်ထားတဲ့နေရာမှာ အကောင်းဆုံး ဖမ်းဆီးနှိပ်ကွပ်မှုနဲ့ ချော့ချည်တစ်ခါ ခြောက်ချည်တစ်လှည့် နည်းဗျူဟာကို အသုံးချနိုင်မှုပဲဖြစ်ပါကြောင်း Amnesty International က ခနဲ့တဲ့တဲ့နဲ့ ဆိုလိုက်ပါတယ်။

### အောင်မြင်မှု အခွန့်ရှည်ရေး

ဇင်ဘာဘွေ သမ္မတသစ် မနန်ဂွါရဲ့ အရေးကြီးဆုံး တာဝန်ကြီးဟာ သူ့ရဲ့ အောင်မြင်မှု အခွန့်ရှည်ရေးပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း အတိုက်အခံပါတီ အမ်ဒီစီအပေါ် နှောင့်ယှက်ဟန့်တားဖို့ ဖိနှိပ်ခြင်း၊ ထုတ်ဖော်ဆန္ဒပြတာတွေကို တားဆီးခြင်း၊ သဘောထား ကွဲလွဲမှုအပေါ် ဖိနှိပ်ခြင်းစတဲ့ နည်းလမ်းတွေကို အသုံးပြုနေတာပဲ ဖြစ်ပါတယ်။

"သူတို့တွေဟာ အတိုက်အခံပါတီ အမ်ဒီစီရဲ့ဥပဒေဆိုင်ရာ စိန်ခေါ်မှုတွေကို ခွင့်ပြုပေးသင့်တယ်၊ ဒါပေမယ့် သူတို့ဟာ အသိတရားတွေကို အမှောင်ချပြီး အတိုက်အခံပါတီ ရှုံးနိမ့်ရေးပဲ ဆောင်ရွက်နေကြတယ်'' လို့ Amnesty International က ပြောပါတယ်။

အစိုးရအဖွဲ့ရဲ့ မကောင်းတဲ့ပုံရိပ်တွေကို ပြုပြင်မယ်လို့ ပြောခဲ့ပေမယ့်လည်း လွန်ခဲ့တဲ့အပတ်က အကြမ်းဖက်နှိမ်နင်းရေးရဲတွေဟာနိုင်ငံခြားမီဒီယာတွေနဲ့ပြုလုပ်နေတဲ့ အတိုက်အခံပါတီ အမ်ဒီစီရဲ့ သတင်းစာရှင်းလင်းပွဲကို ဝင်ရောက်ဖြိုခွင်းလိုက်ပါတယ်။

### အောင်မြင်မှုနဲ့ အလှမ်းဝေး

အရင်မူဂါဘီရဲ့ မိတ်ဆွေ ဇင်ဘာဘွေ သမ္မတသစ် မနန်ဂွါရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို သည်းလိုက်အူလိုက် ဆွဲဆောင်ချင်နေတဲ့ မျှော်လင့်ချက်တွေဟာ သူ့ရဲ့ အတိုက်အခံပါတီနဲ့ ပတ်သက်ပြီး အခုလို လုပ်ဆောင်ချက်တွေကြောင့် အောင်မြင်မှုနဲ့ အလှမ်းဝေးကွာခဲ့သလို လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာလည်း ဇင်ဘာဘွေ သမ္မတသစ် မနန်ဂွါက ပြောထားတဲ့ အတိုင်း ၊ ပေးထားတဲ့ကတိအတိုင်း မဟုတ်ဘဲ "လွတ်လပ်စွာပြောဆိုခွင့်၊ စုဝေးခွင့်နဲ့ အစိုးရကို ဝေဖန်ခွင့်တွေကို တားမြစ်ထားတယ်'' လို့အားရပါးရ ရေးသားဖော်ပြခဲ့ကြပါတယ်။

"ဇင်ဘာဘွေသမ္မတသစ် မနန်ဂွါရဲ့ အရေးကြီးဆုံး တာဝန်ကြီးမှာ သူ့ရဲ့အောင်မြင်မှု အခွန့်ရှည်ရေးပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း အတိုက်အခံပါတီ အမ်ဒီစီအပေါ် နှောင့်ယှက်ဟန့်တားဖို့ ဖိနှိပ်ခြင်း၊ ထုတ်ဖော်ဆန္ဒပြမှုများကို တားဆီးခြင်း၊ သဘောထားကွဲလွဲမှုအပေါ်ဖိနှိပ်ခြင်းစတဲ့နည်းလမ်းတွေကို အသုံးပြုနေတာပဲဖြစ်''

လတ်တလော ဇင်ဘာဘွေနိုင်ငံရဲ့ အင်အားကြီးပါတီနှစ်ခုကြား အားပြိုင်မှုဟာ အတော်လေးစိတ်ဝင်စားစရာကောင်းတဲ့အနေအထားကို ရောက်လာပြီ ဖြစ်ပါတယ်။ ဇင်ဘာဘွေ သမ္မတသစ် မနန်ဂွါဟာ သူ့ရဲ့အောင်မြင်မှု အခွန့်ရှည်ဖို့အတွက် အမျိုးမျိုးသော နည်းလမ်းကို သုံးနေသလို တစ်ဖက် အတိုက်အခံ အင်အားစုကလည်း အားမသန်လို့ မာန်မလျှော့ဘဲ မလျှော့သောဇွဲနဲ့ မဆုတ်မနစ် ကြိုးစားနေတာမို့ နောင်အနာဂတ်မှာ ဘယ်လိုအခြေအနေတွေ ဖြစ်လာမလဲဆိုတာ ဆက်လက် စောင့်ကြည့်ရဦးမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား - အေအက်ဖ်ပီ**

# ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ် တားဆီးကာကွယ်ရေး တာချီလိတ်၌ဆွေးနွေး

**တာချီလိတ် ဩဂုတ် ၇**

ရှမ်းပြည်နယ် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်တားဆီးကာကွယ်ရေး ကြီးကြပ်မှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၆ ရက်က တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**တရားဝင်ခွင့်ပြုခဲ့**

အစည်းအဝေးတွင် ရှမ်းပြည်နယ် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ် တားဆီးကာကွယ်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ရှမ်းပြည်နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးဇော်က ပုဂ္ဂလိကလုပ်ငန်းရှင်များ ရွှေသတ္တုများထုတ်လုပ်ရာတွင် သုံးစွဲသည့် ဆိုင်ယာနိုက်ကို ယခင်က တရားမဝင်ဓာတုပစ္စည်းအဖြစ်သတ်မှတ်ပြီး ပြည်ပမှတင်သွင်းခွင့်ကို တားမြစ်ပိတ်ပင်ထားရှိခဲ့ကြောင်း၊ ယခုအခါ အဆိုပါ ဆိုင်ယာနိုက်ကို အန္တရာယ်ကင်းစွာသုံးစွဲနိုင်ရေးအတွက် သင်တန်းများပို့ချပေးပြီး စနစ်တကျ ကိုင်တွယ်အသုံးပြုပါက စွန့်ပစ်ပစ္စည်းတွင် ပါဝင်သွားသော ရွှေသတ္တုများကို သန့်စင်အသုံးပြုနိုင်ခြင်း၊ နိုင်ငံတော်အတွက် အခွန်အခရရှိနိုင်ခြင်းတို့ကြောင့် ဆိုင်ယာနိုက်ဓာတုပစ္စည်း ပြည်ပမှတင်သွင်းခြင်းကို နိုင်ငံတော်က တရားဝင်ခွင့်ပြုပေးခဲ့ကြောင်း ပြောကြားသည်။

**လုပ်ငန်းလိုင်စင်လျှောက်ရန်လို**

ထို့အပြင် ဆိုင်ယာနိုက်ဓာတုပစ္စည်းကို လုပ်ငန်းရှင်များ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များအား အကူအညီတောင်းခံပြီး ယခုနှစ် ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်က တာချီလိတ်မြို့၌ သင်တန်းပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ဆိုင်ယာနိုက်ကို ပြည်ပမှ တရားဝင်တင်သွင်းခွင့်ရရှိရေးအတွက် နည်းဥပဒေပုဒ်မ ၁၃ အရ လုပ်ငန်းလိုင်စင်လျှောက်ထားရန် လိုအပ်ကြောင်း၊ တာချီလိတ်ခရိုင်အတွင်း ပြည်နယ်ကြီးကြပ်မှုကော်မတီ၏ ထောက်ခံချက်ဖြင့် နိုင်ငံတော် ဗဟိုအဆင့် ကြီးကြပ်မှုကော်မတီသို့ ဆက်လက်တင်ပြချက်အရ ကုမ္ပဏီလုပ်ငန်းရှင်ငါးဦးကို လုပ်ငန်းလိုင်စင်များ ခွင့်ပြုချထားပေးပြီးဖြစ်ကြောင်း၊ လုပ်ငန်းလိုင်စင်ခွင့်ပြုချက်မရှိဘဲ ဆိုင်ယာနိုက်များကို ပြည်ပမှ တင်သွင်းခြင်း၊ အသုံးပြုခြင်းများအတွက် နိုင်ငံတော်မှပြဋ္ဌာန်းထားသောဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓာတုဗေဒနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ် တားဆီးကာကွယ်ရေး ဥပဒေကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလနှင့် နည်းဥပဒေကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတော်က ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ အဆိုပါ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆိုင်ယာနိုက်များ တင်သွင်း/အသုံးပြုခွင့်ရရှိရေးအတွက် သက်ဆိုင်ရာဌာနများ၊ ကုမ္ပဏီလုပ်ငန်းရှင်များက ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။



**စနစ်တကျကိုင်တွယ်**

ထို့နောက် ရှမ်းပြည်နယ် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်တားဆီးကာကွယ်ရေး ကြီးကြပ်မှုအဖွဲ့ အတွင်းရေးမှူး ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူး ဦးစိုးမင်းသူက ဆိုင်ယာနိုက် ဓာတုပစ္စည်းများတင်သွင်းခြင်းကို ယခင်က နိုင်ငံတော်က ခွင့်မပြုခဲ့သဖြင့် လုပ်ငန်းရှင်များက ပြည်ပမှ တရားမဝင်လမ်းကြောင်းဖြင့်တင်သွင်းပြီး အသုံးပြုမှုများရှိခဲ့ကြောင်း၊ ယခုအခါ ဆိုင်ယာနိုက်ကို ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းလိုင်စင်ထုတ်ပေးပြီး ပြည်ပမှ တရားဝင်တင်သွင်းခွင့်ပြုနေပြီဖြစ်ကြောင်း၊ ဆိုင်ယာနိုက်ကို စနစ်တကျကိုင်တွယ်အသုံးပြုခြင်းမရှိပါက လူသားများတွင် မျက်စိပျက်စီးခြင်း၊ မျိုးပွားအင်္ဂါပျက်စီးခြင်း၊ ရေသတ္တဝါများကို သေကျေစေခြင်းကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ ဆိုင်ယာနိုက်ကို ကိုင်တွယ်အသုံးပြုသူသည် သတ်မှတ်ထားသောဝတ်စုံကို ဝတ်ဆင်ပြီးမှသာ အသုံးပြုရမည်ဖြစ်ကြောင်း၊ ဆိုင်ယာနိုက်အသုံးပြုသူဝတ်ဆင်ရန် ဝတ်စုံကို ပြည်နယ်မီးသတ်ဦးစီးဌာနနှင့် ညှိနှိုင်းပြီး မူဆယ်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းလိုင်စင်ရရှိထားသူသည် ဆိုင်ယာနိုက်ကို ပြည်ပမှ တင်သွင်းနိုင်ရေးအတွက် ဆိုင်ယာနိုက်နမူနာနှင့်အတူ နည်းဥပဒေအရ သတ်မှတ်ထားသော ပုံစံအတိုင်းဖြည့်စွက်ပြီး တင်ပြလျှောက်ထားသွားရန် လိုအပ်ကြောင်း စသည်ဖြင့် အသေးစိတ် ဆွေးနွေးတင်ပြခဲ့သည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ဘိန်းအစားထိုး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပျားမွေးမြူရေးသင်တန်း နောင်တရားမြို့၌ဖွင့်

**နောင်တရား ဩဂုတ် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရှမ်းပြည်နယ်ပျားလုပ်ငန်းဌာန ကလောမြို့နယ်ဦးစီးမှူးရုံးက ကြီးမှူး၍ ဘိန်းအစားထိုး အသက်မွေးဝမ်းကျောင်းမှုအထောက်အကူပြု ပျားမွေးမြူရေးသင်တန်းကို ဩဂုတ် ၇ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် နောင်တရားမြို့အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ပျားလုပ်ငန်းဌာန ကလောမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်လင်းက ပျားမွေးမြူရေးသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် စာတွေ့၊ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလ ငါးရက်ကြာမြင့်ကာ ဘိန်းအစားထိုးဒေသဖြစ်သော မွေးပြင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၁၀ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းပြီးဆုံးသွားပါက ပျားမွေးမြူနိုင်ရေးအတွက် ပျားအုံ ၂၅ အုံကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်အောင် (နောင်တရား)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး မြောင်းမြတစ်မြို့နယ်လုံး ပူးပေါင်းဆောင်ရွက်သွားမည်

**မြောင်းမြ ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တိုင်းဒေသကြီးအစိုးရ၏ စီမံချက်အနေဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကျေး အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပူးပေါင်းပါဝင်၍ ဩဂုတ် ၉ ရက်မှစတင်ကာ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြောင်းမြမြို့နယ်တွင်လည်း ခြင်မှတစ်ဆင့် ဖြစ်ပေါ်တတ်သည့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းစေရေး၊ ရောဂါကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးခြင်းလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းလုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ၊ ချုံနွယ်ပိတ်ပေါင်းရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ခြင်း လုပ်ငန်းများကို အမျိုးသားကျန်းမာရေးလှုပ်ရှားမှု တစ်ရပ်အနေဖြင့် ရပ်ကွက်၊ ကျေးရွာမကျန် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျက ဩဂုတ် ၇ ရက်တွင် ပြုလုပ်သည့် မြို့နယ်ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲတွင် ပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**

# ဗန်းမော်ခရိုင်အတွင်း မိုးစပါး ဧက ၅၀၀၀ ကျော် ရေနစ်မြုပ်ပြီး ဧက ၁၃၀၀ ကျော် ပျက်စီး

**ဗန်းမော် ဩဂုတ် ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ဧရာဝတီမြစ်ရေမြင့်တက်ခဲ့မှုကြောင့် မိုးစပါးစိုက်ဧက ၅၀၀၀ ကျော် ရေနစ်မြုပ်ခဲ့ကာ အဆိုပါစိုက်ခင်းများအနက် ဧက ၁၃၀၀ ကျော်မှာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ဩဂုတ် ၅ ရက်အထိ ကွင်းဆင်းစာရင်းကောက်ယူမှုမှတ်တမ်းများအရ သိရသည်။

ဗန်းမော်ခရိုင်အတွင်း ဇူလိုင်လနောက်ဆုံးပတ်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဗန်းမော်၊ မန်စီနှင့် မိုးမောက်မြို့နယ်များရှိ မိုးစပါးစိုက်ခင်းများ ရေဝင်နစ်မြုပ်ခဲ့၍ ပျက်စီးဆုံးရှုံးမှုများကို တာဝန်ရှိသူများက ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၅ ရက်အထိ စာရင်းကောက်ယူခဲ့ရာ ဗန်းမော်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၄၆၇၁ အနက် ၃၇၂၆ ဧကမှာ ရေနစ်မြုပ်ခဲ့ပြီး ဧက ၈၉၀ ပျက်စီးခဲ့ကြောင်း၊ မန်စီမြို့နယ်တွင် စိုက်ဧက ၂၅၄၄ ဧကအနက် ဧက ၁၃၀၀ ရေနစ်မြုပ်ကာ ၃၄၄ ဧက ပျက်စီးခဲ့ကြောင်း၊ ဒေါ့ဖုန်းယန်မြို့နယ်တွင် စိုက်ဧက ၂၅၄ ဧက အနက် ၄၅ ဧက ရေနစ်မြုပ်ပျက်စီးခဲ့ကြောင်း၊ မိုးမောက်မြို့နယ်တွင် စိုက်ဧက ၃၂၈ ဧကအနက် ရေနစ်မြုပ်မှု ၃၄ ဧကရှိသော်လည်း ပျက်စီးမှုမရှိကြောင်း၊ ဗန်းမော်ခရိုင်တစ်ခုလုံးအနေဖြင့် မိုးစပါးစိုက်ဧက ၇၇၉၇ ဧက အနက် ၅၂၀၅ ဧက ရေကြီးနစ်မြုပ်ခဲ့ပြီး စုစုပေါင်း ပျက်စီးမှုအနေဖြင့် ၁၃၇၉ ဧက ရှိခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ ရှေးဦးသူနာပြုစုခြင်း သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကြက်ခြေနီအသင်းခွဲ၌ ရှေးဦးသူနာပြုစုခြင်း (သာမန်)သင်တန်းအမှတ်စဉ် (၃/၂၀၁၈) ဖွင့်ပွဲကို ဩဂုတ် ၆ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကျော်ကျော်ခေါင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်လှကြင်က တိုင်းဒေသကြီးအတွင်း တက္ကသိုလ်အခြေပြု ကြက်ခြေနီ ရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းများဖွင့်လှစ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်တောင်ပိုင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည်(ငြိမ်း)က ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း သင်တန်းဆိုင်ရာများနှင့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ကြက်ခြေနီလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူ ၃၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၆ ရက်မှ ၁၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ



**မန္တလေး ဩဂုတ် ၇**

မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင်အစည်းအဝေးကို ဩဂုတ် ၅ ရက်က အသင်းတည်ရှိရာ မြမန္တလာဟိုတယ် မြမန္တလာစာပန်းခင်းရုံးတွင် ကျင်းပသည်။

အစည်းအဝေးတွင် အသင်းနာယက ဦးကျော်သန်းထွန်းက ဖောင်ဒေးရှင်းစတင်ဖြစ်ပေါ်လာပုံများ၊ လုပ်ဆောင်ချက်များ၊ ရန်ပုံငွေကိစ္စများရှင်းလင်းတင်ပြပြီး ယခုလက်ရှိ မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်ဖောင်ဒေးရှင်းအဖွဲ့အား လိုအပ်သည့်နေရာများတွင် အကူအညီပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးအုန်းငွေက ဗဟိုမှ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသင်းတိုးတက်ရေးကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးမြို့တွင် ကျင်းပမည့် လူငယ်ဘက်စုံပွဲတော်တွင် မန္တလေးတိုင်းဒေသကြီး စာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ ပြခန်းပြုလုပ်ရန် ဗဟိုခွင့်ပြုချက်ဖြင့် စီစဉ်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းကာ အသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများကပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ **ခင်ခင်ဝင်း(ပညာရေး)**

# မူဆယ်မြို့ပေါ်ရှိစာသင်ကျောင်းများသို့ တရုတ်နိုင်ငံမှ ကျောင်းသုံးပစ္စည်းများ လှူဒါန်း

**မူဆယ် ဩဂုတ် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့ပေါ်ရှိ စာသင်ကျောင်းများသို့ ကျောင်းသုံးပစ္စည်းများနှင့်အားကစားပစ္စည်းများကို တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ် လူမှုသိပ္ပံကော်ပိုရေးရှင်းအဖွဲ့နှင့် ဆုံရှင်းလင်ဖောင်ဒေးရှင်းအဖွဲ့တို့က ဩဂုတ် ၆ ရက်တွင် လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲမှ မစ္စတာဟောင့်ထင်ကော့ဦးဆောင်သော တယ်ဟုန်ပြည်နယ်ခွဲ လူမှုသိပ္ပံ ကော်ပိုရေးရှင်းအဖွဲ့နှင့် ဆုံရှင်းလင်ဖောင်ဒေးရှင်းအဖွဲ့ဝင်များက မူဆယ်မြို့ရှိ စာသင်ကျောင်းအချို့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ကျောင်းသုံးစားပွဲနှင့်ကုလားထိုင်၊ အားကစားပစ္စည်းများ၊ ကွန်ပျူတာ၊ ပရင်တာနှင့် ပရိုဂျက်တာများ၊ ကင်မရာများ လာရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့အား ဥက္ကဋ္ဌ ဦးရှင်ဖူး ဦးဆောင်သော မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများက ကြိုဆိုကြပြီးနောက် တယ်ဟုန်ပြည်နယ် လူမှုသိပ္ပံကော်ပိုရေးရှင်းအဖွဲ့ဝင်များက မူဆယ်မြို့ အမှတ်(၅) အခြေခံမူလတန်းကျောင်းအတွက် ကျောင်းသုံးစားပွဲနှင့်ကုလားထိုင် အစုံ ၁၂၀၊ ကျောင်းသုံး ရုံးစားပွဲလေးစုံ၊ အမှိုက်ပုံး သုံးပုံး၊ ကွန်ပျူတာ ငါးလုံး၊ ပရင်တာနှစ်ခုနှင့် ပရိုဂျက်တာနှင့် ကင်မရာ တစ်စုံတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အတူ တရုတ်နိုင်ငံမှ ဆုံရှင်းလင်ဖောင်ဒေးရှင်းကလည်း တစ်စုံလျှင်၁၂ မျိုးပါ အားကစားပစ္စည်းငါးစုံတို့ကို လှူဒါန်းခဲ့သည်။ မြို့နယ်စည်ပင်အတွက် နှစ်စုံနှင့် မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများဖြစ်သော အထက(၁)၊ အထက(၂)နှင့် အထက(၃)ကျောင်းများသို့ တစ်စုံစီကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ကုမ္ပဏီများဥပဒေအကြောင်း မကွေးမြို့၌ ရှင်းလင်းဆွေးနွေး

**မကွေး ဩဂုတ် ၇**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ ဂျာမနီ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)၏ ပူးပေါင်းမှုဖြင့် ဩဂုတ် ၆ ရက်က မကွေးမြို့ နန်းထိုက်သူဟိုတယ်၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ အောက်တိုဘာ ၁၈ ရက်ကလည်းကောင်း၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ၂၀၁၇ ဒီဇင်ဘာလ ၆ ရက်ကလည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ စီးပွားရေးလုပ်ငန်းတစ်ခုကို ဥပဒေနှင့်အညီ လွယ်လွယ်ကူကူ စတင်လုပ်ကိုင်လာနိုင်ပြီဖြစ်သလို စွန့်စားတီထွင်လုပ်ကိုင်မှုများကို ပို၍ ထောက်ကူပေးလာနိုင်သည့်အပြင် ပုဂ္ဂလိကကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် မိမိတို့ ဒေသဖွံ့ဖြိုးရေးလုပ်ပိုင်ခွင့်များလည်း ပိုမိုရရှိလာပြီဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာလွင်သူဇာရွှေက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမြတ်က မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပါ အကြောင်းအရာများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါက်တာထိန်လင်းအေးက မကွေးတိုင်းဒေသကြီးနှင့် သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။



ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့က ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ပြီး တက်ရောက်လာသည့် ကုမ္ပဏီလုပ်ငန်းရှင်များက သိလိုသည့် မေးမြန်းဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍတို့မှ သက်ဆိုင်သူများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတို့နှင့် ပတ်သက်သည့် ဗဟုသုတများမျှဝေနိုင်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

**သန်းနိုင်ဦး (ငဖဲ)**

# ဘားအံမြို့နယ်မှ ရေဘေးသင့်ရွာ ၂၀ အတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ဘားအံ ဩဂုတ် ၇**

ဇူလိုင်လကုန်ပိုင်းက ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ကော့လုံကျွန်းတစ်ကျွန်းလုံး ရေကြီးနစ်မြုပ်ခဲ့ပြီး ကျွန်းပေါ်ရှိကျေးရွာများနှင့် ကျွန်းတစ်ဖက်ကမ်းရှိ ကျေးရွာများအပါအဝင် စုစုပေါင်း ကျေးရွာ ၂၀ ၌ ရေဘေးကြုံတွေ့ခဲ့ရသည့်အတွက် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများကို ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် အလှူရှင်များက ဩဂုတ် ၆ ရက်က သွားရောက်ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကော့လုံကျွန်းပေါ်ရှိ ကိုမောင်ကျေးရွာအုပ်စု ခရမ်းကျွတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကျေးရွာနေပြည်သူများအား အားပေးစကားပြောကြားပြီးနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အလှူရှင်များက ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းများနှင့် ပဲများ၊ ရေဘေးသင့်ကျေးရွာများမှ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်မှုအနေဖြင့် ကရင်ပြည်နယ် အစိုးရက စေတနာရှင်များ စုပေါင်းလှူဒါန်းထားသည့် ဆန်အိတ် ၃၀၀ နှင့် ဆီ၊ ငါးသေတ္တာဘူးများ၊ ခေါက်ဆွဲခြောက်၊ ဆား၊ ရေသန့်ဘူးများ၊ ကြက်သွန်နှင့် အခြားဟင်းချက်စရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်နှင့် လုပ်ငန်းရှင် အလှူရှင်များက ရေဘေးကယ်ဆယ်ရေးပစ္စည်း ခုနစ်မျိုးပါ သေတ္တာပုံး ၆၀၀၊ ဆန်အိတ် ၄၃၀ နှင့် ဆီ၊ ပဲများ၊ သင်္ကန်းများကိုလည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အလှူငွေ ကျပ် ၁၆၃၅၀၀၀ ကိုလည်းကောင်း၊ အဝေးရောက် ကော့လုံကျွန်း မိသားစုဝင်များက အလှူငွေ ကျပ် ၁၀၆၀၀၀၀ ကိုလည်းကောင်း၊ ရေဘေးသင့်ကျေးရွာများမှ ဘုန်းတော်ကြီးကျောင်းများအတွက် ဝေဠုကျော်ဖောင်ဒေးရှင်းက အလှူငွေ ကျပ် ၁၃ သိန်းကိုလည်းကောင်း ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# ဒလမြို့နယ်၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန် ဩဂုတ် ၇**

စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ မြစ်တစ်ဖက်ကမ်းတွင်တည်ရှိသော ဒလမြို့နယ်၌ မိုးရာသီကာလအတွင်း ရန်ကုန်မြစ်ရေမြင့်တက်မှု မကြာခဏ ဖြစ်ပွားလျက်ရှိပြီး မြစ်၊ ချောင်းကမ်းဘေးနှင့် မြေနိမ့်ပိုင်းနေရာများ၌ ရေဝင်ရောက်မှုများလည်း ဖြစ်ပွား လျက်ရှိ၍ မြစ်ရေကြီးခြင်းအပြင် မိုးရာသီကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးများကို ကြိုတင်ကာကွယ်ရန်အတွက် ဗိုလ်ရန်ပြေရပ်ကွက်ရှိ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့၌ ပညာပေးနံရံကပ်စာစောင်များ ပြသ၍ အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဩဂုတ် ၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ နေ့စဉ်ထုတ်ပြန်ထားသော မိုးလေဝသသတင်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ကြိုတင်ကာကွယ်ရေးအသိပေးချက်များ၊ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ မြစ်ရေကြီးခြင်း သတိပေးချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ဒေသခံပြည်သူများ ကြည့်ရှုလေ့လာ မှတ်သားနိုင်ရေးအတွက် နံရံကပ်စာစောင်များ ပြသခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ လာရောက်ကြည့်ရှုလေ့လာကာ သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# မြင်းခြံခရိုင်အတွင်း စွမ်းအားမြင့်မီးဖိုများ ဖြန့်ဝေရေးစီမံကိန်း အလုပ်ရုံဆွေးနွေး

**မြင်းခြံ ဩဂုတ် ၇**

တောင်အာရှနှင့် အရှေ့တောင်အာရှဖွံ့ဖြိုးဆဲနိုင်ငံများတွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေရေးစီမံကိန်းအရ မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ဩဂုတ် ၆ ရက်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးနှင့် မြင်းခြံခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကံထွန်းတို့က အမှာစကားပြောကြားပြီး မြင်းခြံမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်က စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ မြင်းခြံမြို့နယ် တာဝန်ခံတောအုပ်ကြီး ဦးအောင်ကိုကိုက စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေမည့် အစီအစဉ်ကို အသေးစိတ် ရှင်းလင်းခဲ့သည်။

အဆိုပါစီမံကိန်းကို ကိုရီးယားသမ္မတနိုင်ငံ Climate Change Center (CCC)၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စီမံကိန်းကို မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး သုံးခုရှိ ခရိုင် ခြောက်ခရိုင်မှ မြို့နယ် ၂၇ ခုတွင် ပြုလုပ်သွားမည်ဖြစ်ကာ မြင်းခြံခရိုင်လည်း ပါဝင်ကြောင်း၊ တစ်ခရိုင်လျှင် အိမ်ထောင်စုပေါင်း ၁၈၀၀၀ သို့ စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း၊ စီမံကိန်းကာလ ငါးနှစ်အတွင်း ဖြန့်ဝေထားသည့် မီးဖိုများကို မီးဖိုအသစ်များဖြင့် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်းနှင့် စွမ်းအားမြှင့်မီးဖို စုစုပေါင်း ၅၄၀၀၀၀ ကို ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ စွမ်းအားမြှင့်မီးဖိုများဖြန့်ဝေရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြင်းခြံမြို့နယ်ရှိ ကျေးရွာပေါင်း ၄၀ ကျော်မှ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

စွမ်းအားမြှင့်မီးဖိုများကို သုံးစွဲခြင်းဖြင့် ထင်းကုန်ကျမှုသက်သာစေပြီး သစ်တောပြုန်းတီးမှု မရှိသဖြင့် တိရစ္ဆာန်များ စားကျက်မပျောက်ခြင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်ခြင်း၊ ရာသီဥတုကောင်းမွန်ခြင်း၊ ကျန်းမာရေးဆိုင်ရာဆိုးကျိုးများလျော့နည်းစေခြင်း အကျိုးကျေးဇူးများကို ရရှိစေနိုင်ကြောင်း သိရသည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် UN-CDM Project တစ်ခုကို UNFCCC နှင့် ချိတ်ဆက်၍ ပထမဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၇-၈-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၄၉၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၅/၉၄၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၅/၉၅၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၈၀/၉၁၀ ကျပ် | ၉၅၀/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၅/၉၆၀ ကျပ် | ၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၃၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၆၂ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၁ ・ ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၁ ・ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၉၂ ・ ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၃ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၉ ・ ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၉၈၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ ・ ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၂ ・ ၂၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ ・ ၁၄၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှုအစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၃၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ဂျပန်နိုင်ငံတွင် ကျင်းပမည့် Miss International 2018 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် မေယုခတ္တာ သွားရောက်ယှဉ်ပြိုင်မည်




Miss Myanmar International ပြိုင်ပွဲများကို ၂၀၁၁ ခုနှစ်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့ပြီး ဆုရရှိသည့် ပြိုင်ပွဲဝင်များကို နိုင်ငံတကာအဆင့် Miss International ပြိုင်ပွဲများသို့ စေလွှတ်ခဲ့ရာ ယခုနှစ် နိုဝင်ဘာလတွင် ဂျပန်နိုင်ငံ၌ကျင်းပမည့် Miss International 2018 ပြိုင်ပွဲကြီးသို့လည်း မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အဖြစ် Miss Myanmar International 2018 ဆုရ မေယုခတ္တာကို စေလွှတ်သွားရန်ရှိကြောင်း သိရ၍ မေယုခတ္တာနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**မေး - Miss Myanmar International 2018 ဆုကို ရရှိခဲ့တဲ့အတွက် ညီမရဲ့ ခံစားချက်ကို ပြောပြပေးပါဦး။**

ဖြေ - ဟုတ်ကဲ့ပါ၊ ညီမဒီဆုကိုရခဲ့လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ ဒီဆုကိုရရှိခဲ့တာ ညီမဘဝရဲ့ လျှောက်လှမ်းရမယ့်လမ်းမှာ အောင်မြင်မှုမှတ်တိုင်တစ်ခု အစပြုခဲ့တာလို့လည်း ခံစားရပါတယ်ရှင်။

**မေး - ပြည်ပပြိုင်ပွဲနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး။**

ဖြေ - လာမယ့် အောက်တိုဘာ ၂၀ ရက်က စပြီး ဂျပန်မှာ သွားရောက်ယှဉ်ပြိုင်ရမှာပါ။ Camp ကာလကတော့ သုံးပတ်ပါ။ Final ကတော့ နိုဝင်ဘာ ၃ ရက်မှာ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ပြိုင်ရမှာပါ။ အဲဒီပြိုင်ပွဲကြီးအတွက် အခုအချိန်ကစပြီး ညီမ ကြိုးစားပြင်ဆင်နေရပါတယ်။

**မေး - ကြိုတင်ပြင်ဆင်မှုတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ - ဒီပွဲက အဓိက ခရီးသွားကဏ္ဍမြှင့်တင်တာ လုပ်တဲ့ပွဲလည်းဖြစ်နေတော့ ညီမအနေနဲ့ နိုင်ငံအတွင်းမှာရှိတဲ့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေကို ကမ္ဘာသိအောင် ချပြနိုင်ဖို့ ပြင်ဆင်နေပါတယ်။ ဒါ့အပြင် မြန်မာအမျိုးသမီးတစ်ယောက် ရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေကို ပြသနိုင်ဖို့အတွက် မြန်မာအမျိုးသမီးတွေရဲ့ဂုဏ်ကို ကမ္ဘာကသိအောင် ချပြသွားဖို့ ပြင်ဆင်နေပါတယ်။ Talent ပိုင်းအနေနဲ့ကတော့ ညီမတို့ယဉ်ကျေးမှုနဲ့ ဂျပန်နိုင်ငံနဲ့ကိုက်ညီမယ်ထင်တဲ့ ပြသမှုမျိုးကို ရွေးချယ်ပြသဖြစ်မှာပါ။

**မေး - Miss ပြိုင်ပွဲတွေဆိုရင် ဝေဖန်မှုတွေနဲ့ရင်ဆိုင်ရတာမျိုး ရှိတတ်တော့ ညီမအနေနဲ့ ဝေဖန်ခံခဲ့ရရင် ဘယ်လိုရင်ဆိုင်သွားမလဲ။**

ဖြေ - ညီမကို ဝေဖန်လာရင် ညီမကို ချစ်လို့ဝေဖန်တယ်လို့ပဲ သဘောထားသွားမှာပါ။ ညီမမှာ လိုအပ်ချက်တွေရှိနေလို့ ဝေဖန်တယ်လို့ပဲယူဆပြီး ညီမဘက်က ပြင်ဆင်စရာ ရှိတာတွေကို ပြင်ဆင်သွားမှာပါ။ ဒါပေမယ့် ပရိသတ်ကို ကောင်းမွန်တဲ့ပုံရိပ်တွေ ချပြနိုင်ဖို့အတွက် ညီမအမြဲကြိုးစားနေပါတယ်။ ဒါကြောင့် ဝေဖန်တာထက်စာရင် ညီမကိုချစ်ပေးကြဖို့ ပြောချင်ပါတယ်။

ကျင်းပပြီးစီးခဲ့သည့် Miss Myanmar International 2018 ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်တွင် ဩဂုတ် ၆ ရက်က ကျင်းပခဲ့ပြီး Winner ဆုရှင်ဖြစ်သူ အလှမယ် မေယုခတ္တာအား ဆုကြေးငွေကျပ်သိန်း ၁၀၀ ၊ 1st Runner Up ဆုရှင် အလှမယ် ပိုးအိဇင်အား ကျပ်သိန်း ၆၀ နှင့် အခြားဆုများ၊ 2nd Runner Up ဆုရှင် အလှမယ် နေချစ်ထက်အား ဆုကြေးငွေကျပ် သိန်း ၄၀ ၊ Miss Popular ဆုရှင် အလှမယ် ရွှန်းယမုံအား ဆုကြေး ကျပ်ငါးသိန်း ၊ Miss Photogenic ဆုရှင် အလှမယ် ဖြိုးပပထူးအား ဆုကြေးငွေ ကျပ်ငါးသိန်း၊ Miss Congentiality ဆုရှင် အလှမယ် ခင်စကားဝါဝင့်အား ဆုကြေးငွေကျပ်ငါးသိန်းတို့ကို ချီးမြှင့်ခဲ့သည်။

**ကိုလင်း**

# အကယ်ဒမီ မင်းသမီးသုံးလက်ပါဝင်သော ဣတ္ထိယဇာတ်ကား ရုံတင်ပြသမည်

စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရိုက်ကူးပြီး ဇာတ်လမ်း ညာလက်ယာ ၊ ဇာတ်ညွှန်း ဆူးခက်မင်းတို့ ရေးသား၍ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး) ဖန်တီးရိုက်ကူးတင်ဆက်ထားသော "ဣတ္ထိယ" ရုပ်ရှင်ဇာတ်ကားကြီးကို ဩဂုတ် ၁၀ ရက်တွင် ရုံတင်ပြသမည်ဖြစ်ပြီး ယင်းဇာတ်ကားကြီးတွင် အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ ခိုင်သင်းကြည်၊ အကယ်ဒမီ ဖွေးဖွေးတို့ ဦးဆောင်၍ အလင်းရောင်၊ ခင်လှိုင်၊ ယွန်းရွှေရည်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

**ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)**

ဇာတ်ကားကတော့ ဘာမှထွေထွေထူးထူးမရှိပါဘူး၊ မင်းသမီးသုံးလက်နဲ့ အဲ့လိုမျိုးဇာတ်ကား ရိုက်မယ်ဆိုပြီးတော့ ရိုက်ကူးဖြစ်တာပါ။ ပရိသတ်တွေကြိုက်တဲ့ မင်းသမီးသုံးယောက်ဆိုတော့ ကားလေးက ပိုမြိုင်သွားတာပေါ့။ ၁၅ ရက်လောက် အချိန်ယူခဲ့တယ်၊ ပြင်ဦးလွင် ဖောင်းတော်ရွာဘက် ဆင်လမ်းဆည်အိမ်ရယ် အဲ့ဘက်တွေမှာ။ ပရိသတ်အတွက်တော့ ကျေနပ်စရာကောင်းမယ်လို့ထင်ပါတယ်။ မင်းသမီးသုံးလက်နဲ့ သူတို့တွေကြည့်ချင်တဲ့ ပုံစံလေးတွေကို တင်ပြပေးထားပါတယ်။

**အလင်းရောင်**

ဘုန်းကြီးကျောင်းသား အယောင်ဆောင်ထားတဲ့ ဓားပြရဲ့သား နေရာကနေ သရုပ်ဆောင်ထားပါတယ်။ ညီအစ်မသုံးယောက်က ရွာထဲမှာ ထိတ်ထိတ်ကြဲ ဆိုးတဲ့သူတွေပေါ့။ သူတို့နဲ့တွေ့တဲ့အချိန်မှာတော့ ကျွန်တော်က ဘုန်းကြီးကျောင်းသားတစ်ယောက်ဆိုတော့ သူတို့ကို ကြောက်တဲ့ပုံစံ လုပ်ရတာပေါ့။ ဒီဇာတ်ကားလေးက ပေါ့ပေါ့ပါးပါးလေးပါပဲ။ အဓိက မကြီးစိုး၊ မခိုင်သင်းကြည်၊ မဖွေးတို့ရဲ့ဇာတ်ဆိုတော့ သူတို့အတွက် ကျွန်တော်က ဇာတ်ပို့ပေးရတဲ့သူ အရံလေးပါပဲ။ ကျွန်တော်က ဟာသ သိပ်မရတဲ့အခါ ဒီကားရဲ့ထရေလာကိုကြည့်ရင်းနဲ့ ကိုယ့်ကိုယ်ကို အားမရတော့ဖြစ်မိတယ်။

**ခိုင်သင်းကြည်**

ဒီကားထဲမှာတော့ ရွာထဲမှာ ထိတ်ထိတ်ကြဲ ညီအစ်မတွေထဲက အလတ်မပေါ့။ ဒီဣတ္ထိယဇာတ်ကားကြီးကို ပရိသတ်တွေ ကြိုက်ကြမှာပါ။ ဘာဖြစ်လို့လဲဆိုရင်တော့



မင်းသမီးသုံးယောက်က ဂေါ်ထားတဲ့ကားဆိုတော့၊ အဓိကတော့ မင်းသမီးသုံးယောက်မှာ မကြီးစိုးနဲ့ကတော့ အမြဲတမ်းတွဲဖူးတယ်။ ဖွေးဖွေးနဲ့ကျတော့ နှစ်ယောက် ဂေါ်ထားတဲ့ကားလေး တစ်ကားတော့ရှိပါတယ်။ အဲဒီကားက မတင်သေးတော့ အခုကားက ဖွေးဖွေးနဲ့ ပထမဆုံးဆုံတဲ့ ကားလေးပါ။ ဒီကားထဲမှာ ညီအစ်မတွေက သုံးယောက်စလုံးက အစွာတွေချည်းပဲဆိုတော့ အတွဲညီပါတယ်။ အဲ့ကားထဲမှာ မကြီးစိုးနဲ့ ဖွေးဖွေး သူတို့နှစ်ယောက်ကြားမှာ အစ်မက ညပ်နေတာပေါ့။

**ယွန်းရွှေရည်**

ပေါ့ပေါ့ပါးပါးနဲ့ ဟာသပုံစံမျိုးလေးပါ။ လူရွှင်တော်တွေမပါဘဲနဲ့ မိန်းမတွေချည်းပဲ ဦးဆောင်တဲ့ကားပေါ့။ မိန်းမတွေချည်းပဲ ကိုယ့်အိမ်နဲ့ကိုယ်၊ ဓားပြတွေလာတိုက်တဲ့အချိန်မှာလည်း မိန်းမတွေကပဲဦးဆောင်ပြီး တိုက်ခိုက်လိုက်တယ်၊ အဲ့လိုမျိုးပေါ့။ နောက်ပိုင်းကျ ညီမတို့မပါတော့ဘူး၊ မကြီးစိုးပဲ ဓားပြတွေနောက်ကိုပါသွားတယ်၊ အဲ့တော့ သူတို့ ဓားပြတွေလက်ထဲက ဘယ်လိုလွတ်အောင်ပြေးကြမလဲပေါ့။

**သရုပ်ဆောင်ကိုပေါက်**

ဒီကားလေးထဲမှာတော့ ကျွန်တော်က လူဆိုးဓားပြပေါ့၊ အဲဒီနေရာကနေ သရုပ်ဆောင်ထားပါတယ်။ ကိုဇော်က အမြဲတမ်း ကျွန်တော်နဲ့လိုက်တဲ့ ကာရိုက်တာဆိုရင် အမြဲတမ်းခေါ်သုံးနေကျပေါ့နော်။ ဒီကားလေးက ဟာသကားဆိုပေမယ့် မိန်းကလေးတွေရဲ့တစ်ယောက်တည်းရပ်တည်နိုင်တယ်ဆိုတာကို ပြထားတာပေါ့။ ဒီကားလေးက ပရိသတ်တွေအတွက် ရသတစ်ခုခုရနိုင်မှာပါ။

**ကိုလင်း**

# တေးရေး၊ တေးဆို သဟာအောင်၏ ခံစားဖူးမှမင်းသိမယ် တေးစီးရီး ထွက်ရှိမည်

အဆိုတော် မနော၏ တေးသီချင်းပေါင်းများစွာကို တစ်ကိုယ်တော်ရေးသားပေးခဲ့သူ တေးရေး၊ တေးဆို သဟာအောင်သည် အဆိုတော်သွန်း၏ အချစ်နန်းတော်တေးစီးရီးတွင် ပါဝင်ရေးသားသီဆိုခဲ့ပြီး လတ်တလောတွင် ခံစားဖူးမှမင်းသိမယ် တေးစီးရီးထွက်ရှိနိုင်ရန် စီစဉ်လျက်ရှိသည်။

သူ၏ ဂီတဖန်တီးမှုပိုင်းနှင့်ပတ်သက်ပြီး သဟာအောင်က "ကျွန်တော်ကတော့ ကိုယ်လုပ်တာကို လုပ်နိုင်သလောက်လေးတော့ ဖန်တီးတာပဲပေါ့။ လူငယ်တွေအနေနဲ့ ကိုယ်နိုင်တဲ့ဘက်က ဝါသနာပါလို့ တေးရေးဖြစ်တာပါ။ ဆရာကြီးတွေလည်း မဟုတ်ပါဘူး။ ပြိုင်ဆိုင်တာတွေ၊ အတ္တတွေ ကျွန်တော်တို့စိတ်ထဲမှာ မရှိပါဘူး။ ငွေကြေးဇယားနဲ့ စီးပွားဖြစ်လုပ်ဆောင်တာလည်း မဟုတ်ပါဘူး"ဟု သဟာအောင်က ပြောသည်။

ဂီတပိုင်းဖန်တီးရာတွင် အကောင်းဆုံး အင်အားစိုက်ထုတ်မှုများဖြင့် ရေးသားခဲ့သော်လည်း ကံတရားနှင့် မိမိ၏ စန်းကြောင့်သာ ပရိသတ်နှင့် ရင်ဘတ်ညီမျှသည့်အတွက် သီချင်းများအောင်မြင်ခဲ့ကြောင်း သဟာအောင်က သုံးသပ်ခဲ့ပြီး သဟာအောင်၏ ပထမဆုံး တစ်ကိုယ်တော်အခွေဖြစ်သည့် ခံစားဖူးမှမင်းသိမယ် ဒီဗွီဒီကိုလည်း ဩဂုတ်လထဲတွင် ထွက်ရှိရန် စီစဉ်ထားကြောင်း သိရသည်။

"အနယ်နယ်အရပ်ရပ်က တေးသီချင်းလေးတွေ လာအပ်ကြတာများပါတယ်။ မိုနိုပိုင်းတွေ ပိုများလာပါတယ်။ ရသပိုင်းတွေမှာ တစ်ခုနဲ့တစ်ခု မထပ်အောင် အကောင်းဆုံးတော့ ရေးပေးရပါတယ်။ သီချင်းတစ်ပုဒ် ပေါက်တယ်၊ မပေါက်ဘူး ဆိုတာကတော့ အကြောင်းအမျိုးမျိုးတော့ ရှိတာပေါ့။ ကိုယ့်ရဲ့ကြိုးစားအားထုတ်မှုအပိုင်းရော၊ ကံတရားနဲ့ရော သက်ဆိုင်သလို ကျွန်တော်တို့နဲ့လည်း သက်ဆိုင်တာပေါ့။ ကြိုးစားရင် နေရာတစ်နေရာတော့ ဖြစ်မြောက်လာမှာပါ"ဟုလည်း ၎င်းက ဆိုသည်။

**ကိုလင်း**




# ငါးကြိမ်မြောက် Abstract ပန်းချီပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

စိတ်၏ခံစားချက်များကို အဓိကအခြေခံထားပြီး ရေးဆွဲထားသော ပန်းချီကားချပ်များကို ပြသမည့် Abstract ပန်းချီပြပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ်ပန်းချီခန်းမ၌ ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက်




၉ နာရီ မှ ညနေ ၅ နာရီအထိ ပန်းချီဆရာ ၁၆ ဦး ပါဝင်၍ ပြသသွားမည်ဟု သိရသည်။

"ဒီပြပွဲပြသခဲ့တာ (၅) ကြိမ်မြောက်ရှိပါပြီ ၊ တခြားပန်းချီပြပွဲတွေထက် ပိုထူးခြားမှုကတော့ စိတ္တဇပန်းချီလို့ ပြောကြတာပေါ့နော်၊ ၁၉၂၀ ကတည်းက ခေတ်စားခဲ့တဲ့ ဒီပန်းချီရေးဆွဲမှုက လူတွေကြားမှာ သဘောထားကွဲလွဲမှုတွေ အများကြီးရှိခဲ့ဖူးပါတယ်၊ ဒါတွေကို လက်ခံနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားတဲ့အနေနဲ့ လုပ်ဆောင်ခဲ့တာပါ၊ ကျွန်တော်တို့နိုင်ငံက စိတ်ဝင်စားမှုနည်းပါးတယ် ဆိုပေမယ့် တတိယအကြိမ်မြောက်မှာ စိတ်ဝင်စားမှု ရှိလာကြပါပြီ၊ ပြည်ပမှာတော့ ပရိသတ်ကြိုက်တာများပါတယ်၊ ရေးဆွဲမှုမှာတော့ ရေဆေး၊ ဆီဆေး ရောသုံးထားပါတယ်"ဟု ပြပွဲကို အဓိကဦးဆောင်သူ ကိုဇေလတ်ခိုင်က ပြောသည်။

အဆိုပါပြပွဲတွင် ပန်းချီကားပေါင်း ၆၀ ကျော် နှင့် ပန်းပုရုပ်တု နှစ်ခုပါဝင်ပြသမည်ဟု သိရသည်။ ပန်းချီကားများကို ပြပွဲအတွင်းရောင်းချသွားမည်ဖြစ်ပြီး အဆိုတော်ကျားပေါက် ရေးဆွဲထားသော ပန်းချီကားများလည်း ပါဝင်ကြောင်း၊ ပြပွဲတွင်ပြသမည့် ပန်းချီကားများသည် လူသားတို့စိတ်တွင် ဖြစ်ပေါ်လာသော စိတ်ခံစားချက်များကို အဓိကထားရေးဆွဲထားကြောင်း ၊ အခြားမည်သူမဆို ကြည့်ရှုခံစားနိုင်သော အမျိုးအစားများပါဝင်ကြောင်း၊ အခြားပန်းချီများတွင် အစက်၊ မျဉ်းကြောင်း၊ အရိပ်၊ ပုံသဏ္ဍာန်ဟူ၍ ဖွဲ့စည်းပြီး ခံစားမှုများပြသရသော်လည်း Abstract အမျိုးအစားမှာမူ ရုပ်ဝတ္ထုအစိုင်အခဲများ ပါဝင်ခြင်းမရှိဘဲ အရောင်များဖြင့်သာ ဖန်တီးရသော ပန်းချီအမျိုးအစားဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာ အနုပညာသတင်း

# Gulab Jamun ဇာတ်ကားမှာ အမိတာဘချမ်းတို့ တစ်မိသားစုလုံးကို တွေ့မြင်ရဖွယ်ရှိ

အမိတာဘချမ်းရဲ့သားဖြစ်သူ အဘိရှက်ခ်ဘချမ်းဟာ အလှမယ်လည်းဖြစ် ရုပ်ရှင်မင်းသမီးလည်းဖြစ်တဲ့ အေ့ရှ်ဝါရာရိုင်းနဲ့ လက်ထပ်ထားပါတယ်။ သူတို့စုံတွဲဟာ ဘောလီဝုဒ်မှာတော့ စံထားရတဲ့စုံတွဲလည်းဖြစ်တယ်။ ကင်မရာရှေ့မှာရော၊ ကင်မရာနောက်ကွယ်မှာပါ သိပ်ချစ်ကြတဲ့စုံတွဲအဖြစ် သူတို့ရဲ့ပရိသတ်တွေက အသိအမှတ်ပြုထားပါတယ်။ မကြာသေးခင်က Fanney Khan ဆိုတဲ့ဇာတ်ကား ပရိမိုးရှင်းပွဲမှာ အေ့ရှ်ဝါရာရိုင်းက နောက်ထပ်ရုပ်ရှင်ဇာတ်ကားတစ်ကားအဖြစ် Gulab Jamun ဇာတ်ကားကို ရိုက်ကူးဖို့ရှိတယ်ဆိုပြီး ကြေညာခဲ့ပါတယ်။ အဲဒီဇာတ်ကားမှာ အဘိရှက်ခ်၊ အေ့ရှ်ဝါရာရိုင်းတို့အပြင် အမိတာဘချမ်းပါ ပါဝင်သရုပ်ဆောင်နိုင်တယ်လို့ သတင်းထောက်တွေက ခန့်မှန်းထားကြပါတယ်။ ဒီသုံးယောက်စလုံးဟာ အရင်ကလည်း ဇာတ်ကားတစ်ကားတည်းမှာတွဲပြီး သရုပ်ဆောင်ခဲ့ကြဖူးပါတယ်။ အဲဒီဇာတ်ကားရဲ့နာမည်ကတော့ Sakar Raj ဖြစ်ပြီး ဒါရိုက်တာကတော့ ရမ်ဂိုပယ်ဗာမာ ဆိုသူပဲဖြစ်တယ်။ တကယ်လို့များ အမိတာဘချမ်းပါ ဒီဇာတ်ကားမှာပါဝင်လာမယ်ဆိုရင်တော့ ပရိသတ်တွေအားလုံးအတွက် စိတ်ဝင်စားဖွယ်ဇာတ်ကားဖြစ်လာမှာပါ။ အေ့ရှ်ဝါရာရိုင်းရော၊ အဘိရှက်ခ်ဘချမ်းပါ နောက်ဆုံးသရုပ်ဆောင်ထားတဲ့ ဇာတ်ကားကတော့ Raavan ဆိုတဲ့ ဇာတ်ကားပဲဖြစ်တယ်။ အသစ်ရိုက်ကူးမယ့် Gulab Jamun ဆိုတဲ့ဇာတ်ကားကိုတော့ ဒါရိုက်တာအဖြစ် ဆာဗစ်မီဝါရာက ရိုက်ကူးဖို့ ရှိတယ်လို့လည်း သိရပါတယ်။ အသေးစိတ်ကိုတော့ မကြာခင်ကြေညာလိမ့်မယ်လို့လည်း ခန့်မှန်းထားကြပါတယ်။ အမိတာဘချမ်းရဲ့သားဖြစ်သူ အဘိရှက်ခ်ဘချမ်းနဲ့ ချွေးမဖြစ်သူ အေ့ရှ်ဝါရာရိုင်းတို့ဟာ ဇာတ်ကားတွေ ကိုယ်စီရိုက်ကူးပြီး မအားမလပ်ဖြစ်နေကြသလို အမိတာဘချမ်း ကိုယ်တိုင်လည်း Brahmastra ဆိုတဲ့ ဇာတ်ကားရိုက်ကူးဖို့အတွက် အလုပ်ရှုပ်နေပါတယ်။

**အီးတိုင်းမ်**



## ဘရက်ပစ်ရဲ့ သတင်းကြားလို့ အံ့ဩမိတယ်ဆိုတဲ့ ဂျနီဖာအင်နစ္စတန်

ဘရက်ပစ်နဲ့ အင်ဂျလီနာဂျိုလီတို့ဟာ လမ်းခွဲပြီးနောက်ပိုင်း သူတို့ရဲ့ကလေးတွေ အုပ်ထိန်းခွင့် ရရှိရေးနဲ့ပတ်သက်ပြီး တရားရင်ဆိုင်နေကြပါတယ်။ ကလေးတွေ အုပ်ထိန်းခွင့်ရရှိရေး အပြန်အလှန်ကြိုးစားနေမှုဟာလည်း တဖြည်းဖြည်း ပြင်းထန်လာပါတယ်။ ဘရက်ပစ်ရဲ့ဇနီးဟောင်းတစ်ဦးဖြစ်တဲ့ ဂျနီဖာအင်နစ္စတန်ကတော့ ဒီသတင်းကို ကြားရတဲ့အတွက် ထိတ်လန့်မိတယ်လို့ပြောပါတယ်။ ဘရက်ပစ်ဟာ အင်ဂျလီနာဂျိုလီနဲ့အပြိုင် ကလေးတွေအုပ်ထိန်းခွင့်ကိုရရှိဖို့ အပြင်းအထန်ကြိုးစားနေတာ ကြားရတော့ အံ့ဩမိတယ်လို့လည်းပြောပါတယ်။ ဒီလိုမျိုး ကလေးအုပ်ထိန်းခွင့်နဲ့ပတ်သက်ပြီး အချင်းချင်းတိုက်ခိုက်နေကြတာကို အရင်ကတွေးတောင် မတွေးကြည့်မိဘူးလို့ ဂျနီဖာအင်နစ္စတန်က ပြောပါတယ်။ ကလေးတွေ အုပ်ထိန်းခွင့်ရဖို့ ပြိုင်ဆိုင်နေတာကိုကြည့်ရင် အင်ဂျလီနာဂျိုလီဟာလည်း ရင့်ကျက်ဖို့လိုသေးတယ်လို့ ဘရက်ပစ်ဘက်ကနေရပ်တည်ပြီး အင်နစ္စတန်ကပြောခဲ့ပါတယ်။ ကလေးတွေကို အုပ်ထိန်းခွင့်အတွက် ဘရက်ပစ်ကို လုံလောက်တဲ့အချိန်ပေးဖို့ ဂျိုလီက ငြင်းဆိုခဲ့ပြီး ဘရက်ပစ်ဘက်ကလည်း ယာယီအုပ်ထိန်းခွင့်အစား အမြဲတမ်းအုပ်ထိန်းခွင့် ရလိုပါတယ်။ ဂျိုလီဟာ သူ့ကလေးတွေကိုဆုံးရှုံးရမှာအလွန်ကြောက်နေပြီး ဒါကြောင့်လည်း ဘရက်ပစ်နဲ့အပြိုင် ကလေးငယ်တွေရဲ့အုပ်ထိန်းခွင့်ရဖို့ ကြိုးစားနေတာပဲဖြစ်တယ်လို့ သတင်းအရင်းအမြစ်တစ်ခုက ဟောလိဝုဒ်လိုက်ဖ်ကို ပြောပါတယ်။ ဘရက်ပစ်ရဲ့ဇနီးဟောင်းတစ်ဦးဖြစ်တဲ့ အင်နစ္စတန်ဟာ ဘရက်ပစ်ဘက်ကနေလိုက်ပြီး ပြောနေတာ အံ့ဩဖွယ်ကောင်းတယ်လို့လည်း တချို့ကထင်မြင်ယူဆနေကြပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**




ဖြိုး

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၃၃)

# “စံ”အဖြစ် ဥပဒေစာအုပ်များ



**ဦးဟန်ညွန့် (ဥပဒေ)**

**ဥပဒေစာအုပ်များ**

“ဥပဒေ” ဆိုသော ဝေါဟာရ၏ ကျယ်ဝန်းပုံ၊ လေးနက်ပုံ၊ ပထမနှစ် ဥပဒေကျောင်းသားတစ်ဦးအနေဖြင့် စတင်ရှာဖွေရပုံ၊ မည်သို့သော အခြေခံဝါသနာရှိမှသာ မှတ်သားနိုင်ပုံ၊ ဇွဲလုံ့လ ဝီရိယနှင့် ကြိုးစားရပုံများအကြောင်း ကျွန်တော်ဉာဏ်မီသမျှ ရေးခဲ့၊ တင်ပြခဲ့ပါပြီ။

ဥပဒေဝန်ထမ်း (နောင်တွင် ဥပဒေအရာရှိ) ဘဝတွင်လည်း ဥပဒေဝန်ထမ်းပီပီ ဥပဒေ၏မူဘောင်၊ ဥပဒေ၏ဝါဒ၊ ဥပဒေ၏အနှစ်သာရ၊ ဥပဒေ၏ ရည်ရွယ်ချက်များကို မတွေ့ တွေ့အောင် ကျွန်တော်ရှာဖွေခဲ့ပါသည်။

ဘယ်မှာရှာဖွေခဲ့သလဲ။ ဥပဒေစာအုပ်တွေထဲမှာ ရှာဖွေခဲ့ရတာပါ။ စာတွေမှာ ရှာတွေ့အောင် ကြိုးပမ်းခဲ့ရတာပါ။ ကျောင်းသားဘဝမို့ စာတွေ့မျှသာ ရှာခဲ့ခြင်းပါ။ ဝန်ထမ်းဘဝရောက်တော့ ပို၍ ပို၍ ရှာဖွေခဲ့ရသည်ပါ။ ကျောင်းသားဘဝနှင့် ဝန်ထမ်းဘဝ ကွာခြားလွန်းလှသည်ပါ။

ဥပဒေစာအုပ်တွေ အကြောင်း အကျဉ်းမျှတင်ပြပါရစေ။

**ဗဟိုဥပဒေရုံး**

ထိုစဉ်ကဗဟိုဥပဒေရုံး (နောင်တွင် ရှေ့နေချုပ်ရုံး)တွင် အမိန့်ညွှန်ကြားချက်တစ်စောင် ထုတ်ပြန်ခဲ့ဖူးပါသည်။ ဥပဒေစာအုပ်များနှင့် စပ်လျဉ်း၍ ဖြစ်ပါသည်။ ရှုပါ။

**ဗဟိုဥပဒေရုံးတွင် စံအဖြစ်ထားရှိရမည့် ဥပဒေစာအုပ်များစာရင်း**

၁။ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော် အစိုးရအက်ဥပဒေ (The Government Burma Act, 1935)

၂။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံတော် လွတ်လပ်ရေး အက်ဥပဒေ (The Burma Independence Act, 1947)

၃။ ၁၉၄၈ ခုနှစ် ပြည်ထောင်စုမြန်မာ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

၄။ The Adaptation Law Order, 1948

၅။ ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေ (တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၂၊ ၇၃)

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေများ (အင်္ဂလိပ်+ မြန်မာ)

**ပြဋ္ဌာန်းဥပဒေများ**

၁။ ပြည်ထောင်စု မြန်မာနိုင်ငံဥပဒေ၊ အတွဲ (၁)မှ အတွဲ (၁၃) အထိ (၁၉၅၄ ခုနှစ်အထိ ပြဋ္ဌာန်းထားသော အက်ဥပဒေများ အပါအဝင်)

၂။ ၁၉၅၅ ခုနှစ်မှ ၁၉၆၂ အထိ၊ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းခဲ့သော အက်ဥပဒေများ

၃။ ၁၉၆၂ မှ ၁၉၇၄ အထိ တော်လှန်ရေးကောင်စီက ပြဋ္ဌာန်းခဲ့သော ဥပဒေများ

၄။ ၁၉၇၄ ခုနှစ်မှစ၍ နှစ်အလိုက် ထုတ်ဝေသော ဥပဒေများ

**စီရင်ထုံးများ**

၁။ အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန်။ (Indian Law Reports, Rangon Series) (၁၉၂၃-၁၉၃၆)

၂။ ရန်ကုန်စီရင်ထုံးများ (Rangon Law Reports) (၁၉၃၇-၁၉၄၂) (၁၉၄၆-၁၉၄၇)

၃။ မြန်မာနိုင်ငံ စီရင်ထုံးများ (Burma Law Reports) ၁၉၄၈

၄။ ရွေးချယ်စီစဉ်ထားသည့် စီရင်ထုံးများ (Selected Judgements) (၁၈၇၂-၁၈၉၂)

၅။ ပုံနှိပ်ပြီး စီရင်ထုံးများ (Printed-Judgements) (၁၈၈၁-၁၉၀၀)

၆။ အောက်မြန်မာပြည် စီရင်ထုံးများ (Lower Burma Rulings) (၁၉၀၀-၁၉၂၂)

၇။ အထက်မြန်မာပြည်စီရင်ထုံးများ (Upper Burma Rulings) (၁၈၉၂-၁၉၂၂)

၈။ Digest of Burma Rulings by Dunkley

၉။ အခြားစီရင်ထုံးများ

**လက်စွဲများ (MANUALS)**

1. Arms Manual
2. Boiler Manual
3. Boundaries Manual
4. Budget Manual
5. Cattle Trespass Act Manual
6. Manual of the Burma Board of Censors
7. Chin Hills Manual
8. City Civil Court Manual (Rgn)
9. Courts Manual
10. Electricity Manual
11. Emergency Laws Manual
12. Epidemic Diseases Manual
13. Examination Rules Manual
14. Excise Manual
15. Explosives Manual
16. Factories Manual
17. Ferries Manual
18. Fisheries Manual
19. Forest Manual
20. Games Manual
21. Headman's Manual
22. Income-Tax Manual
23. Irrigation Manual
24. Jail Manual
25. Kachin Hills Manual
26. Land Acquisition Manual
27. Land Records Manual
28. Land Revenue Manual
29. Metalliferous Min Manual
30. Military Law Manual
31. Motor Vehicles Manual
32. Municipal Manual
33. Oil Fields Manual
34. Opium Manual
35. Petroleum Manual
36. Plague Manual
37. Police Manual
38. Ports Manual
39. Post and Telegraphs Manual
40. Preventive Law Manual
41. Rangon Municipal Manual
42. Registration of Deeds Manual အပါအဝင်

ထင်ရှားသော Manual များ

- တရားရုံးများ ညွှန်ကြားလွှာလက်စွဲ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ နိုင်ငံတော်ကောင်စီရုံးက ထုတ်ပြန်သည့် ညွှန်ကြားချက်များ (အတွဲလိုက်)

-ကောင်စီအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့် ရည်ညွှန်းဥပဒေကောက်နုတ်ချက်များ

- ရုံးလုပ်ထုံးလုပ်နည်းများ

**စံအဖြစ်**

ညွှန်ကြားချက်က “စံ” အဖြစ်ထားရှိရမည်ဟုဖော်ပြထား၍ အမှန်တကယ်ပင် စံထားအပ်သော ဥပဒေစာအုပ်များ၊ စာစောင်များ၊ လက်စွဲများ ဖြစ်နေပေသည်။ လက်တွေ့ဘဝ ကျမှ ပို၍ ပို၍ သိနားလည်ခဲ့ပေသည်။ သင်ယူရရှိပေသည်။

**စေတနာ**

ဥပဒေသမားများ လေ့လာရမည့်၊ စံထားရမည့် ဥပဒေစာအုပ်တွေ၊ ဖတ်မှတ်စရာတွေက များလှပေသည်ဟု (ထိုစဉ်က) တွေးခေါ်ခဲ့သော ကျွန်တော်၏စေတနာဥပဒေအတွေးမျှသာပါ။ ။

> “ဥပဒေဝန်ထမ်း (နောင်တွင် ဥပဒေအရာရှိ) ဘဝတွင် လည်း ဥပဒေဝန်ထမ်းပီပီ ဥပဒေ၏မူဘောင်၊ ဥပဒေ၏ ဝါဒ၊ ဥပဒေ၏ အနှစ်သာရ၊ ဥပဒေ၏ရည်ရွယ်ချက်များကို မတွေ့ တွေ့အောင် ကျွန်တော်ရှာဖွေခဲ့”




## မချမ်းဘော့ သဘာဝဘေး လျှော့ပါးရေး အသိပညာပေး

**မချမ်းဘော ဩဂုတ် ၇**

ကချင်ပြည်နယ် မချမ်းဘောမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးလျော့ပါးရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မချမ်းဘောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်သန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သဘာဝဘေးလျော့ပါးရေးအတွက် အသိပညာပေးဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးကာ ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက ၂၀၁၈ ခုနှစ် မေ ၂ ရက်တွင် ထုတ်ပြန်ထားသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေများကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးလျော့ပါးရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကော့သောင်းမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၇**
တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၆ ရက်က ကော့သောင်းမြို့သို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာသို့ရောက်ရှိပြီး ဇူလိုင် ၃၀ ရက်က ဖြစ်ပွားခဲ့သည့် မြေပြိုမှုဖြစ်စဉ်တွင် သဘာဝဘေးသင့်ခဲ့သော ပြည်သူများကို ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်ကာ ဝန်ကြီးချုပ်က မြေပြိုမှု သဘာဝဘေးဒဏ်ခံခဲ့ရသည့် မိသားစုများအား ကရုဏာဖြစ်ရကြောင်း၊ အဆိုပါဘေးအန္တရာယ်မျိုး ထပ်မံမကြုံတွေ့ရေးအတွက် ဘေးအန္တရာယ်ရှိနေရာများမှ ရွှေ့ပြောင်းကာ အိုးအိမ်အသစ်များ ပြန်လည်တည်ထောင်နိုင်ရေး ကူညီပံ့ပိုးမှုများ ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ သဘာဝဘေးအန္တရာယ်များ ထပ်မံမကြုံတွေ့စေရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့်တိုင်ပင်ကာ ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် မြေပြိုဘေးဒဏ်သင့်မိသားစုများသို့ ဆန်၊ ဆီ၊ ငါးသေတ္တာနှင့် ကယ်ဆယ်ထောက်ပံ့ငွေများကို ဝန်ကြီးချုပ်က ပေးအပ်ခဲ့သည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည်မြေပြိုမှုဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး အဆိုပါနေရာတွင် ကျေးရွာနေပြည်သူများအား ပြန်လည်နေထိုင်ခွင့်မပြုဘဲ အိုးအိမ်ပြန်လည်ထူထောင်နိုင်ရေး မြေနေရာအသစ်စီမံပေးနိုင်ရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုလုံးတုံတုံးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်း သွားရောက်ကြည့်ရှုပြီး တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၃၄၄၀ အကုန်အကျခံတည်ဆောက်နေသည့် တံတားဆောက်လုပ်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး၊ တံတားကြံ့ခိုင်မှုနှင့် စံချိန်စံညွှန်းပြည့်မီရေးလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဝန်ကြီးချုပ်သည် ကော့သောင်းမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံသို့လည်း သွားရောက်ပြီး မြေပြိုမှုကြောင့် ဒဏ်ရာရ၍ ဆေးကုသမှုခံယူလျက်ရှိသည့် ကျေးလက်ပြည်သူတစ်ဦးအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆေးကုသစရိတ်ထောက်ပံ့ကာ ဆေးရုံဝင်းအတွင်း ဆောက်လုပ်လျက်ရှိသည့် ခြောက်ခန်းတွဲ သုံးထပ်ဝန်ထမ်းအိမ်ရာနှင့် CT Scan စက်ထားရှိမည့် အဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့် ကုသခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ဒဂုံ ဩဂုတ် ၇**
လူတစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ခြင်းကြောင့်မဟုတ်ဘဲ ကျန်းမာရေးနှင့်မညီညွတ်သောအစားအစာများ စားသောက်ခြင်းနှင့် ကျန်းမာရေးနှင့်မညီညွတ်သော လူမှုဘဝနေထိုင်မှုပုံစံများတွင် ကြာရှည်စွာ စားသောက်နေထိုင်ရခြင်းကြောင့် ဖြစ်ပွားသည့် မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့် ကုသရေးလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၆ ရက်က ဒဂုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က နှစ်အလိုက်သေဆုံးသူများ၏ ၅၉ ရာခိုင်နှုန်းခန့်သည် မကူးစက်နိုင်သော ရောဂါများကြောင့်ဖြစ်ကြောင်း၊ အဆိုပါ ၅၉ ရာခိုင်နှုန်းတွင်မှ ၅၄ ရာခိုင်နှုန်းသည် အသက် ၇၀ အထက် သက်ကြီးပိုင်းများဖြစ်သည်ဟု သိရကြောင်း၊ PEN ၏ အခြေခံလုပ်ငန်းဖြစ်သည့် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း NCD စစ်ဆေးမှုကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများကလည်း မိမိတို့ရပ်ကွက်အတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဝိုင်းဝန်းနှိုးဆော်အသိပေးသွားရန်နှင့် လုပ်ငန်းစ၊ လယ်၊ ဆုံး ရလဒ်ကောင်းများရရှိအောင် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရွှေပြည်က ခေတ်အဆက်ဆက် ကူးစက်တတ်သောရောဂါများ၏ ခြိမ်းခြောက်မှုကိုခံခဲ့ရပြီး HIV၊ တီဘီ၊ အနာကြီးရောဂါ၊ ပလိပ်ရောဂါ စသည်ဖြင့် ရောဂါများစွာရှိခဲ့ပြီး အသေအပျောက်များလည်းရှိခဲ့ကြောင်း၊ ယခုကမ္ဘာကြီးသည် ပြောင်းလဲသွားပြီဖြစ်ကြောင်း၊ မကူးစက်တတ်သော ရောဂါများဖြစ်သည့် သွေးတိုး၊ နှလုံး၊ ဆီးချိုသွေးချိုရောဂါ၊ ကင်ဆာရောဂါနှင့် နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကြောင့် သေဆုံးမှုများ မြင့်မားလာကြောင်း၊ ခေတ်အခြေအနေအရ ကိုယ်လက်လှုပ်ရှားမှုနည်းလာခြင်း၊ အချိုစားသုံးမှုများလာခြင်း၊ အပြင်အစားအစာစားသုံးမှုများလာခြင်းများနှင့်လည်း သက်ဆိုင်ကြောင်း၊ သို့ဖြစ်၍ အသက် ၄၀ ကျော်လျှင် ကျန်းမာရေးပုံမှန်စစ်ဆေးမှုကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မကူးစက်တတ်သောရောဂါများစစ်ဆေးခြင်း (NCD)စစ်ဆေးမှုကိုလည်း အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# မြိတ်မြို့နယ်အတွင်းရှိ စိုက်ပျိုးထားပြီးသော မိုးစပါး ဧက ၆၀၀ ကျော် ရေနစ်မြုပ်နေ

**မြိတ် ဩဂုတ် ၇**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ယခုနှစ်အတွင်း မိုးစပါး ၄၃၃၉၁ ဧကခန့် စိုက်ပျိုးရန်လျာထားပြီး ဧကပေါင်း ၂၄၅၃၁ ကို ဇွန်လမတိုင်မီက စိုက်ပျိုးခဲ့ပြီးဖြစ်ရာ ယခုအခါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာလေးခုရှိ စိုက်ပျိုးပြီး လယ် ၆၁၁ ဧကခန့်တွင် ရေကြီးနစ်မြုပ်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မြိတ်မြို့တွင် မိုးစပါးစိုက်ပျိုးသည့် ကျေးရွာပေါင်း ၂၀ ခန့်ရှိပြီး ရေကြီးနစ်မြုပ်နေသည့် မိုးစပါးစိုက်ပျိုးပြီး လယ်ကေများမှာ မဇော်ကျေးရွာတွင် ၄၀၉ ဧက၊ စန္ဒဝတ်ကျေးရွာတွင် ၈၆ ဧက၊ တုံးဗျောကျေးရွာတွင် ၆၉ ဧကနှင့် သစ်ယာဝကျေးရွာတွင် ၄၇ ဧကခန့်ရှိကြောင်းနှင့် ရေကြီးနစ်မြုပ်မှုကြောင့် ဆုံးရှုံးနိုင်သည့် အခြေအနေတွင်တော့မရှိသေးကြောင်း မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်တွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများ စိုက်ပျိုးစရိတ်အခက်အခဲမရှိစေရေးအတွက် မြန်မာ့စိုက်ပျိုးရေးဘဏ်(မြိတ်ဘဏ်ခွဲ)က မြိတ်မြို့ရှိ တောင်သူများပိုင် မိုးစပါးစိုက်လယ်မြေ ၂၀၁၉၂ ဧကအတွက် ချေးငွေကျပ် ၃၀၂၈၈ သိန်းကို အတိုးနှုန်း ၈ ရာခိုင်နှုန်းဖြင့် ကြိုတင်စိုက်ပျိုးစရိတ် ထုတ်ချေးပေးထားကြောင်းလည်း ဘဏ်မန်နေဂျာ ဦးအောင်ထွန်း၏ ပြောကြားချက်အရ သိရသည်။

မြိတ်မြို့တွင် ဇွန်လဆန်းမှ ဇူလိုင်လအကုန်အထိ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် လယ်မြေများတွင် ရေလျှံနေသောကြောင့် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအနေဖြင့် လုပ်ငန်းခွင်ဝင်ရန် အခက်အခဲဖြစ်နေကြကြောင်းနှင့် စိုက်ရန်ကျန်သော လျာထားစိုက်ကေများတွင် ရာသီဥတုအခြေအနေကို စောင့်ကြည့်ပြီးမှ စိုက်ပျိုးကြရမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လူငယ်နည်းပညာစွန့်ဦးတီထွင်လုပ်ငန်းသုံးခုကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် MPTတို့ပူးပေါင်းမွေးထုတ်ပေးနိုင်ခဲ့

**ရန်ကုန် ဩဂုတ် ၇**
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)နှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)တို့ပူးပေါင်းကျင်းပသော Myanmar Youth Technopreneurship Development Program 2018 တွင် ရွေးချယ်ခံရသည့် အသင်းသုံးသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ လုပ်ငန်းဆက်လက်အကောင်အထည်ဖော်နိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဩဂုတ် ၆ ရက်က ရန်ကုန်မြို့ MICT Park ရှိ Kanaung Hub ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက အမှာစကားပြောကြားပြီး MPT၏ CSR အကြံပေး ဦးခင်မောင်သက်က ကျေးဇူးတင်စကား ပြောကြားသည်။ MPT-KSGM JOINT Operations မှ တာဝန်ရှိသူ Mr. Yoshiaki Benino ကလည်း "အခုပြိုင်ပွဲတွင်းကနေ အနိုင်ရရှိပြီး လက်တွေ့စီးပွားရေးနယ်ပယ်ထဲမှာ ထိုးဖောက်အခြေချခွင့်ရသွားတဲ့ အသင်းသုံးသင်းအတွက် အထူးပဲဂုဏ်ယူပါတယ်။ ဈေးကွက်အတွင်းမှာ အောင်မြင်မှုရဖို့အတွက် လူငယ်တွေရဲ့အနာဂတ်အိပ်မက်တွေကို ပါဝင်ပံ့ပိုးပေးခွင့်ရလို့ ဝမ်းလည်းသာပါတယ်။ ဆက်လက်ပြီး အောင်မြင်တဲ့ လူငယ်စွန့်ဦးနည်းပညာလုပ်ငန်းရှင်တွေ မွေးထုတ်ပေးနိုင်ဖို့ MPT အနေနဲ့ အမြဲတမ်း အလေးထားဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

ပြိုင်ပွဲတွင် ရွေးချယ်ခံရသည့် စွန့်ဦးတီထွင်လူငယ်အဖွဲ့ သုံးဖွဲ့အား စီးပွားရေးလုပ်ငန်းချဲ့ထွင်ခြင်း၊ ဈေးကွက်ထိုးဖောက်အခြေချခြင်း၊ နည်းပညာအဆင့်မြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးမည့်အပြင် လိုအပ်လာပါက နည်းပညာများထောက်ပံ့ပေးခြင်းနှင့် လေ့ကျင့်မှုများကိုလည်း ဆက်လက်ပံ့ပိုးပေးသွားမည်ဟုသိရသည်။

မြန်မာလူငယ် နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် ၂၀၁၈ ခုနှစ်၏ ရွေးချယ်ခံရသည့် အသင်းသုံးသင်းမှ လုပ်ဆောင်ချက်မှာ ကိုအောင်ဥက္ကါနှင့်ကိုဉာဏ်လင်းထွန်းတို့က မိုဘိုင်းဖုန်းတွင် အသုံးပြုနိုင်မည့် Talking Book ထုတ်ကုန်တစ်ခုဖြစ်ပြီး Audio Book အသံထွက်စာအုပ်များကို ဖုန်းမှတစ်ဆင့် အချိန်အခါမရွေးနားထောင်နိုင်ရန် တီထွင်ထားခြင်းဖြစ်သည်။ လူငယ်တို့အတွက်တိုးတက်ရေးကျမ်းများ၊ လုပ်ငန်းဆိုင်ရာလေ့လာဖွယ်များ၊ ကလေးများအတွက် အခြေခံဗဟုသုတများ၊ လောကနီတိနှင့်ပတ်သက်သည့်ကာတွန်း၊ ဗဟုသုတစာပေတို့ကို ထည့်သွင်းနိုင်သော အက်ပလီကေးရှင်းတစ်ခုကို တီထွင်ခဲ့ခြင်းဖြစ်သည်။

Kieran Yie နှင့် Saw Nerdar တို့က Doctor Kyaw ဟု အမည်ပေးထားသည့် အက်ပလီကေးရှင်းဖြင့် ရွေးချယ်ခံခဲ့ရပြီး ၄င်းမှာ ကျန်းမာရေးဝန်ဆောင်မှုကို အများပြည်သူလက်လှမ်းမီစေရန် အခမဲ့ဝန်ဆောင်မှုပေးနိုင်သော အက်ပလီကေးရှင်းဖြစ်ကာ AI နည်းပညာကို အခြေခံထားသည့် Chatbox ဖြင့် ကျန်းမာရေးဆိုင်ရာများကို အပြန်အလှန် မေးမြန်းနိုင်မည်ဖြစ်သည်။ ဆရာဝန်ကလည်း အသုံးပြုသူတို့၏ ကျန်းမာရေးဆေးမှတ်တမ်းတို့ကို အက်ပလီကေးရှင်းမှတစ်ဆင့်ကြည့်ရှုနိုင်ပြီး ကျန်းမာရေးဆေးညွှန်းနှင့် ကုထုံးများကို အများပြည်သူထံသို့ အချိန်နှင့်တစ်ပြေးညီရရှိစေရန် ပေးပို့နိုင်သော အက်ပလီကေးရှင်းဖြစ်သည်။

ကိုကောင်းမြတ်စံ၊ ကိုအောင်ခန့်နှင့် ကိုဟိန်းသူတို့က မြန်မာနိုင်ငံတွင် Game ကစားသူအချင်းချင်း ချိတ်ဆက်ပေးနိုင်သော Digicafe အမည်ရှိ အက်ပလီကေးရှင်းဖြင့် ရွေးချယ်ခံရပြီးGamer များသည် အက်ပလီကေးရှင်းကို အသုံးပြုပြီး ၄င်းနှင့် အနီးဆုံး e-sport center များကို ရှာဖွေခြင်း၊ စင်တာများတွင် ထိုင်ခုံချန်ထားပေးရန် ကြိုတင်စာရင်းပေးသွင်းခြင်း၊ အစားအသောက်မှာယူခြင်းနှင့် ဝန်ဆောင်မှုဝယ်ယူခြင်းတို့ကိုပါ အက်ပလီကေးရှင်းမှ ပြုလုပ်နိုင်မည်ဖြစ်သည်။



အခမ်းအနားတွင် ရွေးချယ်ခံရသည့် အဆိုပါ အသင်းသုံးသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြပြီး MPT က အဆိုပါ လူငယ်နည်းပညာ စွန့်ဦးတီထွင်အဖွဲ့ သုံးဖွဲ့အတွက် ကျပ်သိန်း ၈၀၀ ကို ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။ အဆိုပါ လူငယ်အဖွဲ့ သုံးဖွဲ့သည် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများအတွက် Kanaung Hub Incubation စင်တာတွင် ရုံးခန်းနေရာကို အခမဲ့ခြောက်လ အသုံးပြုခွင့်ရရှိမည့်အပြင် ဆုကြေးငွေများ သာမက နည်းပညာအခက်အခဲများ၊ စီးပွားရေးနှင့်ပတ်သက်သည့်အခက်အခဲများအတွက်လည်း မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့မှ အကြံဉာဏ်များရရှိမည်ဟု သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

# လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး ကျိုင်းတုံ၌ အလုပ်ရုံဆွေးနွေး

**ကျိုင်းတုံ ဩဂုတ် ၇**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ကြီးမှူး၍ ပြည်နယ်အဆင့် လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ချရေး အလုပ်ရုံဆွေးနွေးပွဲကို ကျိုင်းတုံမြို့နယ်တိုင်းလိခန်းမ၌ ဩဂုတ် ၇ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဦးက လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရှမ်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။ ထို့နောက် တက်ရောက်လာသူများက အဖွဲ့လိုက်ဆွေးနွေးကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ကော့ကရိတ်မြို့နယ်အတွင်း ရေလွှမ်းစပါးခင်းများ ပြန်လည်ထူထောင်ရေး မြေသြဇာကြဲပက်

ကော့ကရိတ် ဩဂုတ် ၇

**ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်း၊ သံလွင်မြစ်ရေမြင့်တက်ခြင်းကြောင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း မိုးစပါးစိုက်ခင်းများရေလွှမ်းမိုးနေရသည့် အခြေအနေမှ ယခုအခါ သံလွင်မြစ်၊ ဂျိုင်းမြစ်နှင့် ဟောင်သရောမြစ်ရေများ ပြန်လည်ကျဆင်းလာပြီဖြစ်၍ မိုးစပါးစိုက်ခင်းများတွင် လိုအပ်လျက်ရှိသည့် မြေဆီလွှာအာဟာရဓာတ်များ ပြန်လည်ဖြည့်တင်းရေးနည်းပညာပေး ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းကကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာအုပ်စုကမ္မရာကျေးရွာတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်များနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိတို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။**



ကော့ကရိတ်မြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ကျုံဒိုးမြို့ တစ်ခုတည်းသာ ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်ခဲ့ပြီး လူများရွှေ့ပြောင်းနေထိုင်ရသော်လည်း ဂျိုင်းမြစ်နှင့် ဟောင်သရောမြစ်ရေ မြင့်တက်မှုကြောင့် ကျေးရွာအသီးသီးရှိ မိုးစပါးစိုက်ခင်း ၅၈၇၅ ဧကရေလွှမ်းခံရသည့်အတွက် စိုက်ပျိုးရေးပညာရှင်များအနေဖြင့် အရန်ပျိုးခင်းများပျိုးထောင်ခြင်း၊ အရန်မျိုးစပါးများ ဖြန့်ဖြူးပေးခြင်းနှင့် သွင်းအားစုမြေသြဇာများ ပညာပေးထည့်သွင်းခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသော်လည်း တစ်ပြည်နယ်လုံးအတိုင်းအတာဖြင့်ဆိုပါက သက်တမ်းတိုမျိုးစပါးများနှင့် မြေသြဇာများ ထပ်မံပံ့ပိုးပေးရန် လိုအပ်နေကြောင်း တောင်သူများထံမှ သိရသည်။

အဆိုပါကွင်းသရုပ်ပြပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူ ၃၄ ဦးတက်ရောက်ခဲ့ကြပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်၊ ခရိုင်မျိုးစေ့တာဝန်ခံအရာရှိ ဦးယဉ်အေးနှင့် မြို့နယ်ဦးစီးအရာရှိ ဦးအောင်နိုင်တို့က ရေကြီးနစ်မြုပ်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းပြီးနောက် ဂျစ်ပဆန်ကျောက်မှုန့် မြေသြဇာနှင့် ပိုတက်မြေသြဇာများအချိုးကျရောစပ်ပြသကာ စိုက်ခင်းများအတွင်း ကွင်းဆင်း၍ လက်တွေ့ မြေသြဇာများ ထည့်သွင်းပြသပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဘုရင့်နောင်ခုံးကျော်တံတား အတက်လမ်းနှင့် အောင်ဇေယျကြိုးတံတား အတက် အဆင်းလမ်းပိုင်းများ ဆိုးရွားစွာပျက်စီး

**ရန်ကုန် ဩဂုတ် ၇**

လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ညောင်တုန်းလမ်းမကြီး လမ်းပိုင်းအစဖြစ်သော အောင်ဇေယျကြိုးတံတား အတက်၊ အဆင်းကတ္တရာလမ်းမှာ ယာဉ်ဖြတ်သန်းမှုများခြင်း၊ မိုးအဆက်မပြတ်ရွာခြင်းကြောင့် ဆိုးရွားစွာပျက်စီးလာလျက်ရှိပြီး ယာဉ်ကြောကျပ်တည်းမှု နေ့စဉ်ကြုံတွေ့နေရသည်။



အချိန်မီပြုပြင်ဖာထေး ဆောင်ရွက်နိုင်ပါက တံတားအတက်အဆင်း ယာဉ်ကြောပိတ်ဆို့မှုကို အထိုက်အလျောက် ပြေလျော့စေမည်ဖြစ်ပြီး ကွန်ကရစ်လမ်းများ ခင်းကျင်းနေသည့်အတွက် လမ်းပိုင်းများ ကောင်းမွန်ပါက အများပြည်သူ ခရီးသွားလာမှု မြန်ဆန်စေမည်ဖြစ်သည်။

ထိုနည်းတူ လှိုင်သာယာအမှတ်(၁) ဘုရင့်နောင် တံတားအဆင်း တစ်လမ်းသွားကတ္တရာလမ်းဖြစ်သောဘုရင့်နောင်တံတားအတက်လမ်းပိုင်းတွင်လည်း ချိုင့်ခွက်များ ပို၍များလာလျက်ရှိရာ နေ့စဉ် ယာဉ်ဖြတ်သန်းမှုများသော ရန်ကုန်-ပုသိမ်လမ်းပိုင်းနှင့် ဆက်နွယ်နေသည့် အဆိုပါ လမ်းပိုင်းပျက်စီးလာမှုကို ဖာထေးပြုပြင်နိုင်ပါက တံတားအတက်၊ အဆင်း ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် ချိုင့်ခွက်များ ပိုမိုများပြားလာမှုကို တားဆီးနိုင်မည်ဖြစ်ရာ သက်ဆိုင်ရာက လိုအပ်သလို အမြန်ဆုံးပြုပြင်ဆောင်ရွက်သင့်ကြောင်း အဆိုပါလမ်းပိုင်း၌ ဖြတ်သန်းသွားနေသည့် ယာဉ်မောင်းအများစု၏ ပြောကြားချက်အရ သိရသည်။

**၁၆၄**

## ရေကြီးနစ်မြုပ်စပါးများအား ပြန်လည်ထူထောင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကူညီထောက်ပံ့ပေးမည်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ဇူလိုင် ၂၁ရက်မှစတင်ပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ စပါးစိုက်ခင်းများရေလွှမ်းရေမြုပ်ခြင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျက်ရှိကြောင်း သိရသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်တွင် စပါးစိုက်ဧက ၂၇၅၀၄ ဧကရှိပြီး ရေကြီးရေလျှံမှုကြောင့် စပါးစိုက်ဧက ၂၄၅ ဧက ရေလွှမ်းကာ ၂၀၃ ဧကထိခိုက်ပြီး ၁၆၄ ဧက ပျက်စီးဆုံးရှုံးခဲ့သည်။ အဆိုပါစပါးစိုက်ခင်းများ ပျက်စီးမှုကြောင့် စပါး စိုက်တောင်သူများ ထိခိုက်မှုမရှိစေရေးနှင့် အချိန်မီပြန်လည်ထူထောင်စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အရန်မျိုးစပါးများဖြစ်သည့် ၁၀၅ ရင်တို စပါးမျိုးများ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ထိခိုက်မျိုးစပါးများအား ပိုတက်မြေသြဇာနှင့် ဂျစ်ပဆန်ကျောက်မှုန့်မြေသြဇာများ ထည့်သွင်းစေခြင်း၊ ကျရောက်တတ်သောပိုးမွှားရောဂါများ ကင်းစင်အောင် စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဦးဝေလင်းညွန့်က ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်အတွင်း ပြည်သူပူးပေါင်းဆောင်ရွက်မှုဖြင့် မှုခင်းကျဆင်းရေးဆောင်ရွက်မည်

**စစ်တွေ ဩဂုတ် ၇**

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစဉ်စနစ် ဆင့်ပွားသင်တန်း အမှတ်စဉ်(၂/၂၀၁၈) ဖွင့်ပွဲကို စစ်တွေမြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့ရုံး ကစ္ဆပခန်းမ၌ ယမန်နေ့က ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းသားရဲတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ ပြည်နယ်ရဲတပ်ဖွဲ့မှူးက "ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းစဉ်ဆိုတာက ပြည်သူလူထုတွေကြုံတွေ့နေရတဲ့ ပြဿနာတွေကို ဝန်ဆောင်မှုပေးခြင်း၊ မိတ်ဖက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြဿနာကိုဖြေရှင်းပေးခြင်း၊ ပြည်သူလူထုနှင့်အတူ လုပ်ပိုင်ခွင့်တာဝန်ခွဲဝေပေးခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်ပေးခြင်းတို့ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မှုခင်းများ လျော့နည်းကျဆင်းလာအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု အမှာစကားပြောကြားသည်။

သင်တန်းသို့တက်ရောက်လာသော အမ်းမြို့နယ်မှ ဒုတိယရဲမှူးစိုးလင်းက "ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့ ရပ်ရွာတွေကိုကွင်းဆင်းပြီး ပြည်သူလူထု မသိသေးတဲ့ ရဲလုပ်ငန်းစဉ်တွေကိုချပြမယ်။ ပြည်သူလူထုတွေရဲ့ အသံတွေကို နားထောင်မယ်။ ကျွန်တော်တို့ဘက်က ဘာတွေပြင်ဆင်ပေးရမလဲဆိုတာတွေ ရှိတယ်။ ပြီးတော့ ပြည်သူတွေဆန္ဒနဲ့ အညီ ညှိနှိုင်းဆောင်ရွက်ပေးမယ်။ ပြည်သူတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေ အနီးကပ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒုစရိုက်မှုခင်းတွေ လျော့နည်းကျဆင်းလာမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။




အဆိုပါသင်တန်းသို့ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ၊ မြောက်ဦး၊ သံတွဲ၊ မောင်တောနှင့် ကျောက်ဖြူခရိုင်များမှ ရဲတပ်ဖွဲ့ဝင် ၃၀ နှင့် သင်တန်းနည်းပြများ တက် ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၆ ရက်မှ ၁၇ ရက်အထိ နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## ဟသ်ာတမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

**ဟသ်ာတ ဩဂုတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေး အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများပူးပေါင်း၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဩဂုတ် ၉ ရက် နံနက် ၇ နာရီခွဲတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို တိုင်းဒေသကြီးစီမံချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြီး ခြင်မှတစ်ဆင့် ဖြစ်ပေါ်တတ်သည့် သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားမှုလျော့နည်းစေရေးအတွက် ကြိုတင်ကာကွယ်ရေးနှင့် အသိညာပေး လုပ်ငန်းများ ဖြစ်သည့်(ဖုံး၊ သွန်၊ လဲ၊ စစ်)လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ၊ ခြင်ဆေးမှိုင်းမှုတ်ခြင်းလုပ်ငန်းများ၊ ချုံနွယ်ပိတ်ပေါင်းရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေးဆောင်ရွက်ခြင်းလုပ်ငန်းများကို အမျိုးသားကျန်းမာရေးတစ်ရပ်အနေဖြင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဟသ်ာတမြို့နယ် အတွင်းရှိ ရပ်ကွက်/ ကျေးရွာအလိုက် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်နေကြောင်းသိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

## သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများ အသင်းဝင် နှစ်စဉ်ကြေး ပေးသွင်းကြရန် နှိုးဆော်

**ရန်ကုန် ဩဂုတ် ၇**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းမှ အသင်းနှင့်ကင်းကွာနေသော အသင်းသားများအနေဖြင့် ၂၀၁၈ ခုနှစ်အတွက် နှစ်စဉ်ကြေးများမပေးရသေးပါက သက်ဆိုင်ရာ အငြိမ်းစားလစာထုတ်ယူသည့် သတင်းစာတိုက်များတွင် သွားရောက်ပေးသွင်းကြရန် နှိုးဆော်ထားကြောင်း ဩဂုတ် ၅ ရက်ကပြုလုပ်သည့် အမှုဆောင်များ အစည်းအဝေး၌ သတ်မှတ်ကြေညာချက်အရ သိရသည်။

**အေးသန်း(စိန်တုံးကြီး)**

## ဖြည့်စွက်ဖတ်ရှုပေးပါရန်

၂-၈-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၁ ပါ လားရှိုးမြို့နယ်မှ ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများပေးအပ် သတင်းတွင် "လားရှိုးမြို့နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အီနိုင်းကျေးရွာ" စာသားအား "လားရှိုးမြို့နယ်မှ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားသော လားရှိုး-နမ္မတူလမ်းပိုင်းရှိ အီနိုင်းတံတားတည်ရှိရာ အီနိုင်းကျေးရွာ" ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

## တီးတိန်၌ အလွတ်တန်းမီနီမာရသွန်ပြိုင်ပွဲ ပြုလုပ်

**တီးတိန် ဩဂုတ် ၇**

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပြည်နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် မီနီမာရသွန် အမျိုးသား အမျိုးသမီးပြိုင်ပွဲကို တီးတိန်မြို့၌ ဩဂုတ် ၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မီနီမာရသွန်ပြိုင်ပွဲကို ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က ကမ်းဟောက်ဘောလုံးကွင်းမှ နံနက် ၆ နာရီတွင် တာလွှတ်ပြီး ပြိုင်ပွဲဝင်သူများသည် ဆုတောင်းကုန်းမှ ဘောလုံးကွင်းသို့ ပန်းဝင်ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် တီးတိန်မြို့မှ လူငယ် ၃၃၄ ဦး ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး စီမံချက်များ ရေးဆွဲလျက်ရှိ

ကန့်ဘလူ ဩဂုတ် ၇

**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းများ ပြုစုရေးဆွဲခြင်းကို သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲ၊ ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် တောရိုင်းတိရစ္ဆာန် မိတ်ဆွေများအသင်းတို့ ပူးပေါင်း၍ဆောင်ရွက်လျက်ရှိရာ ချပ်သင်းဘေးမဲ့တော စမ်းမြောင်စခန်းတွင် ဩဂုတ်လ ပထမပတ်မှ စတင်က အသေးစိတ် လုပ်ငန်းခေါင်းစဉ်များအလိုက်နှင့် တွက်ချက်မှုများကို ညှိနှိုင်းဆွေးနွေးရေးဆွဲလျက်ရှိကြောင်း သိရသည်။**

ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၏အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ငါးနှစ်တာကာလအတွင်း သမင်ကောင်ရေ တိုးတက်စေရေး၊ အင်တိုင်းတောဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ တည်တံ့စေရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးတက်စေရေးနှင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အစီအမံများ ပါဝင်မည်ဖြစ်ပြီး အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် အကောင်အထည်ဖော်သွားမည့် လုပ်ငန်းများ အသေးစိတ်ရေးဆွဲခြင်းကို ဩဂုတ် ၆ ရက်တွင် အပြီးရေးဆွဲမည်ဖြစ်ကြောင်း ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးမင်းဆွေထံမှသိရသည်။

ဘေးမဲ့တောအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲခြင်းနှင့်အတူ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခြင်းနှင့် ပတ်သက်၍ ဘေးမဲ့တောအနီးဝန်းကျင် ဒေသများဖြစ်သည့် ဖိုးသာဇံတောင် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအသုံးပြုသူများအဖွဲ့၊ ချပ်သင်းကျေးရွာ သာစည်ရပ်ကွက် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း အသုံးပြုသူများအဖွဲ့တို့ကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် စမ်းမြောင်စခန်း၌ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း သဘာဝတောတောင်များနှင့် ရှုခင်းပသာဒများ၊ တောရိုင်းတိရစ္ဆာန်နှင့် ရေမြေတို့ကို ထိန်းသိမ်းလျက်ရှိပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်အတွင်း တည်ရှိနေသော ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ကမ္ဘာ့ရှားပါးစာရင်းဝင် မြန်မာနိုင်ငံ၌သာ တွေ့ရှိရသည့် ဒွေသမင်များ သဘာဝအတိုင်း ကျက်စားရာဒေသတစ်ခုလည်း ဖြစ်သည်။ ဒွေသမင်များနှင့်အတူ မျောက်ဆတ်၊ တောခွေး၊ လိပ်ဝံ၊ မြွေမျိုးစိတ်များ၊ ဆောင်းခိုငှက်များနှင့် ဒေသ ရင်းငှက်မျိုးစိတ် ၂၄၁ မျိုးနှင့် အခြား တိရစ္ဆာန်များ၊ ရာသီပြောင်း ဆောင်းခိုငှက်များလည်း လာရောက်ကျက်စားနေထိုင်ကြကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ရေကြီးရေလျှံမှုကြောင့် ကရင်ပြည်နယ်အတွင်း လမ်း၊ တံတားများ ပျက်စီးဆုံးရှုံး

**ဘားအံ ဩဂုတ် ၇**

ကရင်ပြည်နယ်အတွင်း ဇူလိုင်လ တတိယပတ်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ တောင်ကျရေများ စီးဆင်းခြင်းနှင့်မြစ်ရေ ချောင်းရေများ စိုးရိမ်ရေမှတ်အထက်ကျော်လွန်ရောက်ရှိခြင်းတို့ကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး လမ်း၊ တံတားများ ရေကျော်ခြင်း၊ ထိခိုက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ကရင်ပြည်နယ်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီ၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်မြို့နယ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံမြို့နယ်အတွင်း လမ်းတံတားပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅ သန်းခန့်ရှိကြောင်း၊ လှိုင်းဘွဲ့မြို့နယ်အတွင်း လမ်းတံတား ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈ ဒသမ ၃၁ သန်း၊ ကော့ကရိတ်မြို့နယ်တွင် ငွေကျပ် ၁၉၁ ဒသမ ၄၇၅ သန်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ငွေကျပ် ၁၃၉ ဒသမ ၆၀၈ သန်း၊ မြဝတီမြို့နယ်တွင် ငွေကျပ် ၅၁၁ ဒသမ ၅၀ သန်း၊ ဖာပွန်မြို့နယ်တွင် ငွေကျပ် ၁၇၆ ဒသမ ၆၂၈ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး ပြည်နယ်တစ်ခုလုံးအနေဖြင့် စုစုပေါင်း ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၂ ဒသမ ၅၁၁ သန်းခန့်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့၏ စာရင်းများအရ သိရသည်။

ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတားပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရန် လမ်းပိုင်းအလိုက် သက်ဆိုင်ရာဌာနများဖြစ်သော လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတတ်ရေးဦးစီးဌာနတို့မှ စာရင်းများကောက်ယူခြင်း၊ ပြန်လည်အစားထိုး ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တချို့မှာ ပြီးစီး၍ တချို့တစ်ဝက်မှာ ဆောင်ရွက်ဆဲဖြစ်ကြောင်းနှင့် အကြီးစားပြင်ဆင်ခြင်း လုပ်ငန်းများအတွက် ကုန်ကျစရိတ်မှာ ယခုခန့်မှန်းပျက်စီးဆုံးရှုံးမှု တန်ဖိုးထက် ပိုမိုများပြားနိုင်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ရန်ကုန်ပညာရေးတက္ကသိုလ် အခြေခံကင်းထောက် သင်တန်းဆင်း

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်ပညာရေးတက္ကသိုလ် အခြေခံကင်းထောက်သင်တန်း ဆင်းပွဲကို ယမန်နေ့က ရန်ကုန်ပညာရေးတက္ကသိုလ် ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အစီအစဉ် ကင်းထောက်မှူးချုပ် ဦးအေးကြိုင်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်အေးအေးမြင့်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ထူးချွန်ကင်းထောက်နှင့် ကင်းစိတ်များကို ဆုများနှင့် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သည်။

သင်တန်းသို့ ရန်ကုန်ပညာရေးတက္ကသိုလ်မှ မြန်မာအမျိုးသမီး ကင်းထောက် ၁၃၅ ဦးနှင့် မြန်မာကင်းထောက်အဖွဲ့အမျိုးသား အမျိုးသမီး ၅၂ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## စိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေး သင်တန်းဖွင့်

**မကွေး ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ယနေ့ နံနက်က အာရှဖွံ့ဖြိုးရေးဘဏ်နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော မိုးရေကိုအကျိုးရှိစွာ စီမံခန့်ခွဲခြင်းစီမံကိန်း (Green Water Management-GWN)၊ မိုးရေကိုအသုံးပြု၍ သီးထပ်စွမ်းအင် တိုးတက်ရေးနှင့် ဘေးကင်းစိတ်ချရသော စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ရေးနည်းပညာပေးသင်တန်းဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် နေပြည်တော်ရုံးချုပ် မြေအသုံးချရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်သင်းသင်းကြည်က စီမံကိန်းဆောင်ရွက်ရခြင်းအကြောင်းနှင့် ဘေးကင်းစိတ်ချရသော စိုက်ပျိုးနည်းစနစ်များဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာအကြောင်း၊ ဒုဦးစီးမှူး ဒေါ်အိအိသိမ့်က ပြောင်းလဲလာသော ရာသီဥတုနှင့် ပတ်သက်သော အခြေခံအကြောင်းတရားများ၊ ဒေါက်တာခင်ဇာကျော်က မြေဆီလွှာတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် နည်းလမ်းများနှင့် ဇီဝမီးသွေးပြုလုပ်သုံးစွဲနည်းများအကြောင်းတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြို့သစ်မြို့နှင့် တောင်တွင်းကြီးမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး သင်တန်းချိန်အတွင်း ဇီဝမီးသွေးပြုလုပ်သုံးစွဲနည်းကို လက်တွေ့သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။ **ဇော်ဇော် (မြို့သစ်)**

## မန္တလေး၌ အငြိမ့်မင်းသမီးကြီးများအား သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**မန္တလေး ဩဂုတ် ၇**

တတိယအကြိမ်မြောက် ကသောလက်ဖြင့် လှူဒါန်းခြင်း ဒို့ညီကို ချိုတူးအငြိမ့်နှင့် အငြိမ့်ချစ်သူ ပရိသတ်များလှူဒါန်းသောငွေဖြင့် အငြိမ့်၊ လူ့ရွှင်တော်ကြီးများနှင့် အငြိမ့်မင်းသမီးကြီးများအား သက်ကြီးပူဇော်ပွဲကို ဩဂုတ် ၁၁ ရက်တွင် မန္တလေးမြို့ လမ်း ၈၀၊ ၄၀×၄၁ ကြားရှိ အေးငြိမ်းအောင်မြင် သိဒ္ဓိရှင် ဓမ္မာရုံတွင် ကျင်းပမည် ဖြစ်သည်။

အဆိုပါ အငြိမ့်လူ့ရွှင်တော်ကြီးများနှင့် အငြိမ့်မင်းသမီးကြီးများ သက်ကြီးပူဇော်ပွဲတွင် ကန်တော့ခံအနုပညာရှင်ကြီးများ ၈၁ ဦးအား ပူဇော်ကန်တော့မည်ဖြစ်ပြီး ဩဂုတ် ၁၀ ရက်ညတွင် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်) ဆရာတော်နှင့် ဩဂုတ် ၁၁ ရက်ညတွင် ဘဒ္ဒန္တပညာဝံသ (ပုလဲဆရာတော်)က နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်ဟု သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## ရေစကြိုမြို့နယ်တွင် ကမ်းပြို၍ နေအိမ်များထပ်မံရွှေ့ပြောင်း

**ရေစကြို ဩဂုတ် ၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အောင်ပန်းချောင်းကျေးရွာတွင် ချင်းတွင်းမြစ်ရေ တိုက်စားမှုကြောင့် အန္တရာယ်ရှိ နေအိမ်များ ရွှေ့ပြောင်းလျက်ရှိပြီး ဩဂုတ် ၅ ရက်က မြစ်ကမ်းပါးများ ဆက်လက်ပြိုနေသဖြင့် နေအိမ်လေးလုံး ထပ်မံရွှေ့ပြောင်းထားရကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင် ချင်းတွင်းမြစ်ရေတိုက်စားမှုကြောင့် ယခုနှစ် ဇူလိုင် ၁၈ ရက်မှ ၃၀ ရက်အထိ နေအိမ် ၁၀ လုံးကို ဖျက်သိမ်း၍ ရေလွတ်ရာသို့ ရွှေ့ပြောင်းထားရပြီး မြစ်ကမ်းမှာလည်း ဆက်လက်ပြိုနေပြီး ယနေ့အထိ သစ်ကိုင်းများတွင် သဲအိတ်များချည်၍ ဒေသခံပြည်သူများ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိရာ သဲအိတ် ၁၀၀၀ ကျော်လည်း ချထားပြီးဖြစ်ကြောင်း သိရသည်။



လောလောဆယ် အခြေအနေတွင် ကျေးရွာပြည်သူများ စုပေါင်း၍ ဆောင်ရွက်နေရသဖြင့် ကမ်းပြိုကာကွယ်ရေးအတွက် နည်းပညာအကူအညီများ လိုအပ်လျက်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက ပြောသည်။

ထို့အပြင် အခြားကမ်းပြိုကျေးရွာများကဲ့သို့ မြို့နယ်၏ အကူအညီများ မရရှိသဖြင့် ကျေးရွာပြည်သူများ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေရကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## သက်ငယ်မုဒိမ်းမှုများပပျောက်ရေးနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးဟောပြော

**မော်လမြိုင် ဩဂုတ် ၇**

မွန်ပြည်နယ် ချောင်းဆုံမြို့ ရွာလွတ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ပညာဂုဏ်ရည်) ခန်းမတွင် ယမန်နေ့က သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ချောင်းဆုံမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ကျော်ဆန်းဦးက သက်ငယ်မုဒိမ်းမှုများပပျောက်ရေး ပညာပေးဟောပြောပြီး၊ ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးတင်ဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

**စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်**
**ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း**

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-
(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **ဇီဝဗေဒ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-
(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-
(၁) **အင်္ဂလိပ်စာ** **၀၉၀၀** နာရီမှ **၁၁၀၀** နာရီအထိ။
(၂) **သင်္ချာ** **၁၃၀၀** နာရီမှ **၁၅၀၀** နာရီအထိ။

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းခန်းမ။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ မိုးလုံလေလုံအားကစားခန်းမ။
(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်ကျောင်း။
(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း ဒါယကာကြီး

## ဦးဘနှင်းချစ် (ပခုက္ကူ)

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်(27,A-2)နေ (ဦးချစ်-ဒေါ်ခင်သန်း)တို့၏သား၊ (ဦးအုန်းဖေ-ဒေါ်မြစိန်)တို့၏သားသမက်၊ (ဒေါ်ထားထားရီ)၏ခင်ပွန်း၊ ဒေါ်ခိုင်မြတ်ချစ်-ဦးသန်းထိုက်၊ ဒေါ်အေးမြတ်ချစ်၊ ဒေါ်စုမြတ်ချစ်-ဦးမောင်မောင်ကြီးတို့၏ဖခင်၊ မဆုရည်သန်းထိုက်၊ မဇေကရီသန်းထိုက်တို့၏အဘိုးသည် ၆-၈-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

## ဦးဘနှင်းချစ် အသက်(၈၃)နှစ်

**အသင်းဝင်အမှတ်(၈)**

**သက်ကြီးကန်တော့ခံ**

**ညွှန်မှူး(ငြိမ်း)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ် 27,A-2နေ (ဒေါ်ထားထားရီ)၏ခင်ပွန်းသည် ၆-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဘနှင်းချစ် (ပခုက္ကူ) အသက်(၈၃)နှစ်

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ အမှတ်(27,A-2)နေ ဦးဘနှင်းချစ်[ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]သည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**

**တည်ဆောက်ရေး(၅)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## ဗိုလ်ကြီးသက်ပိုင်(ငြိမ်း) (ခ)သင်းလှိုင်းစံ

**ညွှန်ကြားရေးမှူး**

**မွန်ပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊**

**မော်လမြိုင်မြို့**

**အသက်(၅၆)နှစ်**

ပုသိမ်မြို့၊ (၉)ရပ်ကွက်၊ သင်္ဘောကျင်း၊ အကယ်ဒမီလမ်း၊ အမှတ် ၁၃၆၄နေ (ဦးစံလေး-ဒေါ်လှမြင့်)တို့၏သား၊ ပုသိမ်မြို့၊ ကွင်းတန်းလမ်း၊ အမှတ် ၂၈နေ (ဦးကျော်သိန်း-ဒေါ်သန်းမြင့်)တို့၏သားသမက်၊ ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၂၃၂၄/ကနေ ဒေါ်သန်းသန်းဌေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ကျော်-ဒေါ်ဝင်းမြင့်စံတို့၏မောင်၊ ဦးမောင်မောင်စံ-ဒေါ်စိုးစိုးရည်၊ ဦးဇော်စိုး-ဒေါ်လှလှဝင်းတို့၏အစ်ကို၊ ဦးမြင့်ဌေးအောင်-ဒေါ်စိုးစိုးမော်၊ ဦးလှထွေး-ဒေါ်ခင်ခင်အောင်၊ ဦးမင်းအောင်တို့၏အစ်ကို၊ မောင်မင်းသက်ပိုင်၏ဖခင်သည် ၆-၈-၂၀၁၈ရက်(တနင်္လာနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသက်ပိုင်

**ညွှန်ကြားရေးမှူး**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အသက်(၅၆)နှစ်**

ပုသိမ်မြို့၊ (၉)ရပ်ကွက်နေ (ဦးစံလေး-ဒေါ်လှမြင့်)တို့၏သား၊ ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၂၃၂၄/ကနေ ဒေါ်သန်းသန်းဌေး၏ခင်ပွန်း၊ မောင်မင်းသက်ပိုင်၏ဖခင်၊ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး(ညွှန်ကြားရေးမှူး) ဦးသက်ပိုင်သည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၉နာရီအထိ (၃)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၂၃၂၄/က နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးသက်ပိုင်

**ညွှန်ကြားရေးမှူး**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အသက်(၅၆)နှစ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွန်ပြည်နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး(ညွှန်ကြားရေးမှူး) ဦးသက်ပိုင် အသက်(၅၆)နှစ်သည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်-ဒေါ်အေးအေးမြင့်**

**ပြည်ထောင်စုဝန်ကြီးရုံး(မွေးရေကျေးလက်)ဝန်ထမ်းမိသားစုများ**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

---

ဝမ်းနည်းကြေကွဲခြင်း

## ဦးသက်ပိုင်

**ညွှန်ကြားရေးမှူး**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**အသက်(၅၆)နှစ်**

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၂၃၂၄/က)နေ ဒေါ်သန်းသန်းဌေး၏ခင်ပွန်း၊ မောင်မင်းသက်ပိုင်၏ဖခင်၊ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး(ညွှန်ကြားရေးမှူး) ဦးသက်ပိုင် အသက်(၅၆)နှစ်သည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Miss Josephine D.castro ဒေါ်လေးကြည်

**(အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး)**

**အသက်(၁၀၀)**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဈေးတန်းရပ်၊ သဟာယလမ်း၊ အမှတ် ၂၀၅နေ (ဦးဘိုးစိန်-ဒေါ်ချစ်ထူး)တို့၏သမီး၊ (ဒေါ်လွန်)၊ (ဒေါ်ချစ်ဦး)၊ (ဒေါ်ချစ်လုံး)တို့၏တူမ၊ ဒေါ်ဖရီဒါ(Miss F.D,Castro)၊ (ဦးဦးတုတ်)၊ (ဒေါ်တင်ညွန့်)၊ (ဦးသိန်းဟန်)တို့၏ညီမ၊ Mrs.Ann Berney(Australia)၊ ဦးမြင့်သိန်း၊ ဦးတင်ဝင်း၊ ဒေါ်ကြူကြူဝင်း၊ ဦးမောင်မောင်ညွန့်၊ ဦးညီညီဝင်း၊ (ဦးညီညီဌေး)၊ (ဦးဘိုနီ)၊ ဒေါ်သန်းသန်းလှတို့၏အဒေါ်သည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃း၃၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၈-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် တလိုင်းစု၊ ကက်သလစ်ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ကလွင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဘအေး (ရမ်းဗြဲ၊ ကျောက်ဖြူ)

**ပါတီယူနစ်ဥက္ကဋ္ဌဟောင်း(ရမ်းဗြဲမြို့)၊ အလက(၆)လှိုင်မြို့နယ်**

**အသက်(၈၆)နှစ်**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်နေ (ဦးဖိုးသန့်-ဒေါ်စိန်ရင်)တို့၏သား၊ (ဦးရဲကျော်သူ-ဒေါ်စိန်မြဖြူ)တို့၏သားသမက်၊ (ဦးဘကျော်)၊ (ဒေါ်သာနု)၊ ဒေါ်သိန်းခင်တို့၏ညီ/မောင်၊ (ဦးဘစိန်)၊ ဦးဘသောင်း၊ ဦးညီကျော်၊ ဒေါ်ခင်ခင်အေး၊ ဦးကျော်ငြိမ်း၊(ဦးကျော်ထွေး)တို့၏အစ်ကို၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ သုခမြတ်လမ်း၊ အမှတ် ၅၆၇နေ ဒေါ်ခင်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်အေးမြင့်၊ ဦးခင်မောင်သက်(Helen)၊ ဦးသက်နိုင်၊ ဒေါ်ခင်သက်ရီ၊ ဦးမြင့်စိုး-ဒေါ်စန္ဒာတို့၏ချစ်လှစွာသောဖခင်၊ Khevin Thet ၊ မစိုးလမင်းမော်၊ မစိုးလမင်းသော်တို့၏အဘိုးသည် ၆-၈-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ လှိုင်သာယာမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးသန်းလွင်(ခ) Robin Guy အသက်(၇၆)နှစ်

**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ (ဟိုတယ်/ခရီး)**

**အကြီးတန်းနည်းပြ (Kandawgyi Palce Hotel)**

**ဟိုတယ်/ခရီး သင်တန်းကျောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၁၄၂၂နေ(ဦးဂျော်နီဂိုင်-ဒေါ်မေရီ)တို့၏သား၊(ဦးတာတာ-ဒေါ်သန်းရှင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်စိန်၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်စိုး(ခ) Bowie Soe (Havione Macau)-Ms.Lita Soe (Hovione Macau)၊ ဦးဖြိုးဝင်းထွန်း-ဒေါ်ခင်မြသီတာ(CLS Myanmar)၊ ဦးသန်းထွန်းအောင်၊ဒေါ်ဇာနီလွင် (CVML Limited)တို့၏ချစ်လှစွာသောဖခင်၊ မဝတ်ရည်ပွင့်ဦး(ခ)Jewel (icare Myanmar)၊ မောင်ဉာဏ်လင်းအောင်(ခ)John(အလက-၁၊ ဒဂုံ)တို့၏ အဘိုးသည် ၆-၈-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် စိန့်အန်ထော်နီဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (စိန့်အန်ထော်နီဘုရားကျောင်းမှကားများ မွန်းလွဲ ၁၂း၁၅နာရီနှင့် ဒဂုံမြို့သစ်နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးသန်းလွင်(ခ) Robin Guy အသက်(၇၆)နှစ်

**လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ (ဟိုတယ်/ခရီး)**

**အကြီးတန်းနည်းပြ (Kandawgyi Palce Hotel)**

**ဟိုတယ်/ခရီး သင်တန်းကျောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၁၄၂၂နေ(ဦးဂျော်နီဂိုင်-ဒေါ်မေရီ)တို့၏သား၊ (ဦးတာတာ-ဒေါ်သန်းရှင်)တို့၏သားသမက်၊ ဦးစိုးလွင်-ဒေါ်မမကြီးတို့၏မောင်၊ (Mr. RAJ)-ဒေါ်သင့်သင့်စိန်၊ (ဦးတင်ဦး-ဒေါ်ခင်မေမြင့်)၊ ဦးသြဘာသ၊ ဒေါ်သီတာ(မဇ္ဈိမဂုဏ်ဘုရားဖူးအဖွဲ့)၊ (Mr. Kamath)-ဒေါ်လှလှမြင့်၊ ဒေါ်တင်တင်ခိုင် MPE(ငြိမ်း)၊ ဒေါ်မိမိခင် MPE (ငြိမ်း)၊ ဦးသိန်းအောင် (ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း)-(ဒေါ်မင်းမင်းထိုက်)တို့၏အစ်ကို၊ ဒေါ်မြင့်မြင့်စိန်၏ချစ်လှစွာသောခင်ပွန်းသည် ၆-၈-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၈-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် စိန့်အန်ထော်နီဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (စိန့်အန်ထော်နီဘုရားကျောင်းမှကားများ မွန်းလွဲ ၁၂း၁၅နာရီနှင့် ဒဂုံမြို့သစ်နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဝင်း အသက်(၆၆)နှစ်

**(MD-ERS Technology)**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ပြည်တော်သာရပ်ကွက်၊(၆)လမ်း၊ အမှတ် ၁၂/ခနေ (ဦးသာလွင်-ဒေါ်သင်းမြ)တို့၏သမီး၊ မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)နေ(ဦးအောင်မြင့်)-ဒေါ်တင်တင်ဝင်း၊ ပတ္တမြားနေ ဦးလှကြည်-ဒေါ်ကြည်အေးတို့၏ညီမ၊ မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)နေ ဦးလေးနိုင် - ဒေါ်ခင်ရီ၊ ရွှေပြည်သာနေ(ဦးသန်းအောင်-ဒေါ်စန်း)တို့၏အစ်မ၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်တော်သာရပ်ကွက်နေ ဦးမျိုးကျော်ခိုင်-ဒေါ်သွယ်သွယ်ဦး၊ ဦးမျိုးဇော်ခိုင်-ဒေါ်နှင်းနုနုထွေးတို့၏မိခင်၊မြေးငါးယောက်တို့၏အဘွား၊ (ဦးငိုလ်ကျင်ခိုင်)၏ဇနီးသည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပြည်တော်သာရပ်ကွက်၊ အမှတ် ၁၂/ခ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခိုင်ဇေလတ်

**(ဒုတိယနှစ်၊ စိတ်ပညာ၊ ဒဂုံတက္ကသိုလ်)**

**အသက်(၁၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၄၆နေ (ဦးကျော်လှ-ဒေါ်ဝင်းကြည်)၊ ဦးရဲဝင်း-ဒေါ်ကြော့ကြော့ခင်တို့၏မြေး၊ ဦးကျော်လင်းလတ်-ဒေါ်ခိုင်ခိုင်ဝင်း(ခ) ဒေါ်နီလာခင်တို့၏သား၊ ဒေါ်တင်တင်ထွေး၏ခင်ပွန်း၊ [ဗွဲ့ဉာဏ်ဟိန်း(ခ) လင်းခိုင်ဦး]-ဒေါ်ခင်မာလာ၊ ဦးမင်းရှင်အောင်တို့၏ညီ/မောင်၊ ဦးခိုင်သူကျော်-ဒေါ်ဌေးဌေးခိုင်တို့၏အစ်ကို၊ မောင်နိုင်အောင်လင်း(X မျိုးဂုဏ်ရည် ကိုယ်ပိုင်အထက်တန်းကျောင်း၊ဇလွန်မြို့)၏ဖခင်သည် ၇-၈-၂၀၁၈ရက် နံနက် ၉နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ထားကြည်

**နေပြည်တော်၊ လယ်ဝေး**

**သားဖွားဆရာမ**

**ကော့ကရိတ် အငြိမ်းစား**

**လူထုပညာရေးမှူး**

**အသက်(၈၄)နှစ်**

နေပြည်တော်၊ လယ်ဝေးမြို့နေ (ဦးခင်-ဒေါ်နွဲ့)တို့၏သမီး၊ ဦးမောင်မောင်စိုး၊ ဦးထွန်းဝင်း၊ ဒေါ်ခင်တုတ်၊ ဒေါ်မြမြ၊ ဒေါ်လှလှ၊ ဒေါ်စီစီ၊ ဒေါ်အေးအေးမင်း၊ ဦးကျော်ဝင်း၊ ဦးကျော်မင်းတို့၏အစ်မ၊ စောအောင်တင့်မိုး-နော်မူရီး၊ ဦးမြတ်ကျော်-ဒေါ်လင်းလင်းတို့၏မိခင်၊ ဦးစောသန်းညွန့်၏ချစ်လှစွာသောဇနီး၊ မသင်းမြထက်၊ မစုမြတ်ထက်၊ မခင်မြတ်ထက်၊ မောင်ရှိန်းလင်းမြတ်၊ နော်မြတ်လေးဖြူ၊ နော်နီနီလင်းဖြူတို့၏အဘွားသည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) ည ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၃၁ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသိန်းအောင်

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ဖျိုင်းရေအိုးစင်လမ်း၊ အမှတ် G-6(၅/၁၁)နေ(ဦးခွင်-ဒေါ်ခင်ညွန့်)တို့၏သား၊ (ဦးထွန်းတင်-ဒေါ်နှင်းစိန်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးတင့်လွင်အောင် - ဒေါ်စုစုစန္ဒာ၊ ဦးစည်သူအောင် - ဒေါ်ယုယုသန္တာ၊ ကိုမင်းရဲထွဋ်-မဆုမြတ်နန္ဒာတို့၏ဖခင်၊ မောင်ကောင်းစည်သူ၊ မောင်စွမ်းရည်ပိုင်၊မဇိုရာအောင်၊မောင်ထူးသစ်ညီထွေး၊ မရှင်းသန့်ခင်တို့၏အဘိုးသည် ၆-၈-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၁း၄၆နာရီတွင် စင်ကာပူနိုင်ငံ Ng Teng Fong General Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၁၈ရက် (အင်္ဂါနေ့)တွင် စင်ကာပူ၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါတာမွေမြို့နယ်နေအိမ်နှင့် (661 A), Jurong West, Street-64,#15-414 Singapore နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယိကာမကြီး

## ဒေါ်ရှုလေ

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့နေ(ဦးချစ်နိုင်-ဒေါ်မိ)တို့၏သမီး၊ (ဦးချစ်တင်-ဒေါ်ခင်သီ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် (၃၇၄၊ ပထမထပ်)နေ ဦးကျော်စိုး၏ ချစ်လှစွာသောဇနီး၊ မောင်ဟန်ဝင်းထွန်း၊ မသဥ္ဇာဦးတို့၏မိခင်သည် ၇-၈-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁၀း၃၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးအောင်ချစ်ငြိမ်း

**(TTC-2000)**

**GM-Techfun Myanmar**

**အသက်(၃၅)နှစ်**

မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သန့်စင်လမ်း၊ အမှတ် ၄၈နေ ဦးအောင်စိုးဆွေ - ဒေါ်ကြေးမုံတို့၏ သားကြီး၊ ဦးအုန်းကျော် - ဒေါ်ပြုံးရီတို့၏ သားသမက်၊ဦးမြတ်ထွန်းစိုး(Ooredoo Co.,)၊ ဦးသက်ဟိန်းအောင်တို့၏အစ်ကို၊ဦးစန်းမောင်၊(မလေးလုံ)၊(ဒေါ်တင်တင်ဆွေ)၊ ဒေါ်တင်တင်နု၊ ဒေါ်ယဉ်လှဝေ၊ ဒေါ်တင်လှမေ၊ ကိုသိန်းအောင်တို့၏တူ၊ ဝိုင်းဝိုင်း (အထက-၂၊ စမ်းချောင်း)၊ မေသက်ပိုင်ချစ်တို့၏ဖခင်၊ ဒေါ်ဇင်သီတာ၏ ချစ်လှစွာသောခင်ပွန်းသည် ၇-၈-၂၀၁၈ရက် နံနက် ၉း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၈-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဝဏ္ဏိတ(ခ)ဆရာဦးလှဝင်း

**သေက္ခတောင်ကျောင်းတိုက်**

**သေက္ခတောင်(ကျိုက်ထို)**

**သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၁၀)ဝါ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်း ဌေးကြွယ်(က)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၂၉၄နေ(ခမည်းတော် ဦးအေးမောင်-မယ်တော်ဒေါ်တင်ရွှေ)တို့၏သား၊ ဒေါ်သင်းသင်းကြည်၏မောင်၊ (ဦးတင်အုန်း)၊ အရှင်နရိန္ဒ (နန္ဒဝန်အလယ်ကျောင်း ဆရာတော်)၊ (ဒေါ်မြင့်မြင့်ဝင်း)၊ ဒေါ်ဌေးဌေးတင်၊ (ဒေါ်တင်တင်သိန်း)၊ ဒေါ်သင်းသင်းရီတို့၏အစ်ကို၊ မဥမ္မာမော်၊ မတင့်တင့်ခိုင်၊ ဗိုလ်မှူးမင်းသူအောင်တို့၏ဘကြီးသည် ၆-၈-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၆း၃၀နာရီတွင်သျှင်ပါကူဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၈-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်မြင့် အသက်(၈၄)နှစ်

**(ကညန) ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၅)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ် ၄၈၅နေ(ဦးဘိုးထင်-ဒေါ်အေးလှ)တို့၏သား၊(ဒေါ်ခင်ဆွေဝင်း)၏ခင်ပွန်း၊ ဦးဇော်လင်း(ကညန)-ဒေါ်ခင်သူဇာအောင်၊ ဦးမြတ်ဘုန်းမြင့်-ဒေါ်ခင်မူယာအောင်(ကညန၊ မန္တလေး)၊ (ဦးရန်နိုင်ထွန်း)-ဒေါ်ခင်ညိုပြာအောင် (ကညန၊ အင်းစိန်)တို့၏ချစ်လှစွာသောဖခင်၊ မမွန်မြတ်သူ(Unilever)၊ မောင်ရဲထက်နိုင် (ကညန၊ ရွာသာကြီး)၊ မသဲသဉ္ဇာထက်(ကညန)၊ ဖွဲ့မြင့်မြတ်၊ သန်းထိုက်ဇော်၊ ကျော်စည်သူဟိန်း၊ နှင်းအိန္ဒြေကိုတို့၏အဘိုးသည် ၇-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ဝဝး၅ဝနာရီတွင် ပင်လုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးရီ အသက်(၈၃)နှစ်

**လ/ထ စက်ရုံမှူး(ငြိမ်း)၊ စက်မှုဝန်ထမ်းဟောင်းအသင်းဝင်**

မုံရွာမြို့၊ ဘုရားကြီးရပ်နေ (ဦးဘရင်-ဒေါ်အေးတင်)တို့၏သား၊ (ဒေါ်ခင်မလေး)၏ခင်ပွန်း၊ မုံရွာမြို့၊ ထန်းတောရပ်နေ ဦးညီမောင်-ဒေါ်မြသန်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၆၃လမ်း၊ တိုက် ၅(လေးလွှာ)နေ ဦးမောင်မောင်-ဒေါ်အေးအေးရီ၊ ဦးရဲခိုင်ထွန်း-ဒေါ်ဆွေဆွေရီ၊ (ဒေါ်သန္တာရီ)တို့၏ဖခင်၊ ဗိုလ်ကြီးစိုးရန်နောင်(ခေတ္တ-မော်စကို)၊ မောင်ထက်ဝေယံတို့၏အဘိုးသည် ၆-၈-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေများအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာမြင့်ရွှေ အသက်(၇၄)နှစ်

**(B.D.S), (F.I.C.C.D.E), (Dip.D.Sc), (F.J.C.D)**

**မေခလာ အထူးကုဆေးခန်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ပဒေသာတိုက်နေ (ဦးဘိုကြီး-ဒေါ်အုန်းခင်)တို့၏သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးစံတင်-ဒေါ်လှရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၁၁၉)နေ ဒေါက်တာဒေါ်ကြည်ကြည်ဝင်း (မေခလာ အထူးကုဆေးခန်း)၏ ခင်ပွန်း၊ ဦးဇာနည်ထွန်း-ဒေါ်ကလျာမြင့်၊ ဦးထက်လှိုင်ဝင်း-ဒေါ်ဇာဖြူမြင့်၊ဦးပြေဖြိုးမြင့်-ဒေါ်ကေခိုင်နှင်း၊ ဒေါက်တာဇေဖြိုးမြင့်-ဒေါ်အမရာမြတ်၊ ဦးကျော်သူ-ဒေါ်ဥမ္မာမြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၇-၈-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၃း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာမြင့်ရွှေ အသက်(၇၄)နှစ်

**(B.D.S), (F.I.C.C.D.E), (Dip-D.Sc), (F.I.C.D)**

**မေခလာ အထူးကုဆေးခန်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ ဗိုလ်ချုပ်လမ်း၊ ပဒေသာတိုက်နေ (ဦးဘိုကြီး-ဒေါ်အုန်းခင်)တို့၏သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၁၁၉နေ ဒေါက်တာဒေါ်ကြည်ကြည်ဝင်း (မေခလာအထူးကုဆေးခန်း)၏ခင်ပွန်း၊ ဒေါ်ခင်မကြီး၊ ဦးလှမင်း-(ဒေါ်ခင်မလေး)၊ ဦးရွှေအောင်-ဒေါ်ဝါဝါဝင်းသူ၊ (ဦးရွှေဝင်း)-ဒေါ်အောင်အောင်သန်း၊ ဒေါ်ခင်မဌေး၊ ဒေါ်ခင်မအေးချိုတို့၏အစ်ကိုသည် ၇-၈-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၃း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု

---

## ဦးကျော်ဖြိုးမောင်မောင်

**အသက်(၄၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊(၈)ရပ်ကွက်၊ ၁၃လမ်း၊ အမှတ် ၁၈၂နေ(ဦးမောင်မောင်တင်)-ဒေါ်စန်းဦးတို့၏သား၊ ဦးသန်းမောင်-ဒေါ်အေးခင်တို့၏သားသမက်၊ ဒေါ်လဲ့လဲ့ခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်မင်းခန့်မောင်မောင်၊ မဆုမြတ်သက်ဝေတို့၏ဖခင်၊ မမေဖြိုးမောင်မောင်၊ (ကိုသန့်ဖြိုးမောင်မောင်)တို့၏အစ်ကို၊ ကိုပြည့်ဖြိုးအောင်၊ မဇင်မဒီမောင်မောင်တို့၏ဘကြီးသည် ၆-၈-၂၀၁၈ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၈-၈-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ဖျာပုံမြို့ လိပ်ဥကုန်းမြန်မာသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဒေါ်ဇိုင်သွန်ဘီဘီ(ခ)

## ဒေါ်စု (ပဲခူး)

**အသက်(၉၄)နှစ်**

ပဲခူးမြို့၊ ဇိုင်း/မြောက်၊ ဘူတာလမ်း၊ အမှတ် ၂၂၉/၁၅ နေ (ဦးစူလ်တန်)၏ဇနီး၊ (ဒေါ်မွတ်စလီမား)၊ (ဦးရာဟင်း-ဒေါ်မာမူဒါ)၊ (ဦးမူစာ-ဒေါ်အမီနာ)၊ ဦးအေးလွင်-ဒေါ်စန်းစန်းနွယ်၊ ဦးနာဂူးဂနီ၊ ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ဌေးဌေးဝင်း၊ ဦးဗိုလ်ဝင်း-ဒေါ်ချောစုတို့၏မိခင်၊ မြေး ၁၈ယောက်၊ မြစ် ၃၈ယောက်၊ တီ ၁၂ယောက်တို့၏ နာနီကြီးသည် ၆-၈-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ အဆွလ်အပြီးတွင် ပဲခူးမြို့ ဆင်ဖြူကွင်း ကဗာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့်အထိမ်းအမှတ် နိုင်ငံရေးဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၇**

ရှစ်လေးလုံးအရေးတော်ပုံ နှစ် (၃၀) ပြည့် အထိမ်းအမှတ် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယနေ့)ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်း၌ ဆက်လက်ကျင်းပရာ အဆိုပါအရေးတော်ပုံတွင် ပါဝင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ရဟန်းရှင်လူပြည်သူများ တက်ရောက်ဆွေးနွေးကြသည်။

ယနေ့နံနက် ၉ နာရီတွင် အဆိုပါတက္ကသိုလ်နယ်မြေအတွင်းရှိ ဝိဇ္ဇာခန်းမ၌ နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယနေ့)ကို ကျင်းပရာ "မြန်မာ့နိုင်ငံရေးနှင့် စစ်အာဏာရှင်စနစ်"ခေါင်းစဉ်ဖြင့် တက်ရောက်လာကြသူများက အလှည့်ကျ ဆွေးနွေးမှုများ ပြုလုပ်ကြပြီး ဆွေးနွေးမှုရလဒ်များကို မှတ်တမ်းတင်သည်။

**ဆွေးနွေးမှုရလဒ်များ မှတ်တမ်းတင်**

အလားတူ နိုင်ငံရေးဆွေးနွေးပွဲ ပထမနေ့ (ဩဂုတ် ၆ ရက်) နံနက်ပိုင်းတွင် "ဒီမိုကရေစီရေး နှစ်သုံးဆယ်ခရီး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် "တိုင်းရင်းသားများ တန်းတူညီမျှရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု"ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးမှုများပြုလုပ်ကြပြီး ဆွေးနွေးမှုရလဒ်များကို မှတ်တမ်းတင်သည်။

ယနေ့ ဆွေးနွေးပွဲ သို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ရှစ်လေးလုံးအရေးတော်ပုံတွင် ပါဝင်ခဲ့ကြသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ရဟန်းရှင်လူ ပြည်သူများ တက်ရောက်ကြသည်။

ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀) ပြည့် အထိမ်းအမှတ်အနေဖြင့် ရှစ်လေးလုံးအရေးတော်ပုံ သမိုင်းဖြစ်စဉ်ကို လူငယ်များ သိရှိစေရန်အတွက် အဆိုပါတက္ကသိုလ်ဝင်းအတွင်းရှိ အပန်းဖြေရိပ်သာ (RC)၌ အရေးတော်ပုံမတိုင်မီ နိုင်ငံရေးအခြေအနေများ၊ အရေးတော်ပုံကာလနှင့် အရေးတော်ပုံကာလအလွန် နိုင်ငံရေးအခြေအနေများ၊ အရေးတော်ပုံကာလအတွင်းမှ ရဟန်းရှင်လူ၊ ကျောင်းသားကျောင်းသူများနှင့်

*စာမျက်နှာ ၁၀ ကော်လံ ၃* ❊



ရှစ်လေးလုံးအရေးတော်ပုံ နှစ် (၃၀) ပြည့် အထိမ်းအမှတ် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယနေ့) ကျင်းပစဉ်။ ဓာတ်ပုံ-ဖေဇော်

# အဝါရောင်အဆင့်ရှိ မုန်တိုင်းငယ် မြန်မာနိုင်ငံဘက် ဦးတည်မည့်အခြေအနေမရှိ

**နေပြည်တော် ဩဂုတ် ၇**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ချန်ဘာလီ (Chandbali) မြို့၏ အနောက်မြောက်ဘက် ၆၈ မိုင်ခန့်၊ ဘာလာဆော (Balasore) မြို့၏ အရှေ့တောင်ဘက် ၃၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြောက်လတ္တီကျု ၂၁ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၇ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းဖြစ်သည်။

**နောက် ၁၂ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး ယနေ့ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိသကမ်းခြေအနောက်ပိုင်းကို ဘာလာဆော (Balasore) မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ထူးကဲဒီရေတက်မည့် အခြေအနေအား မိဘပြည်သူများသို့ အသိပေးပန်ကြား

**ရန်ကုန် ဩဂုတ် ၇**

ရန်ကုန်မြို့၏ ရေစွန့်ထုတ်မှုစနစ်သည် ဒီရေအတက်အကျရှိသော ရန်ကုန်မြစ်ကို အခြေခံထားခြင်းဖြစ်ရာ ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်သည့် အချိန်များတွင် အနိမ့်ပိုင်းနေရာများသို့ ဒီရေဝင်ရောက်မှုများ ရှိနိုင်သည်။

ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေ တက်မည်ဖြစ်ပါသဖြင့် ဒီရေတက်သည့်အချိန်နှင့် မိုးသည်းထန်စွာရွာသွန်းချိန် တိုက်ဆိုင်ပါက အနိမ့်ပိုင်းနေရာများတွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်နိုင်ကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေး ပန်ကြားအပ်သည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

MINGALAR CINEMAS
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | | |
|---|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၉ ၄၅၇၈၄၂၈၈၂ ၀၉ ၄၅၇၈၄၂၈၈၃ | ရွှေဆောင် ၀၉၄၅၇၈၄၂၈၈၀ ၀၉၄၅၇၈၄၂၈၈၁ | မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ |
| Top Royal (စိန်ဂေဟာ-ပါရမီ) ၀၉၄၂၀၁၈၂၉၁ ၀၉၄၂၀၁၈၂၉၂ | မင်္ဂလာဝဇီရာ 09261901155,09261901166 / စိန်ဂေဟာ 09402177771, 09402177772, 09402177773 | မင်္ဂလာ (ဂမုန်းပွင့်) (လှည်းတန်း-စံရိပ်ငြိမ်) ၀၉၇၇၉၀၅၄၆၇၂ ၀၉၇၇၉၀၅၄၆၇၃ | ဝင်းလိုက် မန္တလေး [illegible] / မြို့မ မန္တလေး [illegible] | မင်္ဂလာဒိုင်းမွန်း မန္တလေး ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | Central Point မန္တလေး 09954086841 09954086842 09954086843 | (မန္တလေး)မင်္ဂလာ မန်းနေပြည်တော် ၀၉၉၅၂၂၇၀၈၁၁ ၀၉၉၅၂၂၈၀၈၁၁ ၀၉၉၅၂၂၉၀၈၁၁ |
| မင်္ဂလာထွန်းသီရိ (ပြည်) ၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂ | မင်္ဂလာ ICON Mall(ပဲခူး) ၀၉၄၅၆၆၀၀၁၁၅ ၀၉၄၅၆၆၀၀၁၁၆ | NEW 3D Cinema တောင်ငူ ၀၉၈၆၆၆၄၅၅ ၀၉၇၇၅၃၅၈၉၉၁-၂ | မင်္ဂလာစံပြ(မကွေး) ၀၉ ၇၆၈၅၂၅၇၄၀ ၀၉ ၇၆၈၅၂၅၇၄၂ ၀၉ ၇၆၈၅၂၅၇၄၄ | မင်္ဂလာ ရွှေဟင်္သာ (ပဲခူး) [illegible] | မင်္ဂလာ ဘုရင့် (မော်လမြိုင်) ၀၉၄၄၁၁၂၂၈၈၀ ၀၉၄၄၁၁၂၂၈၈၂-၃ | မင်္ဂလာ မြစန္ဒာ(မုံရွာ) [illegible] / မင်္ဂလာ Ocean [illegible] |

မင်္ဂလာ ခုတင်
ရန်ကုန် - သမ္မတ၊ သွင်၊မင်္ဂလာ(၁)၊ Top Roy၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ စိန်ဂေဟာ(လှိုင်သာယာ)
မန္တလေး -ဝင်းလိုက်၊မန်နေပြည်တော်၊မင်္ဂလာဒိုင်းမွန်း၊ Central Point
ပြည် - မင်္ဂလာထွန်းသီရိ
ပဲခူး - မင်္ဂလာ Icon၊ မင်္ဂလာ ရွှေဟင်္သာ
မော်လမြိုင် - မင်္ဂလာဘုရင့်
မကွေး - မင်္ဂလာစံပြ
တောင်ငူ - NEW 3D CINEMA
မုံရွာ - မင်္ဂလာမြစန္ဒာ၊ မင်္ဂလာ Ocean

ကာဗွန်ဒိုင်အောက်ဆိုဒ်
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာ(၂)၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ စိန်ဂေဟာ(လှိုင်သာယာ)၊
မန္တလေး - မြို့မ၊ မင်္ဂလာ ဒိုင်းမွန်း၊ Central Point
ပြည် - မင်္ဂလာထွန်းသီရိ
မော်လမြိုင် - မင်္ဂလာဘုရင့်
ပဲခူး - မင်္ဂလာ Icon၊ မင်္ဂလာ ရွှေဟင်္သာ
တောင်ငူ - NEW 3D CINEMA
မုံရွာ - မင်္ဂလာ Ocean
မကွေး - မင်္ဂလာစံပြ

THE MEG (3D)
ရန်ကုန် - နေပြည်တော်၊ မင်္ဂလာ(ဂမုန်းပွင့်)၊
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း၊ မုံရွာ - မင်္ဂလာ Ocean

DARKEST MINDS
ရန်ကုန် - နေပြည်တော်၊

MISSION IMPOSSIBLE FALLOUT(3D)
ရန်ကုန် - နေပြည်တော်၊

ပြန်ပေး
ရန်ကုန် - ရွှေဆောင်၊ မင်္ဂလာစံပြ၊ မင်္ဂလာ(ဂမုန်းပွင့်)၊ မင်္ဂလာဝဇီရာ
ပြည် - မင်္ဂလာထွန်းသီရိ
မန္တလေး - မင်္ဂလာ ဒိုင်းမွန်း၊
ပဲခူး - မင်္ဂလာ Icon၊

ဘော်ဘော်ကထွော်
ရန်ကုန် - စိန်ဂေဟာ(လှိုင်သာယာ)

ဂူထူယ
မုံရွာ - မင်္ဂလာမြစန္ဒာ၊

၁၀.၈.၂၀၁၈ နေ့မှ ပြမည့် ဇာတ်ကားသစ်များ




ပွဲချိန် - ၁၀:၀၀ နာရီ၊ ၁၂:၃၀ နာရီ၊ ၃:၃၀ နာရီ၊ ၆:၃၀ နာရီ၊ ၉:၃၀ နာရီ

မြန်မာ့အလင်း
ယနေ့ရန်ကုန် Yangon Today
၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်
၂၀၁၈ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ ဗုဒ္ဓဟူးနေ့



# အကောင်အထည်ဖော်တော့မည့် ရန်ကုန် မိုးပျံလမ်း

ဝေယံဦး

**ရန်ကုန်မိုးပျံလမ်း စီမံကိန်းအတွက် ပြည်တွင်းကုမ္ပဏီ ၁၆ ခုအပါအဝင် ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ တူရကီ စတဲ့နိုင်ငံတွေက ကုမ္ပဏီတွေကလည်း စိတ်ဝင်စားမှု ရှိနေတာဖြစ်**

**မော်တော်ယာဉ်**အစီးရေ များပြားလာတဲ့ ရန်ကုန်မြို့ဟာ နေ့စဉ်နဲ့အမျှ လမ်းတိုင်း ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေတာ ကြာခဲ့ပြီဖြစ်ပါတယ်။ အရင်က ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေဆိုရင် ရန်ကုန်မြို့ရဲ့ အဓိကလမ်းမတွေပေါ်မှာ ယာဉ်ကြောကျပ်တည်းမှု လျော့နည်းနေတတ်ပေမယ့် အခုအချိန်မှာတော့ ဖွင့်ရက်၊ ပိတ်ရက်မဟုတ်တော့ဘဲ နေ့စဉ်နဲ့အမျှ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်လာတာဟာ သတိပြုစရာဖြစ်လာပါတယ်။

မကြာမီရက်ပိုင်းက နေပြည်တော်မှာ ကျင်းပခဲ့တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာတော့ “ ရန်ကုန်မြို့မှာ မိုးပျံလမ်းစီမံကိန်းကို ၂၀၁၉ ခုနှစ်မှစတင်ပြီး သုံးနှစ်အတွင်း အပြီးတည်ဆောက်သွားမယ်”လို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြီးခဲ့တဲ့ ဇူလိုင် ၃၀ ရက်မှာ ပြောကြားခဲ့ပါတယ်။ နေ့စဉ်နဲ့အမျှ ယာဉ်ကြောပိတ်ဆို့မှုကြောင့် ကားပေါ်မှာ အနည်းဆုံး အချိန်နှစ်နာရီခွဲလောက် ဒုက္ခခံနေကြရပြီးမှ လိုရာခရီးရောက်အောင် သွားနေရတဲ့ ရန်ကုန်မြို့သူ မြို့သားတွေအတွက်တော့ အခုသတင်းဟာ မင်္ဂလာသတင်းပဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ တရားဝင်မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်အစီးရေပေါင်း ခြောက်သိန်းကျော်ရှိနေပြီး အခြားပြည်နယ်နဲ့တိုင်းဒေသကြီးတွေက လာရောက်မောင်းနှင်နေတဲ့ ကားအစီးရေကလည်း နှစ်သိန်းနီးပါးခန့် ရှိနေတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လို့ ယာဉ်အို ယာဉ်ဟောင်း၊ ပျက်စီးတဲ့ယာဉ်တွေကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထားပြီး အများပြည်သူလမ်းနယ်နိမိတ်တွေကနေပြီး ဖယ်ရှားရမယ်လို့ ဆိုထားတာကြောင့် အဲဒီမော်တော်ယာဉ်တွေက လမ်းတွေမှာ မရှိတော့ဘဲ ယာဉ်ကြောပိတ်ဆို့မှုကို လျော့ကျစေဖို့ အထောက်အကူပြုစေခဲ့ပါတယ်။

ယာဉ်ကြောပိတ်ဆို့မှုကြောင့် နေ့စဉ်ရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေကို အထိုက်အလျောက်ဖြေရှင်းနိုင်ဖို့ ရန်ကုန်မြို့မှာ မိုးပျံကားလမ်းကို တည်ဆောက်အကောင်အထည်ဖော်ဖို့ ကြိုးစားခဲ့တာဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ တည်ဆောက်မယ့် အဲဒီမိုးပျံလမ်းဟာ အရှည် ၄၇ ကီလိုမီတာရှိပြီး ဗိုလ်တထောင်ဘုရားလမ်းနဲ့ ကမ်းနားလမ်းက စတင်မှာဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီမိုးပျံလမ်းဟာ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်၊ မြောက်ဥက္ကလာ၊ ခရေပင်လမ်း၊ အောင်မင်္ဂလာလမ်း၊ ဘုရင့်နောင်လမ်း၊ ကြည့်မြင်တိုင်လမ်းတွေကိုဖြတ်ပြီး ပန်းလှိုင်လမ်းထောင့်မှာ အဆုံးသတ်မှာ ဖြစ်ပါတယ်။

လာမယ့်နှစ်မှာ စတင်အကောင်အထည်ဖော်ဖို့ စီစဉ်နေတဲ့ ရန်ကုန်မိုးပျံလမ်း တည်ဆောက်ရေးနဲ့ပတ်သက်ပြီး စီမံကိန်းပထမအဆင့်အနေနဲ့ ၂၀၁၈ မေလ ၁၈ ရက်မှာ နိုင်ငံပိုင်သတင်းစာတွေကတစ်ဆင့် စတင်ကြော်ငြာခဲ့ပါတယ်။ ၂၀၁၈ ဇွန် ၁၉ ရက်မှာတော့ တင်ဒါပိတ်ခဲ့တဲ့အခါ ပြည်တွင်းနဲ့ နိုင်ငံတကာအဖွဲ့အစည်း ၅၃ ခုတို့က စိတ်ဝင်စားမှုတွေ တင်ပြခဲ့ကြပါတယ်။

အဲဒီလို စိတ်ဝင်စားမှုရှိတဲ့ ကုမ္ပဏီအဖွဲ့အစည်းတွေထဲကမှ စီမံကိန်းစီမံခန့်ခွဲမှု၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုတွေဟာ နိုင်ငံတကာအရည်အသွေးမီ၊ အဆင့်အတန်းမီဖို့အတွက် စနစ်တကျကြပ်မတ်လုပ်ကိုင်သွားဖို့ စိစစ်ရွေးချယ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်လုပ်ကိုင်တဲ့အခါ Phase one အဖြစ် ဗိုလ်တထောင်ဘုရားလမ်းထိပ်မှ မင်္ဂလာဒုံ၊ ခရေပင်လမ်းဆုံးအထိ စတင်အကောင်အထည်ဖော်ဖို့တော့ စီစဉ်ထားတယ်လို့ဆိုပါတယ်။

ရန်ကုန်မိုးပျံလမ်းစီမံကိန်းအတွက် ပြည်တွင်းကုမ္ပဏီ ၁၆ ခုအပါအဝင် ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ တူရကီ စတဲ့နိုင်ငံတွေက ကုမ္ပဏီတွေကလည်း စိတ်ဝင်စားမှုရှိနေတာဖြစ်ပါတယ်။ အဲဒီလို ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတွေဟာ မိုးပျံလမ်းအသုံးပြုခကောက်ခံပြီး ကုန်ကျငွေကို ပြန်ရှာဖို့ စီစဉ်ထားပေမယ့် နှစ်ကာလအတိုင်းအတာ အတိအကျတော့ ဆွေးနွေးကြရဦးမယ်လို့ ထင်ပါတယ်။

ရန်ကုန်မှာ တဖြည်းဖြည်းနဲ့ လူဦးရေရော ယာဉ်အစီးရေပါ တိုးပွားများပြားနေတာမို့ ယာဉ်ကြောပိတ်ဆို့မှုကို လျော့ကျစေဖို့ စဉ်းစားတဲ့အခါ မိုးပျံလမ်းစီမံကိန်းကို မဖြစ်မနေ အကောင်အထည်ဖော်လာဖို့ တွန်းအားပေး ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။



ရန်ကုန်မြို့ဟာ ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းဖို့အတွက် ကားလမ်း၊ ရထားလမ်းတွေ အဆင့်မြှင့်တင်တာတွေ၊ ပြုပြင်တာတွေအပြင် အသစ်တိုးချဲ့တည်ဆောက်ဖို့ လေ့လာတဲ့အခါ အဖြစ်နိုင်ဆုံးက စက်ဝိုင်းကျကျနီးပါး Inner Rings (အတွင်းဝိုင်းပတ်လမ်း)နဲ့ Outer Ring (အပြင်ဝိုင်းပတ်လမ်း)တွေကို မြေပေါ်နဲ့ မိုးပျံလမ်းတွေ တည်ဆောက်မှသာ ဖြစ်နိုင်မယ်လို့ ဂျိုက်ကာကလည်း တင်ပြထားပါတယ်။

ဒါမှလည်း ရန်ကုန်မြို့ရဲ့နေ့စဉ်ကြုံတွေ့နေရတဲ့ ယာဉ်ကြောကျပ်တည်းမှု စိန်ခေါ်ခြင်းကို အထိုက်အလျောက် ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒီလို မိုးပျံလမ်း တည်ဆောက်တဲ့အခါ ရန်ကုန်မြို့ရဲ့ လမ်းဧရိယာနဲ့ နယ်မြေအချိုးအစားကို တွက်ချက်ကြည့်ရင် အခြားနိုင်ငံတွေထက် လမ်းဧရိယာအသုံးပြုမှုက နည်းပါးနေတယ်လို့ ဆိုပါတယ်။ လမ်းဧရိယာနဲ့ နယ်မြေဧရိယာအချိုး ဆန်းစစ်ချက်တွေကိုကြည့်ရင် ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်မှာတော့ လမ်းဧရိယာဟာ မြို့ဧရိယာ စုစုပေါင်းရဲ့ ၇ ဒသမ ၁ ရာခိုင်နှုန်း ရှိနေပြီး

**အချပ်ပို (ဃ) သို့**

# တစ်ခေတ်ဆန်းလာသော ရန်ကုန်ရေကြောင်းကဏ္ဍ

ထင်ပေါ်ဝင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြို့တော် ရန်ကုန်၌ နေ့စဉ်သွားလာလှုပ်ရှားနေကြသော ရန်ကုန်လူထု၏ သွားလာရေးကို YBS က အဓိကတာဝန်ယူထားသည်။ YBS ခရီးသည်တင်ယာဉ်အစီးရေက များပြားလာမှုကြောင့် ယာဉ်ပေါ်တွင် ယခင်ကကဲ့သို့ ကျပ်သိပ် တိုးဝှေ့ခြင်းမျိုးကို ရှောင်ရှားနိုင်ပြီး ချောင်ချောင်ချိချိ တစ်နေရာမှ တစ်နေရာသို့ သွားလာနိုင်ပြီဖြစ်သည်။ သို့သော် ယာဉ်ကြောပိတ်ဆို့မှုက ရန်ကုန်သူ ရန်ကုန်သားတို့ သွားလာရေးကို စိတ်အနှောင့်အယှက်ဖြစ်စေသည်ကတော့ အမှန်ပင်။ ထို့အတူ မြို့ပတ်ရထားတည်းဟူသော မီးရထားခရီးစဉ်များကလည်း ရန်ကုန်မြို့အနှံ့ လွှမ်းခြုံနိုင်မှု မရှိသေးပေ။

ထို့ကြောင့်ပင် ရန်ကုန်သူ ရန်ကုန်သားတို့၏ ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့ရန် တာဝန်ရှိသူတို့က တစ်ဖက်တစ်လမ်းမှ စဉ်းစားခဲ့ကြသည်။ နည်းသစ်လမ်းသစ် တီထွင်ကြံဆခဲ့ကြသည်။ ပေါ်ပေါက်လာသော စိတ်ကူးအကြံအစည်ကို အကောင်အထည်ဖော်မည့် လုပ်ငန်းရှင်ကို တွေ့ရှိပြီးသည့်နောက်ပိုင်းတွင် ရန်ကုန်ခရီးသွားကဏ္ဍမှာ တစ်ဆစ်ချိုးပြောင်းလဲခဲ့သည်။ ယင်းကား မြစ်ချောင်းများဖြင့် ဝန်းရံလျက်ရှိသော ရန်ကုန်မြို့ပတ်လည်ကို ရေယာဉ်ဖြင့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ရန်ပင်ဖြစ်သည်။ အဆင့်ဆင့်ညှိနှိုင်းတိုင်ပင်ပြီးသည့်နောက် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် မြစ်ချောင်းအသုံးချ ရန်ကုန်ခရီးသွားကဏ္ဍသစ်ကို ဖွင့်လှစ်ခဲ့သည်။

စတင်ပြေးဆွဲစဉ်က အပျော်စီးအနေဖြင့် စီးနင်းခဲ့ကြရာမှ တစ်စထက်တစ်စ အောင်မြင်မှုရလာသော Yangon Water Bus အကြောင်းကို တင့်တင့်မြန်မာကုမ္ပဏီဉက္ကဋ္ဌ မတင့်တင့်လွင်အား တံ့တေးတူးမြောင်းခရီးစဉ်တစ်ခု၌ မေးမြန်းဖြစ်ခဲ့သည်။



ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသည့် Yangon Water Bus များကို တွေ့ရစဉ်။

## Jetty တစ်ခုကနေ ခရီးသည်ထောင်ကျော်ရ

Yangon Water Bus က လောလောဆယ် ရေယာဉ် ၁၃ စင်းနဲ့ ပြေးဆွဲနေတယ်။ အောက်တိုဘာလက ဧပြီလအတွင်း အပျော်စီးပုံစံမျိုးဖြစ်ခဲ့တယ်။ အခုက ရေယာဉ်အစီးအားလုံး လိုင်စင်ရရှိပြီးဖြစ်တဲ့အတွက် မိနစ် ၂၀ ကို တစ်ခေါက်နှုန်းနဲ့ ရေယာဉ်တွေ ထွက်ပေးတယ်။ ဒီ့အပြင်ကိုပဲ အရေးပေါ်ဖွင့်လှစ်လိုက်ရတဲ့ ဆိပ်ကမ်းလေးခု ရှိတယ်။ အဲဒါကတော့ သမ္မတဆိပ်ကမ်းရယ်၊ ဆာပါချောင်ရယ်၊ အံကြီးဆိပ်ရယ်၊ ဒလဘက်ရယ်၊ ဆိပ်ကြီး ခနောင်တိုရယ်ပေ့ါနော်။ အဲဒီဘက်အခြမ်းက မြစ်ရေကြီးလာတာတွေရယ်၊ လှေသမ္ဗန်တွေနဲ့ သွားလာတာတွေရယ်က အန္တရာယ်ရှိတယ်ဆိုပြီး လွှတ်တော်ကိုယ်စားလှယ်တွေ၊ ရပ်မိရပ်ဖနဲ့ ပြည်သူလူထုက တောင်းဆိုကြတယ်။ ကျွန်မတို့ရဲ့စံချိန်စံညွှန်းအရဆိုရင် ဆိပ်ကမ်းဆောက်တဲ့ကာလက သုံးလလောက်ကြာမှာ။ သူတို့ အကုန်လုံးက တောင်းဆိုတဲ့အတွက် အရေးပေါ်စီမံချက်အနေနဲ့ လုပ်ပေးလိုက်တယ်။ ရှိပြီးသားဖြစ်တဲ့ ဆိပ်ကမ်းက Jetty တွေကို အမြန်ဆုံး ပြန်လည်ပြုပြင်ပြီးတော့ စံချိန်စံညွှန်းလေးတွေထည့်ပြီး စပြီးပြေးဆွဲတယ်။ အဲဒီလို ပြေးဆွဲတဲ့အခါကျတော့ မိုးတွင်းကာလမှာ ခရီးသည်ပါးမယ်လို့ ထင်ခဲ့တာ၊ တစ်နေ့မှာ ဒီ Jetty တစ်ခုကနေ ခရီးသည် ထောင်ကျော်ရတယ်။

## စဆွဲတုန်းက သဘော်ဆိုရင် သူတို့ကြောက်တယ်

ဒီ Jetty လေးခုကို ခရီးတိုအနေနဲ့ ဆွဲပေးလိုက်တယ်။ ဟိုဘက်ကမ်း ဒီဘက်ကမ်းပေ့ါနော်။ တစ်ခါတလေကျရင် ခေါက်ပြန်သွားတယ်။ ပန်းဆိုးတန်းတို့ ဗိုလ်တထောင်လမ်းသစ်နဲ့ ဟိုဘက်ကမ်းသုံးခုကိုပတ်ပြီး ဟိုဘက်ကမ်း ဒီဘက်ကမ်း ပြေးဆွဲတဲ့ဟာမျိုးတွေ လုပ်ပေးလိုက်တဲ့အခါကျတော့ ခရီးသည်တွေရော ကျောင်းသားတွေရော အဆင်ပြေတယ်။ ကိုယ်ကိုယ်တိုင်ကလည်း မိုးတွင်းဘက်မှာ ကိုယ်မျှော်မှန်းထားတဲ့ ဝင်ငွေတစ်ခုကို ရရှိလာတယ်။ ဒီ့အပြင် အင်းစိန်၊ ဗိုလ်တထောင်ဆွဲနေတဲ့အပိုင်းတွေ အကုန်လုံးကလည်း ပုံမှန်သွားနေတယ်။ အခုနောက်ပိုင်းမှာ ထူးခြားတာတစ်ခုက ပြည်သူတွေက ရေကို မကြောက်တော့ဘူး။ စစချင်း ဆွဲတဲ့အချိန်တုန်းက သဘော်ဆိုရင် သူတို့ကြောက်တယ်။ အခုနောက်ပိုင်း ကြောက်တယ်ဆိုတာ မရှိတဲ့အတွက် ခရီးသည်ပိုများလာတယ်။

## အားလုံးကလည်း အဘက်ဘက်က ကူညီပေး

အပတ်စဉ် စနေ၊ တနင်္ဂနွေထွက်တဲ့ တံ့တေးခရီးစဉ်တွေ နားထားရသော်ငြားလည်း ဒီဆိပ်ကမ်းလေးခုကြောင့်မို့လို့ စီးတဲ့ခရီးသည်ဦးရေနဲ့ ပြေးဆွဲတဲ့နှုန်းတွေ များတဲ့အတွက် တချို့ရေယာဉ်မှူးတွေ၊ ဝန်ထမ်းတွေဆိုရင် နားရက်တောင် တော်တော်လေး ခက်ခက်ခဲခဲ ရှာယူရတဲ့ အခြေအနေမျိုးတွေ ဖြစ်နေတယ်။ သာမန်အားဖြင့် အပေါ်ယံ သုံးသပ်ရမယ်ဆိုရင် Water Bus က ထင်ထားတာထက် အခြေအနေပိုကောင်းလာတယ်။ ကျွန်မတို့အနေနဲ့ အရှုံးခံကာလ နှစ်နှစ်သတ်မှတ်ထားပေမယ့် အခု ၆ လ၊ ၇ လအတွင်းမှာပဲ မိမိငွေထဲက စိုက်ပြီး သုံးစရာမလိုဘဲ သူ့ဆီကရတဲ့ငွေနဲ့ လုပ်ငန်းတစ်ခုလုံးကို ပြန်ပြီး လည်ပတ်လို့ရတဲ့ အခြေအနေတစ်ခု ဖြစ်ပေါ်လာပါပြီ။ လာမယ့်အောက်တိုဘာလမှာဆိုရင် ရန်ကုန် Water Bus ဒီထက်ပိုပြီး ကောင်းကောင်းမွန်မွန် ဆွဲနိုင်မှာပေ့ါနော်။ ရန်ကုန်တိုင်းဝန်ကြီးချုပ်ကလည်း သဘော်စီးရေထပ်တိုးချဲ့ဖို့ ပြောပါတယ်။ အားလုံးကလည်း အဘက်ဘက်က ကူညီပေးတဲ့အတွက် ရန်ကုန် Water Bus ဟာ အဆင်ပြေနိုင်မယ်လို့ ပြောနိုင်ပါတယ်။

> **ရွှေ့လာမယ့်ပွင့်လင်းရာသီဖြစ်တဲ့ အောက်တိုဘာလလောက်မှာ ရောဝတီတိုင်းထဲက ညောင်ချောင်းသာတို့၊ ဇလွန်တို့ဘက်လည်း လေ့လာရေးတွေ လုပ်နေတယ်။ နေ့ချင်းပြန်ပုံစံမျိုးနဲ့ သွားနိုင်အောင်ပေ့ါလေ။ အခု မိုးတွင်းဘက်မှာလည်း လေ့လာရေးတွေလုပ်နေပါတယ်။ စီးမယ့်ဦးရေလည်း များလာမယ်လို့ မျှော်လင့်တယ်။ အခုဆိုရင် နိုင်ငံခြားသားဦးရေလည်း တော်တော်များလာပါတယ်။ အပတ်စဉ်ခရီးစဉ်တွေကတော့ အခုမိုးတွင်း ရေကြီးနေလို့ ခဏနားထားပြီး စက်တင်ဘာလကုန်မှာ ပြန်ဆွဲပါမယ်**

## လှေသမားဒေသခံတွေလည်း အဆင်ပြေ

လက်ရှိ တံ့တေး၊ ကျောက်တန်း နောက်တစ်ခုက sunset သုံးခုဆွဲတဲ့အချိန်မှာ တံ့တေး-ကျောက်တန်း ခရီးစဉ်တွေမှာ ပိုပြီးအောင်မြင်လာတယ်။ လက်မှတ်ဈေးနှုန်းက ငွေကျပ် ၆၀၀၀၊ ၇၀၀၀ ဖြစ်တဲ့အတွက် လုပ်ငန်းပိုင်းဆိုင်ရာအရ ကျွန်မတို့အတွက်လည်း အဆင်ပြေတယ်။ ခရီးသည်တွေဘက်ကလည်း တစ်ယောက်ကို ငွေကျပ် ၆၀၀၀ နဲ့ ထမင်းလည်းစားရတယ်၊ ဘုရားလည်းဖူးရတယ်ဆိုတော့ သူတို့အတွက်ကလည်း တန်တယ်လို့ ယူဆတယ်လေ။ လက်ရှိအခြေအနေအရ တံ့တေးမှာ တိမ်မြုပ်နေတဲ့ အိုးလုပ်ငန်းတို့၊ ရက်ကန်းလုပ်ငန်းတို့လည်း ပြန်ပြီး ဦးမော့လာတယ်။ အပတ်စဉ်မှာ တစ်နေ့ကို လူ ၄၀၀ ဆိုတော့ နှစ်ရက်မှာ လူ ၈၀၀ လောက်က ရောက်တဲ့အတွက် ရက်ကန်းလုပ်ငန်းတွေ ပြန်ပြီးလည်ပတ်လာတယ်။ အိုးလုပ်ငန်းသမားတွေလည်း အဝယ်လိုက်လာတယ်ပေ့ါနော်။ ခရီးသွားအနေနဲ့လည်း ပြည်တွင်းခရီးသွားလုပ်ငန်းပုံစံမျိုးနဲ့ အောင်မြင်လာတယ်။ ကျောက်တန်းမှာ ဘုရားနားထိ ကပ်လို့မရဘူး။ လှေသမားတွေနဲ့ ချိတ်ဆက်ထားတဲ့အတွက် လှေသမားဒေသခံတွေအတွက်လည်း အဆင်ပြေတယ်။ ဘုရားဖူးတွေလည်း အဆင်ပြေတယ်။

## လေ့လာရေးတွေလုပ်နေတယ်

ရွှေ့လာမယ့်ပွင့်လင်းရာသီဖြစ်တဲ့ အောက်တိုဘာလလောက်မှာ ရောဝတီတိုင်းထဲက ညောင်ချောင်းသာတို့၊ ဇလွန်တို့ဘက်လည်း လေ့လာရေးတွေ လုပ်နေတယ်။ နေ့ချင်းပြန်ပုံစံမျိုးနဲ့ သွားနိုင်အောင်ပေ့ါလေ။ အခု မိုးတွင်းဘက်မှာလည်း လေ့လာရေးတွေ လုပ်နေပါတယ်။ စီးမယ့်ဦးရေလည်း များလာမယ်လို့ မျှော်လင့်တယ်။ အခုဆိုရင် နိုင်ငံခြားသားဦးရေလည်း တော်တော်များလာပါတယ်။ အပတ်စဉ်ခရီးစဉ်တွေကတော့ အခုမိုးတွင်း ရေကြီးနေလို့ ခဏနားထားပြီး စက်တင်ဘာလကုန်မှာ ပြန်ဆွဲပါမယ်။

ရန်ကုန်ခရီးသွားများ အဆင်ပြေရန် Water Bus မှာ ပေါ်ပေါက်ခဲ့ပြီဖြစ်သည်။ ရန်ကုန် Water Bus ခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရန်၊ ရန်ကုန်သူ ရန်ကုန်သားတို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း မြစ်ချောင်းများကို အခါမနှောင်းမီ ပြုပြင်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သင့်သည်။ မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာ အမေ့ခံ သဘာဝအရင်းအမြစ်များဖြစ်သော မြစ်ချောင်းများကို ပြုပြင်ထိန်းသိမ်းမှုအားနည်းခဲ့သည်။ အသုံးချရန် နှောင့်နှေးခဲ့သည်။ အရင်ကသာမက ယခုအချိန်၌လည်း မြစ်ချောင်း၊ ပင်လယ်သမုဒ္ဒရာကိုကောင်းစွာအသုံးချနိုင်သည့် နိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးလျက်ရှိသည်ကို သတိမူသင့်ပါကြောင်း . . .။



ခရီးသည်များ တင်ဆောင်ပြီး ရန်ကုန်မြစ်အတွင်း ပြေးဆွဲပေးနေသည့် Yangon Water Bus ။

# ရန်ကုန်မြို့ဝယ် အထပ်ကြီးဘုရားစုံ ဖူးလို့လည်

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**ဒဂုံဟု ရှေးကခေါ်ဆိုရာ ရန်ကုန်မြေဝယ် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဝဲယာ နေရာအသီးသီးတွင် နှစ်ပေါင်း ၁၀၀ ကျော်က ရှေးဟောင်းတန်ခိုးကြီး စေတီဘုရားအဆူဆူတို့ သီတင်းသုံးလျက်ရှိပေသည်။**

**ထိုထိုသော စေတီဘုရားအဆူဆူတို့အနက် "ကပ်ကျော်ဘုရား" ခေါ် "အထပ်ကြီးဘုရား"သုံးဆူတို့သည် သက်ဆိုင်ရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ကြီးကြပ်လမ်းညွှန်မှု၊ ဂေါပကအသီးသီး၏ စောင့်ရှောက်ထိန်းသိမ်းပြုပြင် တည်ဆောက်မှုတို့ကြောင့် ရှေးယခင်ကထက် ပိုမိုကြည်ညိုဖွယ်အတိဖြင့် ဖူးတွေ့နိုင်ကြပြီးဖြစ်သည့်အပြင် အခါကြီးရက်ကြီးပွဲတော်များမှမဟုတ် နေ့စဉ်လိုပင် ဘုရားဖူးလာသူများဖြင့် စည်ကားလျက်ရှိနေသည်ကို တွေ့ရသည်။**




စမ်းချောင်းမြို့နယ် ဗားဂရာကျောင်းတိုက်ကြီးအတွင်းရှိ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားအား ဖူးတွေ့ရစဉ်။

လူအများက ကပ်ကျော်ဘုရား ဟု ဆိုသည်မှာ "ရောဂန္တရကပ်"၊ "သတ္ထန္တရကပ်"၊ "ဒုဗ္ဘိက္ခန္တရကပ်" ဟုဆိုခြင်းမဟုတ်မူဘဲ ဘုရားအနီးမှ ဖြတ်ကျော်သွားကြခြင်းကို ရည်ညွှန်းဆိုကြခြင်း ဖြစ်ပေသည်။

တစ်ဖန် "အထပ်ကြီးဘုရား"ဟု ဘွဲ့တော်ရှိသော ဘုရားသုံးဆူမှာ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း ဝဲယာတစ်ဖက် တစ်ချက်စီရှိ ငါးထပ်ကြီးဘုရားနှင့် ခြောက်ထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ် ဗားဂရာလမ်းရှိ ကိုးထပ်ကြီးဘုရားများပင် ဖြစ်သည်။ ဘုရားများ၏ မူလဘွဲ့တော်အပေါ် လွှမ်းခြုံလျက် ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရားဟု လွယ်ကူစွာ ခေါ်ဆိုနေကြခြင်းပင် ဖြစ်ပါသည်။

ငါးထပ်ကြီးဘုရား၏ မူလဘွဲ့တော်မှာ "မဟာသကျ အတုလမာန်အောင်"ဖြစ်ပြီး ခြောက်ထပ်ကြီးဘုရား၏ မူလဘွဲ့တော်မှာ "ခြောက်ထပ်ကြီး ရွှေသာလျောင်း"ဖြစ်ကာ ကိုးထပ်ကြီးဘုရား၏ မူလဘွဲ့တော်မှာ "အတုလာဓိပတိ မဟာမုနိသကျ"ဖြစ်သည်။

ဘုရားကြီးသုံးဆူတို့၏ မူလသီတင်းသုံးရာနေရာသည် တောများဖုံးလွှမ်းရာ စမ်းချောင်းချောက်များ တည်ရှိရာနေရာဖြစ်သည်။ တောကောင်များ ဖြတ်သန်းသွားလာရာ စားကျက်လည်းဖြစ်သည်ဟု မိဘများ၏ ပြောကြားမှုအရ သိရသည်။ ထို့အပြင် သံဃာတော်များ သီတင်းသုံးရာ အဝန်းအဝိုင်းအတွင်း တည်ရှိသည့်အတွက် အေးချမ်းပြီး ဆိတ်ငြိမ်သော နေရာများ ဖြစ်သည်။

ထိုအထပ်ကြီးဘုရားသုံးဆူအနက် ဝါတော်အကြီးဆုံးသော ရုပ်ပွားတော်မှာ "ငါးထပ်ကြီးဘုရား"ဖြစ်သည်။ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမအနီး ငါးထပ်ကြီး မြောက်ရပ်ကွက်၌ တည်ရှိသည်။

သက္ကရာဇ်နှင့် ကော်ဇော၊ သက္ကလပ်၊ ကုန်သည်ကြီး ဦးဘိုးအောင်နှင့်ဇနီး ဒေါ်စိမ်းရင်တို့က မြန်မာသက္ကရာဇ် ၁၂၆၂ ခုနှစ် (ခရစ်နှစ် ၁၉၀၁ ခုနှစ်)တွင် ပန္နက်တော်တင်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ ပန်းရန်ဆရာမှာ ဆရာညာဏ်ဖြစ်သည်ဟု ဘုရားသမိုင်းတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ဘုရားဒါယကာကြီး ဦးဘိုးအောင်မှာ ထိုခေတ်က သမာဓိမြို့ဝန်ကြီး ဖြစ်သကဲ့သို့ ရွှေတိဂုံစေတီတော်၏ ဘဏ္ဍာထိန်းတစ်ဦးလည်း ဖြစ်သည်။

ဘုရားကြီး၏ ရုပ်ပွားတော်ပုံကို စစ်ကိုင်းမြို့ ငါးထပ်ကြီး



ငါးထပ်ကြီးဘုရားအတွင်းရှိ သတ္တသတ္တာဟ

ဘုရားပုံတော်ကို အတုယူတည်ထားခြင်းကြောင့် ငါးထပ်ကြီးဘုရားဟု ဘွဲ့တော်ရှိခဲ့သည်။ ထို့အပြင် ဘုရားကြီး မူလသီတင်းသုံးရာ မူလဂန္ဓကုဋိတိုက်မှာလည်း ဘုံငါးဆင့်ရှိသည့်အတွက် "ငါးထပ်ကြီးဘုရား"ဟု ဘွဲ့အမည်တော်တွင်ခဲ့ခြင်းဖြစ်သည်ဟု သမိုင်းစာမျက်နှာများအရ သိခွင့်ရခဲ့သည်။

ရုပ်ပွားတော်မှာ မကိုဋ်ဆောင်းစလွယ်နှင့်ဖြစ်သည်။ ယခုအခါ ငွေကျပ်သိန်း ၁၀၀၀ ကျော် အကုန်အကျခံ၍ ရွှေသင်္ကန်းကပ်လှူရန် ငြမ်းများဆင်ထားသည်ကို တွေ့ရသည်။ ထို့အပြင် ရုပ်ပွားတော်ကြီး၏ ပလ္လင်နောက်ခံ၌ ကျွန်းဖြင့် ပြုလုပ်ထားသော သစ်ထွင်းပန်းများမှာ လက်ရာမြောက်လှပေသည်။ နိုင်ငံခြားသားတိုင်း တအံ့တသြ မှတ်တမ်းဓာတ်ပုံများ ရိုက်လေ့ရှိသည်ဟု အလှည့်ကျသဘာပတိ ဦးအေးဝင်းက ဆိုသည်။

တစ်ဖန် ဂန္ဓကုဋိတိုက်အတွင်းရှိ ရှေးဟောင်းခေါင်းလောင်းကြီးမှာလည်း လက်ရာမြောက်စွာဖြင့် မြန်မာ့ယဉ်ကျေးမှု အနုလက်ရာတစ်ခုအဖြစ် မြင်တွေ့ခဲ့ရသည်။

ဘုရားကြီးဝင်းအတွင်း တည်ဆောက်နေသော သတ္တသတ္တာဟ ရုပ်ပွားတော်များထားရှိရန် တည်ဆောက်နေမှုတွင် ဂေါပကအဖွဲ့ဝင်များကို တွေ့ရသည်။ ရေကန်အလယ် ဖွဲ့ခွေ၍ ပါးပျဉ်းအုပ်မိုးထားရှိသော ကျောက်ဆင်းတုတော်မှာ ကြည်ညိုဖွယ်အတိဖြင့် ဖူးမြော်ခဲ့ရပြီး ကန်အတွင်းမှ ရေပန်းများက ဘုရားရှင်အား ဦးခိုက်လွှတ်ထားမှုမှာမူ မြင်ရသူများအတွက် အေးချမ်းမှုကို ပေးစွမ်းစေနိုင်ခဲ့သည်။

ဒုတိယဝါတော်ကြီးဖြစ်သော အထပ်ကြီးဘုရားတစ်ဆူမှာ စမ်းချောင်းမြို့နယ် ဗားဂရာကျောင်းတိုက်ကြီးအတွင်း တည်ထားလျက်ရှိသော အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားပင်ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက် (၉-၈-၁၉၀၅)တွင် ဘုရားဒါယကာကြီး ဦးကြင်၊ ဘုရားဒါယိကာမကြီး ဒေါ်ငွေဇံ တို့က အိပ်မက်အရ တည်ထားခဲ့ခြင်းဖြစ်သည်။ ထိုင်တော်မူရုပ်ပွားတော်ကြီးဖြစ်သည်။

မုဒြာမှာ "ဘူမိဖဿ မုဒြာဟန်"ဖြစ်သည်။ လက်ယာဘက် လက်ခလယ်နှင့် လက်ညှိုးတော်တို့ဖြင့် သင်္ကန်းစကို ညှပ်ထားသည့်ဟန်ဖြစ်သည်။ ဆုတောင်းပြည့်သည့် အသွင်တော်အဖြစ် ခေတ်အဆက်ဆက် ယုံကြည်မှုရှိလာခဲ့သည်။

မူလတည်ဆောက်စဉ်က ရုပ်ပွားတော်ကြီးမှာ အမိုးအကာမရှိသည့်အတွက် သဘာဝရာသီဥတုဒဏ်ကို ခံခဲ့ရသည်။ လက်ရှိ သံမဏိတန်ဆောင်းတော်ကြီးကို ဘုရားဒါယကာ ဦးကြင်၏ သားဖြစ်သူ ဦးမောင်ကျော်နှင့်ဇနီး ဒေါ်လှကြီးတို့က အင်္ဂလန်မှ မှာယူတည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဘုရားကြီး၏ ထူးခြားမှုမှာ ဘုရားကြီးအား အစဉ်မပြတ် ပန်းအလှဆင်၍ ပူဇော်ခြင်းဖြစ်သကဲ့သို့ ပရဝဏ်အတွင်း ပန်းဥယျာဉ်အလှဆင်မှုမှာ ဘုရားဖူးလာသူတိုင်း၏ စိတ်နှလုံးကို အစဉ်ထာဝရအေးချမ်းမှုကို ပေးစေခြင်းပင်ဖြစ်သည်။

ပန်းအလှဆင်ပူဇော်မှုကို ဘုရားဖူးလာသူတိုင်းက ရင်သပ်ရှုမောကြည့်မဝ အစဉ်ရှိနေခဲ့သည်။ ပန်းအလှပြင်သူ ဝန်ထမ်းအမျိုးသမီးငယ်က "သမီးဘုရားပန်းပြင်တဲ့နေရာမှာ ဘုရားရှင်ကို နှလုံးသားထဲကအလှနဲ့ ပူဇော်တာပါ။ ဒါကြောင့် အမြဲလှနေတာပါ"ဟု ဆိုခဲ့သည်။

ယခုအခါဘုရားကြီး၏ သက်တမ်းတော်မှာ နှစ်အားဖြင့် ၁၁၃၂ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ တတိယဝါတော်အကြီးဆုံးသော ရုပ်ပွားတော်မှာ "ခြောက်ထပ်ကြီး ရွှေသာလျောင်း" ပင်ဖြစ်သည်။ ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်းမကြီးနံဘေးတွင် တည်ထားခြင်းဖြစ်သည်။ ငါးထပ်ကြီးဘုရား၏ အရှေ့မြောက်ဘက် ကိုက် ၅၀၀ အကွာတွင် ရှိသည်။

ဘုရားကြီးကို စပါးပွဲစားကြီး ဆာဘိုးသာ-ဒေါ်ပုတို့က ၁၂၆၉ ခုနှစ်တွင် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ တည်ဆောက်မှုကာလ ငါးနှစ်ကျော်ကြာမြင့်ခဲ့ပြီး ၁၂၇၄ ခုနှစ်တွင်မှ ရေစက်သွန်းချနိုင်ခဲ့သည်ဟု သိရသည်။

မူလပုံတော်မှာ လျောင်းတော်မူဖြစ်သော်လည်း ဦးခေါင်းနှင့် ကိုယ်တစ်ပိုင်းမှာ မတ်မတ်ကြီးဖြစ်နေသည့်အတွက် ၁၃၁၅ ခုနှစ်တွင် ပြန်လည်ပြုပြင်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ညာဘက်လက်တော်ဖြင့် ဦးခေါင်းတော်အား ထောက်ထားသည့်ဟန်ဖြစ်သည်။

ရုပ်ပွားတော်ကြီး၏ ထူးခြားမှုမှာ ခြေဖဝါးတော်နှစ်စုံတွင်ရှိသော ၁၀၈ ကွက် စက်လက္ခဏာများပင် ဖြစ်သည်။ ကိုးထပ်ကြီးနှင့် ငါးထပ်ကြီးဘုရားများထက် ဂန္ဓကုဋိကျယ်ဝန်းပြီး နိုင်ငံခြားသားများ အမြဲမပြတ် ဝင်ရောက်လေ့လာ ဖူးမြော်မှုကို တွေ့ရသည်။ ။



ခြောက်ထပ်ကြီးဘုရားရှိ လျောင်းတော်မူရုပ်ပွားတော်အား ဖူးတွေ့ရစဉ်။



ငါးထပ်ကြီးဘုရား အဝင်မုခ်ဦးကို တွေ့ရစဉ်။

# တန်ဖိုးနည်းကားများမတော်တဆ အရောင်းအဝယ်မျိုးသာရှိနေဆဲ ရန်ကုန်ကားဈေးကွက်

**မင်းသော်**

**တစ်လကျော်ခန့်** ငြိမ်သက်နေသည့် ရန်ကုန်ကားဈေးကွက်အတွင်း လကုန်ပိုင်းမှစတင်၍ ယခင်ထက် အရောင်းအဝယ် အနည်းငယ်ပြန်လည်မြင်တွေ့ရပြီး တန်ဖိုးသင့်ငွေကျပ် သိန်းတစ်ရာကျော် ကားငယ်များ မဖြစ်မနေ ကြိုက်ရောင်းကြိုက်ဝယ်ဖြစ်နေသော်လည်း ကျန်ကားဈေးကွက်တစ်ခုလုံး ငြိမ်သက်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"ကားဈေးကွက်က သိပ်ကောင်းလှတယ်တော့မဟုတ်ပါဘူး။ ဖောက်စွပ်ပြဿနာကလည်း အခုအချိန်မှာတော်တော်လေး စိတ်ရှုပ်ထွေးနေကြတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှာ ဖောက်စွပ်တွေ ရောက်နေတာလည်း အစီးရေမနည်းတော့ဘူး။ ပိုင်ရှင်အများစုကလည်း တွေဝေစိုးရိမ်စရာတွေရှိတယ်။ ကိုယ့်ကားကဖောက်စွပ်ဖြစ်နေမလားဆိုပြီး စိတ်ပူကြသူတွေလည်း ရှိတယ်။ သွားစစ်မိတဲ့အချိန်မှာဖောက်စွပ်ဖြစ်မယ်ဆိုရင် ကားသော့အပ်ရမယ့်အဖြစ်ကို ဘယ်သူကမှ မကြုံချင်ကြဘူး။ ဝယ်မယ့်သူတိုင်းကလည်း မစစ်ရင် မဝယ်ကြဘူး။ ဒါကြောင့် အရောင်းအဝယ်က သိသိသာသာ အေးသွားတာပါ။ အခုရက်ပိုင်းတော့ ငွေကျပ် သိန်း ၁၀၀ စွန်းစွန်းအောက်ကားလေးတွေ၊ အင်ဂျင်ပါဝါနိမ့် ကားလေးတွေ အရောင်းအဝယ်ပြန်ဖြစ်တယ်" ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောပြသည်။

## ယခုသီတင်းပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် အနီးစပ်ဆုံးဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Land Cruiser | 2013 | ယာယီ | 4600cc | အပြင်ဈေး | ၂၂၅၀ |
| Hiace | 2009 | နယ် | 2700cc | အပြင်ဈေး | ၃၄၀ |
| Wish | 2011 | ရန်ကုန် | 1800cc | အပြင်ဈေး | ၃၇၀ |
| Vangard | 2011 | ရန်ကုန် | 2400cc | အပြင်ဈေး | ၆၅၀ |
| Noah | 2008 | ပဲခူး | 2000 | အပြင်ဈေး | ၃၃၀ |
| Yaris | 2014 | ရန်ကုန် | 1500cc | အပြင်ဈေး | ၂၆၀ |
| Harrier | 2013 | ရန်ကုန် | 2000cc | အပြင်ဈေး | ၉၀၀ |
| Fit | 2012 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၇၅ |
| Insight | 2012 | မန္တလေး | 1300cc | အပြင်ဈေး | ၂၇၀ |
| Swift | 2011 | မန္တလေး | 1300cc | အပြင်ဈေး | ၁၈၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်ဖြစ်နေသည့် ကားများမှာ မူလကတည်းက လူကြိုက်များ တန်ဖိုးနည်းကားများဖြစ်သော ဟွန်ဒါဖစ်၊ ဘယ်လ်တာ၊ ပရိုဘောက်စ်နှင့် ဗစ်ဇ်ကားများဖြစ်သည်။ ပရိုဘောက်စ်ကားအများစုကို နီးစပ်ရာ နယ်ဝယ်လက်များ ပိုမိုသဘောကျဝယ်ယူကြပြီး ကျန်အမျိုးအစားများကို မြို့ပေါ်လူတန်းစားများ ရွေးချယ်ဝယ်ယူကြကြောင်း သိရသည်။

မိုးရာသီ ဖြစ်ခြင်းကြောင့် အရောင်း စင်တာများတွင်လည်း အရောင်းအဝယ် အားနည်းလျက်ရှိသည်။ သို့သော် မိုးရာသီပရိုမိုးရှင်း အစီအစဉ်များ ရေးဆွဲကာ အရောင်းအဝယ်မြင့်တက်ရန် ဆောင်ရွက်နေကြသည်ကိုလည်း မြင်တွေ့ရသည်။


"မိုးတွင်းကတော့ အရောင်းအဝယ်ပါးတတ်တယ်။ ဒါပေမယ့် အားလုံးသိပ်မသိကြသေးလို့ပါ။ မိုးတွင်းက ဝယ်လို့အကောင်းဆုံးကာလပဲ။ အရောင်းစင်တာတွေကလည်း အရောင်းထိုင်းတဲ့အချိန်မို့ တတ်နိုင်သလောက် လျှော့ပြီး ရောင်းပေးကြတယ်။ ဝယ်လက်ပါးတဲ့ အချိန်မို့ စိတ်ကြိုက်ရှာရတာ ပိုကောင်းတယ်" ဟု ဝေဇယန္တာလမ်းမပေါ်ရှိ ကားအရောင်းစင်တာတစ်ခုမှ တာဝန်ခံ ကိုကျော်စွာက ပြောပြသည်။

ယခုသီတင်းရက်ပိုင်းအတွင်း ဖောက်စွပ်ကားများအား တိုက်ကြေကားများအဖြစ် အပ်နှံခွင့်ပေးရန်အတွက် ကားလောကသားများ ဝိုင်းဝန်းကြိုးပမ်းနေကြပြီး အစိုးရသို့လည်း နည်းလမ်းပေါင်းစုံဖြင့် တင်ပြနိုင်ရန်အတွက် ပြင်ဆင်နေကြသည်ကို မြင်တွေ့ရသည်။ "အမှန်က လိုင်စင်ဝင်တဲ့အချိန်မှာ သေသေချာချာလေး ကြည့်ပေးမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲဗျာ။ အခုတော့ ယာဉ်မှန်မမှန် စစ်ဆေးတဲ့အခါ အသေးစိတ်အကုန်လိုက်ခွာစစ်ပြီး လိုင်စင်ဝင်တဲ့အခါတွေမှာကျတော့ ပေါ့ပေါ့ပါးပါး စစ်တယ်လို့ ပြောကြသူတွေလည်း ရှိတယ်။ ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆိုရင် လိုင်စင်ဝင်တာ နှစ်ကြိမ်ရှိပြီ၊ အခုရောင်းတဲ့အချိန်မှ သူ့ကားက ဖောက်စွပ်ဖြစ်နေတာ သိတာ။ ဘာမှလုပ်လို့မရတော့ဘူး။ သူ့လို အသိမ်းခံပြီး ကညနရောက်သွားတဲ့ကားက ၂၀၀ ကျော်နေတော့ အခြားပိုင်ရှင်တွေလည်း ရင်ပူကြတာပေါ့။ ဒါပေမယ့် ရဲအရေးပိုင်ပြီး သိမ်းဆည်းသွားတာကတော့ ၁၀စီးလောက်ပဲရှိနေတာဆိုတော့ အားလုံးက မျှော်လင့်ကြတယ်လေ။ ဖောက်စွပ်တွေကိုသာ တိုက်ကြေအဖြစ် သတ်မှတ်ပေးမယ်ဆိုရင် အရှုံးလည်း မကြီးတော့ဘူးဆိုတော့ တရားမမှုနဲ့ တရားရင်ဆိုင်ရတာမျိုး၊ အတုပြုလုပ်မှုနဲ့ တရားရင်ဆိုင်ရတာမျိုးတွေထက်စာရင် ကျေအေးပေးနိုင်ကြမယ်လို့လည်း ထင်ပါတယ်" ဟု ကားဝယ်ရောင်း ကိုမျိုးသန့်စင်အောင်က ပြောကြားသည်။

ကားဈေးကွက်အရောင်းအဝယ် မကောင်းသော်လည်း ကားဈေးနှုန်းများ တန်းနေသည့်အပြင် စလစ်ဈေးမှာမူ ယာဉ်အိုယာဉ်ဟောင်း အပ်ကားနှင့် တိုက်ကြေအပ်ကားများ ရှားပါးလာနေသဖြင့် မြင့်တက်နေကြောင်း၊ အရောင်းအဝယ်မှာ ထင်သလောက် မကောင်းကြောင်း သိရသည်။ လက်ရှိတွင် သက်တမ်း နှစ် ၂၀ ယာဉ်အိုယာဉ်ဟောင်းအပ်ကားတစ်စီး၏ စလစ်သည် ငွေကျပ် ၁၃၂သိန်းဖြစ်နေပြီး ထပ်မံ၍လည်း လိုအပ်ချက်ရှိသလောက် မြင့်တက်နိုင်ကြောင်း ကားလောကသားများထံမှ သိရသည်။ ။

**ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆိုရင် လိုင်စင်ဝင်တာ နှစ်ကြိမ်ရှိပြီး အခုရောင်းတဲ့အချိန်မှ သူ့ကားက ဖောက်စွပ်ဖြစ်နေတာ သိတာ။ ဘာမှ လုပ်လို့မရတော့ဘူး။ သူ့လို အသိမ်းခံပြီး ကညနရောက်သွားတဲ့ကားက ၂၀၀ ကျော်နေတော့ အခြားပိုင်ရှင်တွေလည်း ရင်ပူကြတာပေါ့။**



**အချပ်ပို (က) မှ**

ဂျပန်နိုင်ငံမြို့တော် တိုကျိုမြို့မှာတော့ ၁၈ ဒသမ ၄ ရာခိုင်နှုန်းရှိနေပေမယ့် ရန်ကုန်မြို့မှာတော့ ၅ ဒသမ ၂ ရာခိုင်နှုန်းပဲ ရှိတယ်လို့ လမ်းဧရိယာနဲ့ မြို့ရဲ့ နယ်မြေဧရိယာ အသုံးပြုမှုဆိုင်ရာ သုတေသနပြုချက်မှာ ဖော်ပြထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ နေ့စဉ်လမ်းမတွေအပေါ် ခရီးသွားနေသူဦးရေဟာ ၂၈ သိန်းခန့်ရှိနေပြီး အဲဒီလူဦးရေထဲမှာမှ သိန်း ၂၀ ခန့်က မော်တော်ကားယာဉ်လိုင်းတွေနဲ့ ခရီးသွားနေသူတွေဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ရန်ကုန်မြို့ရဲ့ နေ့စဉ် ခရီးသွား ပြည်သူတွေအတွက် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ကလည်း ညှိနှိုင်းလုပ်ဆောင်နေပါတယ်။ မီးပွိုင့်ထိန်းချုပ်ရေးစနစ်နဲ့ ထားမလား၊ အဝိုင်းပတ်တွေဖြစ်တဲ့ ဟံသာဝတီနဲ့ ဦးထောင်ဘို အဝိုင်းတွေ ဖျက်သိမ်းမလား စတဲ့အချက်တွေကိုလည်း ဆွေးနွေးနေပေမယ့် နှစ်ချက်စလုံးမှာ အားသာချက်၊ အားနည်းချက်တွေ ရှိပါတယ်။ စည်းကမ်းမဲ့မောင်းရင် မီးပွိုင့်နဲ့ထိန်းချုပ်လို့ရသလို စည်းကမ်းအတိုင်းမောင်းရင် အဝိုင်းစနစ်က တရွေ့ရွေ့နဲ့မောင်းလို့ ပိုကောင်းပါတယ်။

ဒါကြောင့်လည်း အဲဒီအခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့၊ ယာဉ်ကြောကျပ်တည်းမှုကို လျှော့ချနိုင်ဖို့ဆိုရင်တော့ မိုးပျံလမ်းတည်ဆောက်ရေးက ပိုမိုထိရောက်တဲ့ အကောင်အထည်ဖော်မှုဖြစ်တယ်ဆိုတာ လက်ခံရမှာ ဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ ငွေကြေးရင်းနှီးမြှုပ်နှံမှုက အရေးပါတဲ့အခန်းကဏ္ဍက ရှိတယ်ဆိုပေမယ့် ဖြေရှင်းလို့ရတဲ့ နည်းလမ်းတွေရှိနေမှာ ဖြစ်တာကြောင့် စီးပွားရေးမြို့တော် ရန်ကုန်မြို့ရဲ့ မိုးပျံလမ်းစီမံကိန်း သတ်မှတ်ကာလအတွင်း အကောင်အထည်ပေါ်လာဖို့ ရန်ကုန်မြို့သူ မြို့သားတွေက စိတ်ဝင်စားစွာစောင့်မျှော်နေတာတော့ အမှန်ပါပဲ။ ။